www.burmeseclassic.com

You and Me

# ပန်းလေးပွင့်ရဲ့ ချစ်သူ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊



# မန်းလေးပွင့်ရဲ့ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၉၄၁၀၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၉၅၁၂၁၀

ပုံနှိပ်ခြင်း
၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးနှင့်ပုံနှိပ်သူ
ဦးတင်အောင်ကျော် (၀၇၀၅၃)၊ စွယ်တော်ပုံနှိပ်တိုက်
အမှတ်-၁၄၇၊ ၅၁-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ
ဦးနေမျိုး(၀၄၀၅၈)၊ နေမျိုးစာပဒေသာ၊ အမှတ် (၁)၊
သုမင်္ဂလာလမ်း၊ (၅)ရပ်ကွက်၊ တ/ဥက္ကလာ၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း
မင်းမြတ်

တန်ဖိုး
၁၅၀၀

၈၉၅. ၈၃
မျိုးကိုမျိုး
ပန်းလေးပွင့်ရဲ့ချစ်သူ / မျိုးကိုမျိုး။ -ရန်ကုန်။
နေမျိုးစာပဒေသာစာပေ၊ ၂၀၁၀။
၂၀၀ - စာ၊ ၁၃၀ × ၂၀၇ စင်တီ။
(၁) ပန်းလေးပွင့်ရဲ့ချစ်သူ

## (၁)

"ဟော့ကောင် - အောင်မြင်ကျော်. . . မင်း ငါ့အိမ်ပေါ်က ဆင်းသွား. . . မင်းမျက်နှာ ငါမမြင်ချင်ဘူး"

"ကျွန်တော်က ဘာလို့အိမ်ပေါ်ကဆင်းရမှာလဲ ဖေဖေ. . . ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ"

"ဘာအပြစ်ရှိလို့လဲ ဟုတ်လား. . . အေး - မင်းက မသိချင်ယောင်ဆောင်နေရင်လည်း ငါကပဲပြောပြရမှာပေါ့. . . သွားလေသူမင်းအမေက မင်းငယ်ငယ်လေးကတည်းကသဘောတူထားတဲ့ သည်းနုရွယ်နဲ့မင်းနဲ့ လက်ထပ်တဲ့နေ့ကျရင် သည်းနုရွယ်ရဲ့လက်မှာ သူကိုယ်တိုင်စွပ်ပေးမယ်ဆိုပြီး တယုတယထိန်းသိမ်းထားခဲ့တဲ့ စိန်လက်စွပ်ကို မင်းက ငါမသိအောင်တိတ်တိတ်လေးခိုးပြီး မင်းကောင်မကိုပေးလိုက်တာ ငါမသိဘူးများမှတ်နေလား"

"ဟာ - မဟုတ်ပါဘူး. . . ကျွန်တော်က ဘာလို့အဲဒီလိုလုပ်ရမှာလဲ"

"မင်းခုမှလာပြီး မုန်လာဥလုပ်မနေနဲ့. . . ဒီကိစ္စ ငါ့ကို သမီးသည်းနုရွယ်ကိုယ်တိုင်ဖုန်းဆက်ပြီး လှမ်းတိုင်တာကွ. . . ဒီကိစ္စကြောင့် သူ့မိဘတွေလည်း တော်တော်စိတ်ဆိုးနေကြတယ်. . . နာမည်နဲ့လိုက်အောင် လူရော၊ အသည်းရော အင်မတန်နုနယ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့သမီးသည်းနုရွယ်တစ်ယောက်လုံးနဲ့ လူကြီးချင်းကလည်းသဘောတူ . . . လူငယ်ချင်းကလည်း သဘောမျှနေပါလျက်နဲ့ လစ်ရင်လစ်သလို ဖွဲ့ဖောက်တတ်တဲ့မင်းနဲ့ သူတို့ရဲ့သမီးနဲ့ သဘောမတူနိုင်တော့ဘူး တဲ့. . . ဘယ်လောက်ရှက်ဖို့ကောင်းလိုက်သလဲ. . . အလကားကောင် . . . မိဘမျက်နှာကို အိုးမဲသုတ်တဲ့ကောင်. . . မင်းကွာ - မင်းမို့ လုပ်ရက်တယ်. . . အခုချိန်ဆို မင်းကြောင့် သမီးလည်းသည်းနုရွယ် လည်း ဘယ်လောက်များခံစားနေရရှာမလဲ. . . သူ့ခမျာ နာမည်နဲ့ လိုက်အောင် တကယ့်ကို လူကလည်း နုနုနယ်နယ်လေး. . . စိတ် ကလည်း နုနုနယ်နယ်လေးရယ်"

"မဟုတ်. . . မဟုတ်သေးဘူးလေ ဖေဖေရဲ့. . . ကျွန်တော် နဲ့ သည်း. . ."

"တော်ပြီ - မပြောနဲ့တော့. . ငါ ဘာမှမကြားချင်တော့ဘူး . . . မင်းကို သမီးလေးသည်းနုရွယ်ရော. . . သည်းနုရွယ်ရဲ့မိဘတွေ ကရော ကြည်ကြည်ဖြူဖြူနဲ့လက်ခံနိုင်တဲ့တစ်နေ့မှ ငါလည်း မင်း ကိုပြန်လက်ခံမယ်. . . ဒါပဲ"

အောင်မြင်ကျော်တစ်ယောက်တည်း ခြေဦးတည့်ရာထွက် လာရင်း ဖခင်ဖြစ်သူ၏ဒေါသတကြီးပြောဆိုသံများကိုကြားယောင်ရင်း သက်ပြင်းရှိုက်လိုက်မိသည်။

သူနှင့်ငယ်စဉ်ကတည်းကပင် နှစ်ဖက်မိဘများက အချိန်တန် အရွယ်ရောက်လျှင် ပေးစားမည်ဟုကတိခံထားသလို လူငယ်ချင်း လည်း တုန်နေအောင်ချစ်ရသည့် ချစ်သူသည်းနုရွယ်ထံသို့ ဆက်သွယ် ဖြေရှင်းဖို့ကြိုးစားသော်လည်း

"ရှင့်အသံလည်းမကြားချင်ဘူး. . . ရှင့်မျက်နှာလည်း မတွေ့ ချင်ဘူး"

ဆိုသော ချစ်သူ၏ယတိပြတ်ငြင်းဆိုမှုကိုသာ ခါးခါးသီးသီး





ကြုံရသည်။

ပို၍ဆိုးသည်က လူကလည်းနုသလို ခံစားမှုကလည်းနုလွန်း ရှာသည့် သူတို့သမီးအပေါ် အချစ်ပိုကြသည့် ယောက္ခမလောင်းများ ၏ တင်းမာခက်ထန်သောသဘောထားဖြစ်သည်။

ချစ်သူနှင့်ပြန်ပြီးအဆင်ပြေအောင် ကြိုးစားနိုင်သည့်တိုင် ယောက္ခမလောင်းများနှင့် ပြန်ပြီးအဆင်ပြေဖို့က တော်တော်နှင့်လွယ် ဦးမည်မထင်။

သူ့အပေါ် ယောက္ခမလောင်းများ၏သဘောထား ပျော့ ပြောင်းလာပြီး ပြန်လည်လက်ခံနိုင်သည့်အခါမှသာ ဖခင်အရင်း ခေါက်ခေါက်ကြီးကလည်း အိမ်ပေါ်ပြန်တက်ခံမည်ဟု တစ်ချက်လွှတ် အမိန့်ထုတ်ပြန်ထားသည်ဆိုတော့. . .

အောင်မြင်ကျော် ဘယ်နေရာမှန်းမသိသောလမ်းကိုလျှောက် လှမ်းရင်း ဘယ်နှကြိမ်မြောက်မှန်းမသိသောသက်ပြင်းကို ရှိုက်လိုက်မိ ပြန်လေသည်။

"ဟူး. . ."

အောင်မြင်ကျော် ထိုသို့နောက်ကြောင်းပြန်တွေးမိရင်း စိတ်နှင့်လူနှင့်မကပ်ဘဲ ခြေဦးတည့်ရာလျှောက်လာချိန်မှာပင် ကား မောင်းရင်းပွမ်လာသောမြတ်မမက သူငယ်ချင်းများနှင့် ရန်လှည့် ဖြစ်နေတာနဲ့ပဲ လမ်းဖြတ်ကူးလာသည့်အောင်မြင်ကျော်ကို သတိ မထားမိ။

ရှေ့အဆင်းထိတ်လန့်တကြားလှမ်းသတိပေးလိုက်သော် လည်း အချိန်မမီတော့

"ဟဲ့ - ရှေ့မှာ လူ. . လူ"

"ကျွီ"

"ဒုံး"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး"

"ဟာ - သွားပြီ. . . တိုက်မိသွားပြီ. . . သေပြီလားမသိဘူး . . . ဒုက္ခပါပဲ"

မြတ်မမလည်း

သတိပေးသံများ ထိတ်လန့်တကြားအသံများကြားရခါမှ ကားဘရိတ်ကိုအလျင်အမြန်အုပ်လိုက်မိသည်။ သို့သော် နောက်ကျသွားလေပြီ။ ကြောက်ပြီး စုံမှိတ်ထားမိသောမျက်လုံးကို ကြိုးစားဖွင့်ကြည့်လိုက်သည့်အခါမှာတော့ ကားရှေ့တွင် ဆန့်ဆန့်ကြီးလဲနေသော လူငယ်တစ်ယောက်ကိုတွေ့ရသည်။

"အဲဒါ. . အဲဒါပြောတာပေါ့. . .နင်က ထစ်ခနဲရှိ စိတ်တိုနေဖို့ပဲတတ်တယ်. . . အဲလို ဘာမှမမြင်ဘဲ ဒေါသချည်းပဲဖြစ်နေလို့ ခုလိုမဖြစ်သင့်တာဖြစ်ရတာ"

"မဟုတ်ဘူး. . . အဲဒါ နင်တို့အသုံးမကျလို့. . . နင်တို့နဲ့ စကားများနေရလို့ဖြစ်ရတာ. . . ဒီကိစ္စမှာ ငါတစ်ယောက်တည်း အပြစ်ရှိတာမဟုတ်ဘူး. . . နင်တို့လည်းအပြစ်ရှိတယ်. . . အဖမ်းခံရင် အတူတူအဖမ်းခံရမှာပဲ"

"ကဲပါ. . . အခုချိန်မှာ အဲဒါတွေပြောနေလို့ အရေးမပါပါဘူး. . . ကားတိုက်ခံရတဲ့လူရဲ့အခြေအနေကို ဆင်းပြီးကြည့်ရအောင်"

"အေး - ဟုတ်တယ်. . . ကြည့်ရတာတော့ သေဖို့များတယ်ထင်တာပဲ"

ပျိုပျိုခင်လည်း ထစ်ခနဲရှိ သေဖို့များတယ်ချည်းပဲပြောနေသော ရွှေအဆင်းကို မျက်စောင်းတစ်ချက်ထိုးကြည့်ပြီးနောက် ကားပေါ်မှဦးဆောင်ဆင်းလေသည်။

ပျိုပျိုခင် ကားပေါ်မှဆင်းသည်နှင့် ကျန်သုံးယောက်လည်း ကြောက်ကြောက်လန့်လန့်နှင့် ကားပေါ်မှလိုက်ဆင်းပြီး ကားတိုက်ခံ





ရပြီး လဲနေသူအနီးသို့ မဝံ့မရဲချဉ်းကပ်ကြည့်ကြသည်။

"ဟဲ့ - ကြည့်ရတာ ဆိုးဆိုးဝါးဝါးတော့ဖြစ်ဟန်မတူဘူး. . . ဘာသွေးစသွေးနမှမတွေ့ရဘူး သိလား"

"ဩော် - နင်ကလဲ. . . ဒါမျိုးက သွေးထွက်မှရယ်မဟုတ်တာ. . . အတွင်းကြေဆိုတာမျိုးကရှိသေးတယ်လေ. . . ဟုတ်ပါတယ်. . . ငါထင်တာမမှားဘူးဆိုရင်တော့ အတွင်းကြေကြေပြီး သေနေလောက်ပြီ"

"ဟာ - နင့်ပါးစပ်ပုပ်ကြီးကလဲ. . . အလကားနေရင်း သေခိုင်းနေတာပဲ. . . ငါစမ်းကြည့်ပါဦးမယ်"

"ဟင် - နင်က ဘယ်ကိုသွားစမ်းကြည့်မှာလဲ"

"ဘယ်စမ်းကြည့်ရမှာလဲ. . . နှလုံးခုန်သေးလား၊ မခုန်တော့ဘူးလားဆိုတာ စမ်းကြည့်ရမှာပေါ့ဟဲ့"

ပျိုပျိုခင် ပြောရင်းဆိုရင်း လူတတ်ကြီးလုပ်ကာ ကားတိုက်ခံရသူ ဝဲဘက်ရင်ဘတ်ကို မဝံ့မရဲစမ်းကြည့်ရန်ပြင်သည်။ ပြီးမှ ဆေးမလူးဘဲ ဘာကိုမှကိုင်လေ့မရှိသော သူ့အကျင့်အတိုင်း လက်ကိုပြန်ရုတ်မိလေသည်။ ရွှေအဆင်းက

"ဟဲ့ - စမ်းမယ်ဆိုစမ်းလေ. . . ဘာလုပ်နေတာလဲ"

"နေဦး. . . ငါ သူ့ကိုအရမ်းကိုင်လို့မရဘူး. . . လက်ကို Hand Gel လူးလိုက်ဦးမယ်"

"ဟာ - အရေးထဲမှ နင်ကလဲ. . . ဇီဇာကြောင်စရာမရှိ ကြောင်နေပြန်ပြီ. . . ဒီမှာ တကယ့်သေရေးရှင်ရေးကြုံနေရတဲ့ဟာကို"

"အေးလေ - သူ့ကို ဗူဇူဇီလာလို့နာမည်ပေးထားတာ နည်းတောင်နည်းသေးတယ်. . . တကယ်ပဲ အာရုံကိုနောက်တယ်"

သူငယ်ချင်းများဝိုင်းပြီးကောကြခါမှ ပျိုပျိုခင်လည်း လက်မှာ ပိုးသတ်ဆေးလူးမည့်အစီအစဉ်ကိုလက်လျှော့ကာ အောင်မြင်ကျော်၏



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ကိုစမ်းရသည်။

ကျန်သုံးယောက်လည်း ပျိုပျိုခင်နှင့် ကားတိုက်ခံရသူ အောင်မြင်ကျော်ကို မျက်တောင်မခတ် စိတ်လှုပ်ရှားစွာစိုက်ကြည့်နေကြသည်။

ရင်ဘတ်ကိုစမ်းနေရင်းမှ ယောင်ယောင်လေးပြုံးလာသော ပျိုပျိုခင်၏မျက်နှာကိုကြည့်ပြီး ရှုမဝ၊ ရွှေအဆင်းနှင့် မြတ်မမတို့လည်း မျှော်လင့်ချက်ရှိလာဟန်ဖြင့် မျက်လုံးလေးတွေအရောင်တောက်လာကြသည်။

ပျိုပျိုခင်လည်း အားတက်လာလျှက် လက်နှင့်စမ်းရုံနှင့် မကျေနပ်နိုင်သေးဘဲ ရင်ဘတ်မှာနားကပ်ပြီး စမ်းကြည့်ပြန်သည်။

"ဒုတ် ဒုတ် ဒုတ် ဒုတ်"

ဆိုသော နှလုံးခုန်သံကို အတိုင်းသားကြားရသည့်အခါမှာတော့ မျက်နှာကြီးပီပီသသပြုံးလာလျှက်

"ဟဲ့ - သူ. . သူ နှလုံးခုန်နေတယ်. . . သူမသေသေးဘူးသိလား"

ဟူ၍ ဝမ်းသာအားရပြောရာ မြတ်မမတို့လည်း မျက်နှာလေးတွေဝင်းပသွားတော့သည်။ ရှုမဝက

"ဟဲ့ - ဒါဆိုလည်း သူ့ကိုမြန်မြန်ကားပေါ်တင်ပြီး ဆေးရုံပို့ရအောင်လေ"

ဟုသတိပေးရာ ရွှေအဆင်းက

"အေး - ဟုတ်တယ်. . . လာ လာ. . . ဝိုင်းမကြရအောင်"

ဟူ၍ဆိုရင်း ကားတိုက်ခံရသူလူငယ်ကိုမဖို့ ဦးဆောင်ပြင်ဆင်လေသည်။ ပြီးမှ တစ်စုံတစ်ခုကိုစဉ်းစားမိဟန်ဖြင့် လက်ကိုပြန်ရုတ်လိုက်လေရာ မြတ်မမလည်းစိုးရိမ်သွားလျှက်

"ဟဲ့ - ဘာ. . ဘာဖြစ်လို့လဲ"





"ဘာဖြစ်ရမှာလဲ. . . သူ့ကို တို့ဆေးရုံပို့ရင် တို့တွေကားတိုက်မှုနဲ့ အဖမ်းခံရမှာပေါ့ဟဲ့"

"အေးဟဲ့ - ဒါ. . ဒါလည်းဟုတ်သားပဲ"

"ဟင် - ဒါ. . ဒါဆို တို့ဘာလုပ်ကြမလဲဟင်"

ကားတိုက်မှုဖြင့် အဖမ်းခံရမည်ဆိုတာကိုတွေးမိသွားသည်နှင့် မချောလေးယောက်လည်း မျက်နှာလေးတွေ ပိစိကွေးလေးတွေဖြစ်သွားကြရသည်။ ဘာဆက်လုပ်ရမှန်းမသိသလို တစ်ယောက်ကိုတစ်ယောက် ပြူးကြောင်ကြောင်ဖြင့်ကြည့်မိကြသည်။ လေးယောက်ခလုံး၏မျက်နှာမှာ ကြောက်ရွံ့စိုးရိမ်စိတ်တွေလွှမ်းနေသည်ကို အတိုင်းသားတွေ့နေရသည်။ ပြီးမှ ဦးစွာသတိဝင်လာသူ ရှုမဝက

"ဟဲ့ - ဒါဆိုရင်လည်း တို့တွေ ဒီအတိုင်းထိုင်ကြည့်နေလို့မဖြစ်ဘူးလေ. . . ဘယ်သူမှမရိပ်မိခင် ထွက်ပြေးကြရအောင်"

ဟုသတိပေးရင်း နေရာမှထဟန်ပြုလေသည်။ ကျန်သုံးယောက်လည်း ရှုမဝပြောသည့်အတိုင်း ယောင်ပေါင်ပြီး နေရာမှထမိကြလေသည်။ သို့သော် ခြေမလှမ်းခင်မှာပင် ရွှေအဆင်းက တစ်စုံတစ်ခုစဉ်းစားမိဟန်ဖြင့်

"အဲ - နေဦးဟဲ့. . . တော်ကြာ တို့ထားခဲ့လို့သူသေသွားရင် တို့အမှုက ပိုကြီးနေဦးမယ်. . . ဒီမှာ သူ့ကိုတို့ကားနဲ့တိုက်မိတာ တစ်ယောက်မဟုတ်တစ်ယောက်မြင်ရင်လည်း မြင်သွားနိုင်တာ"

ဟူ၍ သတိပေးခါမှ အားလုံးလည်း ဟုတ်သားပဲဆိုသောအတွေးဖြင့် ထိုသူ၏ဘေးတွင် ငုတ်တုတ်ပြန်ထိုင်လိုက်ကြ၏။

ကားတိုက်မိတဲ့ အဓိကတရားခံ ကားမောင်းသူမြတ်မမက အခြားသူများထက် အိန္ဒြေပျက်ကာ စိုးရိမ်ပူပန်မှုပိုနေရလေသည်။

"တို့ ဘာလုပ်ကြမှာလဲ. . . ဒီအတိုင်းပဲ သူ့ကိုဝိုင်းထိုင်ကြည့်နေကြတော့မှာလား. . . တစ်ခုခုစဉ်းစားကြစမ်းပါဦးဟဲ့. . . ငါတော့



www.burmeseclassic.com

www.burmeseclassic.com



ထူပူနေလို့ ဘာမှစဉ်းစားလို့မရဘူး"

"မထူးပါဘူးဟယ်. . . သူ့ကို ဒီမှာလည်းထားခဲ့လို့မရ. . . ဆေးရုံဆေးခန်းလည်း ပို့လို့မရမယ့်တူတူတော့ အိမ်ပဲခေါ်သွားကြရအောင်. . . အိမ်ရောက်မှ တစ်ခုခုကြည့်စီစဉ်ကြတာပေါ့. . . ဒီမှာလည်း ကြာရင် တစ်ယောက်မဟုတ်တစ်ယောက်တွေ့ပြီး ရဲစခန်းကို အကြောင်းကြားမှဖြင့် တို့လေးယောက်လုံး သံတိုင်ကြားကို တန်းရောက်သွားဦးမယ်. . . ကဲ ကဲ - ဝိုင်းမကြ. . . ကားထဲကိုမြန်မြန်သွင်းလိုက်ကြရအောင်"

ပျိုပျိုခင်က အခြေအနေကို ပိုင်နိုင်စွာစဉ်းစားသုံးသပ်မိဟန်ဖြင့် ပြောဆိုလိုက်ပြီး ဆုံးဖြတ်ချက်ချလေရာ ကျန်သုံးယောက်လည်း ပျိုပျိုခင်နှင့် တစ်သဘောတည်းဆောင်လျှက် ကားတိုက်ခံရသူအောင်မြင်ကျော်အား ဝိုင်းမကြလေသည်။

သို့သော် ပျိုပျိုခင်က ဝိုင်းမ,မဘဲ ကားဆီသို့အရင်ပြေးသဖြင့်

"ဟဲ့ - ပူပူဇီလာ ဘာလုပ်ပြန်ပြီလဲ. . . ဒီမှာ ဝိုင်းမမဘဲနဲ့"

"နေဦး. . . လက်ကို Hand Gel သွားလူးလိုက်ဦးမယ်"

"ဟာ - လုပ်ပြန်ပြီ. . . သေသာသေလိုက်ချင်တော့တယ် . . . အရေးထဲမှာ"

"ကဲ ကဲ - အဲဒါဆိုလည်း တံခါးသာအဆင်သင့်ဖွင့်ထားပြီး ကားထဲကစောင့်နေတော့. . . ရောက်လာမှ ကားထဲကဝိုင်းဆွဲပေး"

အားလုံးလည်း ပျိုပျိုခင်ကိုလက်လျှော့ပေးလိုက်ပြီး ကားတိုက်ခံထားရသူကို သုံးယောက်အားနဲ့ ကားဆီသို့ဝိုင်းမလာရသည်။ ပြီး ကားထဲသို့အလျင် အမြန်သွင်းပြီး ကားကိုအလျင်အမြန်မောင်းထွက်သွားကြရလေသည်။

(၂)

"အား ကျွတ် ကျွတ်"

အောင်မြင်ကျော်လှဲနေရာမှ လူးလွန့်လာသည်ကိုတွေ့သည်နှင့် ပျိုပျိုခင်က

"ဟယ် - ဟိုမှာ သူ. . သူသတိရလာပြီ"

ဟု အားရဝမ်းသာအော်လေသည်။ ထိုအခါ ပါးစပ်ပွစိပွစိဖြင့် ဘုရားစာတွေတစ်ပုဒ်ပြီးတစ်ပုဒ်ရွတ်ဆိုဆုတောင်းနေသော မြတ်မမ၏မျက်လုံးအစုံလည်း အရောင်တောက်သွားရသည်။

"မောင်. . မောင်လေး သတိရလာပြီလားဟင်"

"နေဦး နေဦး. . . အရမ်းမထနဲ့ဦး. . . အသာလေးလှဲနေလိုက်ဦးနော်"

ရွှေအဆင်းနှင့်ရှုမဝလည်း အောင်မြင်ကျော်လှဲနေသော ခုတင်တစ်ဖက်တစ်ချက်မှာထိုင်ပြီး အစွမ်းကုန်ပြုံးပြကာ ဂရုစိုက်ပြကြရလေသည်။

အောင်မြင့်ကျော် မျက်လုံးကိုကြိုးစားဖွင့်ကြည့်ပြီးနောက် ပျိုပျိုခင်၊ မြတ်မမ၊ ရွှေအဆင်းနှင့် ရှုမဝတို့ကို တစ်ယောက်ချင်းစီကြည့်၏။ သူတို့လေးယောက်ကလည်း တစ်ယောက်ချင်းစီပြန်ရယ်ပြကြ၏။

အောင်မြင်ကျော်လည်း ပြန်ရယ်ပြလေသည်။ ပြီးမှ လှဲနေရာ

ဩ ရ သ စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



မှ ဆတ်ခနဲထပြီး တစ်ယောက်ချင်းစီအား လက်ညှိုးထိုးကာ

"ခင်ဗျား. . ခင်ဗျား. . ခင်ဗျား. . ခင်ဗျား. . . ခင်ဗျားတို့ ဘယ်သူတွေလဲ"

"ဩော် - တို့နာမည်က ပျိုပျိုခင်ပါ"

"တို့နာမည်ကတော့ မြတ်မမတဲ့"

"တို့နာမည်က ရွှေအဆင်းပါ"

"တို့က ရှုမဝ"

"ဩော် - ဟုတ်ကဲ့. . . ခုလိုတွေ့ရတာ ဝမ်းသာပါတယ်"

"ဩော် - အေး အေး. . . ဝမ်းသာပါတယ်"

အောင်မြင်ကျော်ကို တစ်ယောက်ချင်းစီလက်ဆွဲနှုတ်ဆက်ပြီး ဝမ်းသာစကားဆိုကြသည်။

ပျိုပျိုခင်တို့လည်း အောင်မြင်ကျော်၏အခြေအနေကောင်းသဖြင့် ဝမ်းသာမည်ကြံရုံရှိသေးသည်။ ဆက်ပြောလာသောစကားကြောင့် ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

"ဒါနဲ့ ကျွန်တော်ကရော ဘယ်သူလဲဟင်"

"ဘာ. . ဘာဖြစ်တယ်"

"ဩော် - ကျွန်တော့်နာမည်ကိုမေးတာလေ. . . ကျွန်တော့်နာမည် ဘယ်လိုခေါ်သလဲလို့"

"ဘုရားရေ"

"နောက်ပြီး ကျွန်တော်က မမတို့ဆီ ဘယ်လိုရောက်နေတာလဲ. . . မမတို့နဲ့ကျွန်တော်နဲ့က ဘယ်လိုကဘယ်လိုပတ်သက်နေလို့လဲ"

"မင်း. . မင်း. . . တကယ်ကို ဘာမှမသိတော့ဘူးလား"

"ဟင့်အင်း - မသိဘူး. . . ဒါကြောင့် သိချင်လို့ မမတို့ကို မေးနေတာလေ"

"ဘုရားရေ"





ပျိုပျိုခင်တို့လေးယောက်သား ဘုရားတပြီး တစ်ယောက်ကို တစ်ယောက်ကြည့်မိကြသည်။ ထို့နောက် မြတ်မမက

"ကဲပါလေ. . . အခုတော့ ဘာမှမတွေးပါနဲ့ဦး. . . နားနားနေနေသာ နေပါ. . . အချိန်တန်တော့ သိချင်တာတွေအားလုံး သိလာမှာပေါ့ကွာ"

ဟူ၍ ကြည့်ကောင်းအောင်ပြောပြီးနောက် ကျန်သုံးယောက်ကိုမျက်ရိပ်ပြခေါ် ထုတ်လာလေသည်။

ပျိုပျိုခင်၊ ရွှေအဆင်းနှင့် ရှုမဝတို့လည်း အလျှိုလျှိုထ-ကာ နောက်မှလိုက်လာပြီး ဧည့်ခန်းရှိဆိုဖာတွင် အသီးသီးဝင်ထိုင်ကြလေသည်။ ရှုမဝက မအောင့်အီးနိုင်တော့ဘဲ

"ကောင်လေးကြည့်ရတာ အတိတ်မေ့သွားတာထင်တယ် . . . အဲဒါ တို့ဘာဆက်လုပ်ကြမလဲဟင်"

ဟူ၍ စိတ်ပူစွာစကားပြောလေသည်။ ရွှေအဆင်းက

"အေးဟာ - ခက်တာပဲ. . . သူ့ဆီမှာလည်း မှတ်ပုံတင်တို့ ကျောင်းသားကတ်တို့လိုမျိုးဟာ တစ်ခုခုပါရင်တော့ သူ ဘယ်သူ ဘယ်ဝါ. . . ဘယ်ဆီကဆိုတာ သိရမှာပဲ. . . အခုဟာက အထောက်အထားမပါတာ တကယ့်ပြဿနာပဲ"

မြတ်မမလည်း အိန္ဒြေရရမထိုင်နိုင်ဘဲ

"ပြဿနာက တကယ့်ကိုအကြီးကြီးပဲ. . . ဘယ်ကလာလို့ ဘယ်ကိုသွားမယ်မှန်းမသိတဲ့ လူစိမ်းတစ်ယောက်ကို အိမ်ပေါ်ခေါ်တင်ထားရတာ လွယ်တာမဟုတ်ဘူး. . . နောက်ပြီး သူက အတိတ်မေ့နေတဲ့ဝေဒနာရှင်ဆိုတော့ ပြောဆိုဆက်ဆံရတာလည်း တော်တော်လက်ပေါက်ကပ်မယ့်ကိစ္စတွေ အများကြီးပေါ်လာနိုင်တယ်. . . ဒါကြောင့် ငါစဉ်းစားမိတာကတော့ သူ့ကိုတစ်နေရာရာခေါ်သွားပြီး မယောင် မလည်နဲ့ထားခဲ့ရင် ကောင်းမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မြတ်မမစကားကို ရွှေအဆင်းနှင့်ရှုမဝက သဘောတူဟန်ဖြင့် ခေါင်းညိတ်မည်ပြုစဉ် ပျိုပျိုခင်ကတွေးတွေးဆဆဖြင့် ဝင်တားသည်။

"ဟဲ့ - ဒီလိုလုပ်လို့ဘယ်ဖြစ်မလဲ. . . သူ ခုလိုဖြစ်သွားရတာက တို့ကြောင့်ဖြစ်သွားရတာလေ. . . တို့မှာတာဝန်ရှိတာပေါ့. . . နောက်ပြီး သူသတိရတဲ့အချိန်မှာ သူသိတာဆိုလို့ တို့မျက်နှာတွေနဲ့ တို့နာမည်တွေပဲရှိတယ်. . . အဲဒါကို နင်ပြောသလိုလုပ်လိုက်လို့ ကိစ္စက အေးအေးဆေးဆေးပြီးသွားရင် ကောင်းရဲ့. . . တော်ကြာ မပြီးဘဲ အမှုက ပိုကြီးသွားမှခက်ဦးမယ်"

ပျိုပျိုခင်စကားကလည်း ယုတ္တိရှိသဖြင့် အားလုံးလည်း ဘာဆက်ပြောရမှန်းမသိဘဲဖြစ်သွားရသည်။ ထိုအချိန်မှာပင် သူမတို့လေးယောက်ပြောသမျှ စိတ်ပူစွာနားထောင်နေသောဒေါ်ညိုက

"ဒေါ်ညို့သဘောကတော့ကွယ်. . . ကောင်လေးက အတိတ်မေ့ဝေဒနာရှင်လည်းဖြစ်နေပြန်. . . နောက်ပြီး ကြည့်ရတာလည်း လူရည်မွန်လေးပါ. . . ရမ်းရမ်းကားကား မဟုတ်တရုတ်ထဲက ဖြစ်ဟန်မတူပါဘူး. . . ဒါကြောင့် လောလောဆယ်သူ့ကိုအိမ်မှာ ဒီအတိုင်းဆက်ထားပြီး စောင့်ကြည့်စေချင်တယ်. . . နောင်မှ သူ့အခြေအနေကြည့်ပြီး တစ်မျိုးတစ်မည်စဉ်းစားကြတာပေါ့. . . ဘာမှမပူပါနဲ့. . . ဒေါ်ညိုလည်းရှိနေတာပဲ"

ဟူ၍ဝင်ပြောရာ အားလုံးလည်း

"အင်း - ဒါလည်းဟုတ်တာပဲ"

ဟုခေါင်းညိတ်ပြီး ဒေါ်ညိုပြောသည့်အတိုင်းပင်လက်ခံရန် ဆုံးဖြတ်လိုက်ကြလေသည်။

(၃)

"မမ မင်္ဂလာပါ"

မနက်မိုးလင်း အိပ်ရာမှနိုးသည်နှင့် အောင်မြင်ကျော်ကို တက်ကြွရွှင်လန်းစွာတွေ့ရသဖြင့် ပျိုပျိုခင်၊ မြတ်မမ၊ ရွှေအဆင်းနှင့် ရှုမဝတို့ တစ်မျိုးစိတ်အေးသွားကြရသည်။

"အေး - မင်္ဂလာပါကွယ်"

ရည်မွန်ယဉ်ကျေးသော အောင်မြင်ကျော်၏ကိုယ်နှုတ် အမူအရာကိုလည်း ဘဝင်ကျမိကြပြန်သည်။

သူမတို့လေးယောက် အလုပ်သွားဖို့ပြင်ကြတော့လည်း

"ပေး - မမ. . . ကျွန်တော့်ကိုပေး. . . ကျွန်တော်သယ်ပေးမယ်"

ဆိုပြီး သူမတို့၏ပစ္စည်းပစ္စယများကို ကူသယ်ပြီး ကားပေါ်တင်ပေးပြန်သည်။

"ကြည့်ရတာ ဒီပုံအတိုင်းဆိုရင် အတိတ်မေ့နေတာကလွဲလို့ သူ့ကျန်းမာရေးကစိတ်ချရပါတယ်"

"အေးဟ - အိမ်မှာ ဒေါ်ညိုနဲ့နှစ်ယောက်တည်းထားခဲ့လို့ အန္တရာယ်ရှိမယ့်ပုံ မပေါ်လောက်ပါဘူး"

"ဟုတ်ပါတယ်. . . သူ့ကြည့်ရတာ လူကောင်းသူကောင်း

ဩ ရ သ စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



လေးပါ. . . ပြောတာဆိုတာလည်း ရည်ရည်မွန်မွန် သိမ်သိမ်မွေ့မွေ့ ရှိတယ်"

"ဟုတ်တယ်. . . လူ့အရိပ်အကဲကြည့်တတ်ပြီး အလိုက်လည်းသိတယ်"

ဟု အချင်းချင်းပြောရင်း အောင်မြင်ကျော်အား အမှတ်တွေ မပေးဘဲမနေနိုင်ကြပြန်။ ထို့ကြောင့်လည်း သူ့ကို အိမ်မှာထားခဲ့ဖို့ စိတ်အေးသွားကြသည်။

အပြင်သွားဖို့ မြတ်မမကားစက်နှိုးမရဘဲဖြစ်နေသည်ကို

"မမ ကျွန်တော်ကားတွန်းပေးမယ်. . . စက် နှိုးကြည့်"

ဆိုပြီး ကားနောက်မြီးမှ ကားတွန်းပေးသဖြင့် ကားစက်ကိုနှိုးလို့ရသွားရာ မြတ်မမက

"ကဲ - ချာတိတ်. . . ကျေးဇူးပဲနော်. . . တို့အလုပ်သွားလိုက်ဦးမယ်. . . မင်း အိမ်မှာပဲ နားနားနေနေနေခဲ့. . . စားချင်တာရှိရင် ဒေါ်ညို့ကိုပြော. . . ဒေါ်ညိုလုပ်ပေးလိမ့်မယ်"

"ဟုတ်ကဲ့ မမ"

"ကဲ - ဒေါ်ညို. . . မြတ်တို့သွားမယ်နော်. . . ကောင်လေးကို ဂရုစိုက်လိုက်ပါဦး"

"အေးကွယ် - စိတ်အေးအေးသွားပါ. . . ဒေါ်ညိုရှိပါတယ်"

အောင်မြင်ကျော် မြတ်မမတို့ကို လက်ပြနှုတ်ဆက်ကျန်ခဲ့ပြီးနောက် ဒေါ်ညိုက ခြံတံခါးပိတ်သည်ကို

"နေ နေ. . ရတယ်. . . ကျွန်တော်ပိတ်လိုက်ပါ့မယ်"

ဟုဆိုပြီး သွက်သွက်လက်လက်နှင့် ခြံတံခါးကိုပိတ်ပေးလိုက်သည်။ ထို့နောက် ဒေါ်ညိုအနားသို့သွားကာ

"ဒေါ်ညို. . . သိချင်တာလေးရှိလို့ ကျွန်တော့်ကိုပြောပြပါလား"





"ဘာလဲ - မောင်ရင်လေးက ဘာသိချင်လို့လဲ. . . မေးလေ . . . ဒေါ်ညိုပြောပြမယ်"

"ဩော် - တခြားတော့မဟုတ်ပါဘူး. . . ဒီအိမ်ပိုင်ရှင် မမတွေကိုကြည့်ရတာ သဘောကောင်းတဲ့ပုံပဲနော်"

"ကောင်းတာပေါ့ကွယ်. . . လေးယောက်စလုံး ရုပ်ကလေးတွေကလည်းလှသလို စိတ်စေတနာကလည်း အင်မတန်ကောင်းကြတာပဲလား . . . နို့ နေပါဦး. . . မင်းက ဘာသိချင်တာတုန်း"

"ဟိုလေ စပ်စုတာတော့မဟုတ်ပါဘူး. . . အဲဒီမမလေးယောက်အကြောင်းနဲ့ပတ်သက်ပြီး သိသင့်သိထိုက်တာလေးတွေ သိထားရင် ကျွန်တော်လည်း ဒီမှာနေရတာ ပိုပြီးအဆင်ပြေမလားလို့ပါ"

"ဩော် - ဟုတ်ပြီ ဟုတ်ပြီ. . . မှန်တာပေါ့. . . မင်းအနေနဲ့ သူတို့အကြောင်းကိုသိထားတော့ သူတို့နဲ့ အခက်အခဲမရှိပြောဆိုဆက်ဆံနိုင်ပြီး ဒီအိမ်မှာမှီခိုနေထိုင်ရတဲ့အခိုက်မှာလည်း မင်းအတွက် ပြဿနာနည်းပြီး အဆင်ပြေပြေရှိနိုင်တာပေါ့ကွယ်"

"ဟုတ်ပါတယ်. . . ကျွန်တော်ကလည်း အဲဒီသဘောနဲ့ပဲ သိချင်တာပါ"

"ကောင်းပါပြီ. . . ဒါဆိုရင်လည်း ဒေါ်ညိုပြောပြပါ့မယ်. . . အင်း - ပြောရရင် သူတို့လေးယောက်က တက္ကသိုလ်တက်ဖို့ အဆောင်တစ်ဆောင်မှာအတူနေဖြစ်ရင်း သူငယ်ချင်းအရင်းကြီးတွေ ဖြစ်လာကြတာပဲ. . . တစ်ယောက် အကြောင်းတစ်ယောက်နားလည်ပြီး တစ်ယောက်နဲ့တစ်ယောက်လည်း အရမ်းချစ်ကြတဲ့အတွက် ကျောင်းပြီးတာတောင် ကိုယ့်နယ်ကိုယ်မပြန်ကြတော့ဘဲ ဒီတစ်အိမ်မှာပဲအတူစုနေပြီး ဒီကားတစ်စီးကိုပဲ အတူစီးကြတဲ့ အထိဆိုပါတော့"

ဒေါ်ညိုလည်း စကားကိုခဏရပ်ပြီး သူမတို့လေးယောက်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းတရားကို လေးစားဘဝင်ကျဟန်ဖြင့် တစ်ချက်ပြုံးလိုက်သေးသည်။ ပြီးမှ

"အင်း - ပိုပြီးပြည့်ပြည့်စုံစုံသိဖို့ဆိုရင်တော့ ဒေါ်ညိုသိထားသလောက် သူတို့တစ်ယောက်ချင်းစီရဲ့အကြောင်းတွေကို ပြောပြပါ့မယ်"

"ဟား - သိချင်တာပေါ့ ဒေါ်ညိုရယ်. . . ပြောသာပြောပါ'

"အိမ်း - ဒီလိုကွယ့်. . . ဒီလို. . . "





## ပျို့ပျို့ခင်

မော်လမြိုင်သူ ပျို့ပျို့ခင်ဆိုတာကလည်း ခေသူတော့မဟုတ်ပါပေ။

မျက်နှာဝိုင်းဝိုင်း၊ အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည်ပြည့်ပြည့်လေးနှင့် အများကြားမှာရောက်နေရင်တောင် ထင်းခနဲဖြစ်အောင် ပေါ်လွင်လှပသူဖြစ်သည်။ အထူးသဖြင့် သူမ၏ဝိုင်းဝိုင်းစက်စက် ငွေလမင်းလိုမျက်နှာလေးက ပြုံးလိုက်ရယ်လိုက်လျှင် ချိုပြီးချစ်စရာကောင်းလွန်းလှသည်။

ထို့ကြောင့် တက္ကသိုလ်တက်စဉ်ကာလတစ်လျှောက် ပိုးသူပန်းသူ ချစ်ရေးဆိုသူတွေ တစ်ပုံတစ်ပင်ရှိခဲ့ဖူးသည်။

ကြည့်လိုက်ရင် မျက်နှာလေးကချိုပြီး သဘောမနောကောင်းမည့်ရုပ်ဆိုပြီးလျှော့တွက်ကာ ရည်းစားစကားလိုက်ပြောမည်မကြံလေနှင့်။ လွယ်လွယ်နှင့် မရဘူးဆိုတာကို သဘောပေါက်သွားကြရသည်သာဖြစ်သည်။

ပျို့ပျို့ခင်က ငယ်ငယ်လေးကတည်းက အင်မတန်အသန့်ကြိုက်ပြီး ဇီဇာကြောင်သည်။

ထိုသို့သော ပျို့ပျို့ခင်ဆိုသည့် အသန့်ကြိုက်မ၊ ဇီဇာကြောင်မလေးကိုမှ အသည်းအသန်ချစ်ကြ ကြိုက်ကြ လိုက်ကြသူတွေထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ဒွဲဆုပေးရမည့်ပုဂ္ဂိုလ်နှစ်ယောက်ကတော့ မင်းဘူးသားသက်ထွေးနှင့် အောင်လံသားကျော်စိုးတို့ပဲဖြစ်ကြသည်။

သူတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် အလစ်မပေးဘဲ ပျိုပျိုခင်အပါး အနီးဆုံးချဉ်းကပ်နိုင်ဖို့ အမြဲတမ်းချောင်းမြောင်းနေသူတွေဖြစ်သည်။

"ဟိတ် - ပျိုလေး. . . ခဏလောက် တို့ကိုစကားပြောခွင့်ပြုပါ"

ပျိုပျိုခင် အင်းလျားကန်ဘောင်ကိုလမ်းလျှောက်ထွက်မည်ကြံရုံရှိသေးသည်။ ဘယ်အချိန်ကတည်းကချောင်းနေမှန်းမသိရအောင် အနားကိုလှစ်ခနဲရောက်လာသော ကျော်စိုးကိုတွေ့ရသည်။

အနားလာရပ်ပြီး အသားကုန်ပြုံးပြထားသောကျော်စိုး ငါးခူမျက်နှာကိုတစ်ချက်ကြည့်ပြီး ပျိုပျိုခင်စိတ်ပိန်သွားလျှက် ခေါင်းကုတ်လိုက်မိသည်။

"ဟင် - ဒုက္ခပါပဲ"

"ဩော် - တွေ့ချင်မြင်ချင်လွန်းလို့ တကူးတကရောက်လာတဲ့သူကို အမောဆို့ရအောင် စိမ်းကားတဲ့စကားလုံးတွေသုံးပြီး ဥပေက္ခာတံတိုင်းကြီး မကာရံလိုက်ချင်စမ်းပါနဲ့လား ပျိုလေးရယ်. . . ဒီကကောင် ခံစားရလွန်းလို့ပါ"

ကဗျာကြောင် စာကြောင်ဒိုင်တွေခင်းပြီး ထုံးစံအတိုင်း ရင်ဖွင့်မြားတွေ တရစပ်ပစ်လွှတ်တော့မည့် ကဗျာရူးစာရူးရုံသာမက အချစ်ရူးပါရူးနေပြီဖြစ်သည့် ကျော်စိုးရန်မှ လွတ်ရာလွတ်ကြောင်းလမ်းစကို ထုံးစံအတိုင်း ပျိုပျိုခင်ရှာဖို့ကြံရပြန်သည်။

ကြံရပါများလွန်းလို့ အသစ်တွေသိပ်ပြီးထပ်မထွက်ချင်တော့။ ထိုအချိန်မှာပင် ကံကောင်းထောက်မစွာလို့ဆိုရမည်လား၊ ကံနှစ်ထပ်ဆိုးကိန်းဆိုက်သည်လို့ပဲ ပြောရမည်လားမသိ။





"ဟိတ် - ကောင်မလေးကိုလွှတ်လိုက်"

ဆိုသော ခေတ်ဟောင်းရုပ်ရှင်ဇာတ်ကားများထဲမှ ကယ်တင်ရှင်ဇာတ်လိုက်မင်းသား၏ မာန်ပါပါအော်ဟစ်ဟန့်တားသံနှင့်အတူ ဘယ်ကဘယ်လိုထွက်ပေါ်လာသည်မသိဘဲ ထွက်ပေါ်လာသော သက်ထွေးကိုတွေ့ရလေသည်။

ပျိုပျိုခင်လည်း

"ဘုရားရေ"

ဟုသာ ဘုရားတမိရင်း ရင်ဘတ်ကိုဖိလိုက်မိသည်။

ရုတ်တရက် ဟိန်းခနဲထွက်ပေါ်လာသော သက်ထွေးအသံကြောင့် ကျော်စိုးလည်း ယောင်ပေါင်ပြီး

"ဟုတ်. . ဟုတ်ကဲ့"

ဟူ၍ လက်မြှောက်ခြေမြှောက်ပြု၍ နောက်သို့သုံးလေးလှမ်းခန့်ခုန်ထွက်မိလေသည်။

ဒါကိုကြည့်ပြီး သက်ထွေးအားရရောင့်တက်သွားဟန်တူပါသည်။ ချက်ချင်းဆိုသလို ပျိုပျိုခင်နံဘေးမှာ ယှဉ်ရပ်လိုက်ရင်း ဇာတ်ရှင်လူစွမ်းကောင်းစကားကို ဆိုလေသည်။

"ပျိုပျိုခင် ဘာမှမကြောက်နဲ့ သိလား. . . ပျိုပျိုခင်ရှေ့မှာ ဒိုင်းတစ်ခုလိုကာကွယ်ပေးသွားမယ် သိလား"

"ဟုတ်ကဲ့ - ကျေးဇူးပါ. . . အဲ - မဟုတ်သေးပါဘူး. . . ဒီမယ် ကိုသက်ထွေး. . . ရှင်က ကျွန်မရှေ့ကနေ ဒိုင်းတစ်ခုလိုကာကွယ်ပေးရအောင် ရှင်နဲ့ကျွန်မဘာဆိုင်လို့လဲ"

"အဟင်း - ဒါကတော့. . . အဟင်း"

ပျိုပျိုခင်၏တုံ့ပြန်စကားကြောင့် သက်ထွေးလည်း ဘာပြန်ပြောရမှန်းမသိဘဲ ကြောင်အမ်းသွားရသည်။ ပြီးမှ ကျော်စိုးကိုလက်ညှိုးညွှန်ပြရင်း



www.burmeseclassic.com

www.burmeseclassic.com



"အဲ - ဟို. . ဟိုမှာလေ. . . ဟိုကောင် ကျော်စိုး. . . ပျို့ပျို့ခင်ကိုနှောင့်ယှက်နေတယ်လေ. . . အဲဒါကြောင့် တို့ကကူညီပေးချင်လို့ အချိန်မီရောက်လာတာ. . . အဲဒါပြောတာ အဲဒါ. . အဟဲ"

"တကယ်တော့ ရှင်အခုလိုရောက်လာတာလည်း ကျွန်မကိုနှောင့်ယှက်တာပါပဲ. . . ဘာမှမထူးဘူး"

သက်ထွေးကိုကျေးဇူးတင်စကားမဆိုဘဲ အပြစ်ဖို့စကားဆိုသည်နှင့် ကျော်စိုးလည်း ကိုယ့်ဘက်ကိုယ်ယက်အတွေးပေါက်လျက် အားတက်သွားရလေသည်။

"ဟုတ်တယ်. . ဟုတ်တယ်. . . ပျို့လေးပြောတာ မှန်တယ်. . . တကယ်တော့ ဒီကောင်က ကိုယ်တို့နှစ်ယောက် အေးအေးစကားပြောနေတဲ့ဟာကို သက်သက်လာနှောင့်ယှက်တာပဲ. . . နော် နော်. . . ဟုတ်တယ်နော် ပျို့လေးနော်"

သို့သော် သက်ထွေးကတော့ ပြိုင်ဘက်ကို အထင်ကြီးလေ့မရှိသူပီပီ

"ဟေ့ကောင် - ငကြောင်. . . ပျို့ပျို့ခင်ပြောတာကို မင်းဘာသာမင်း တွေးချင်ရာယူတွေးပြီး အရူးထမနေနဲ့. . . တကယ်တော့ ပျို့ပျို့ခင်အတွက် မင်းကမှ တကယ့်အနှောင့်အယှက်ကောင်ကွ သိလား"

"အောင်မာ - ငပေါကများ တစ်ပြန်ကြီးပြောရတယ်ရှိသေးတယ်. . . ဒီမယ် - ဒီနေ့ ဒီနေရာမှာ တစ်ခါတည်းရှင်းအောင်ပြောလိုက်မယ်. . . မင်း ပျို့လေးနား တောက်တဲ့ကပ်သလို လိုက်ကပ်ဖို့ကြိုးစားနေတာကို ပျို့လေးကလည်း လုံးဝသဘောမကျသလို ငါလည်းနည်းနည်းမှကြည့်မရဘူးကွ သိလား"

"အေး - မင်းလိုပဲပေါ့ကွ ကျော်စိုးရ. . . မင်း ပျို့ပျို့ခင်နားမှာ ကပ်ပါးကောင်တစ်ကောင်လို အသေရရအရှင်ရရ လိုက်ပြီးတွယ်





ကပ်ဖို့ကြိုးစားနေတာကို ခင်လေးကလည်း လုံးဝဆိုလုံးဝမကြည့်ဖြူသလို ငါ့မျက်စိထဲမှာလည်း ခရောစ်ဖြစ်နေတယ် ရှင်းလား"

"အောင်မယ် - အဲဒီတော့ မင်းကဘာလုပ်ချင်သလဲ ပြောစမ်းပါ. . . သက်ထွေးက သွေးမနည်းဘူးကွနော်"

"အေး - ကျော်စိုးတို့ကလည်း မျက်မှန်မှာတင် ပါဝါတင်ထားတာမဟုတ်ဘူး. . . လက်သီးမှာလည်း ပါဝါတင်ထားပြီးသားပဲ"

အခြေအနေက ထင်မထားဘဲ ခိုက်ရန်ဖြစ်ပွားတော့မည့်အသွင်ဆောင်လာသဖြင့် ပျို့ပျို့ခင်လည်း စိုးရိမ်ထိတ်လန့်သွားရသည်။ သူမကြောင့် ယောက်ျားလေးနှစ်ယောက် ထိုးကြကြိတ်ကြသည့်သတင်းသာပြန့်သွားပါက မျက်နှာဘယ်နားသွားဝှက်ထားရမှန်းမသိအောင်ကိုရှက်ဖို့ကောင်းလိုက်မည့်ဖြစ်ခြင်း။ ထို့ကြောင့် အလိမ္မာသုံးကာ ဖြေရှင်းရသည်။

"ဒီမယ် ဒီမယ်. . နေကြပါဦး. . . ကိုကျော်စိုးနဲ့ ကိုသက်ထွေးရယ်. . . အဲသလို စိတ်လိုက်မာန်ပါမလုပ်လိုက်ကြပါနဲ့. . . ကျွန်မဘက်ကိုလည်း ထည့်တွက်ပေးကြစမ်းပါဦး"

"မရဘူး. . . မဆွဲနဲ့တော့ ပျို့လေး. . . ကိုယ်နဲ့ဒီကောင်နဲ့ကတစ်ကွေ့မဟုတ်တစ်ကွေ့ ဒီလိုမျိုးဖြေရှင်းရမှာပဲ. . . နောင်လည်း ဒီလိုပုံဖြေရှင်းရမယ့်အတူတူ အခုတစ်လက်စတည်းဖြေရှင်းလိုက်တာအကောင်းဆုံးပဲ"

"ဟုတ်တယ်. . . ပျို့ပျို့ခင် အသာနောက်ဆုတ်ကြည့်နေ. . . ဒီပွဲက တို့နှစ်ယောက်ထဲက တစ်ယောက်မရှိမှပဲ အေးမှာ"

"ကောင်းပြီလေ. . . ဒါဆိုလည်း ဒီလိုဆုံးဖြတ်လိုက်ကြရအောင်. . . ရှင်တို့နှစ်ယောက်ထဲက တစ်ယောက်ကို ကျွန်မရွေးချယ်မယ်ဆိုရင် ကျန်တဲ့တစ်ယောက်နားလည်မှုအပြည့်ပေးပြီး မနှောင့်ယှက်တော့ဘူးမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း - ဟုတ်တယ်. . ဟုတ်တယ်. . . အဲဒီအတိုင်းပဲ"

"သေချာတာပေါ့. . . ဒါမျိုးပဲဖြစ်ရမှာပေါ့"

ပျိုပျိုခင်၏ နှစ်ယောက်ထဲကတစ်ယောက်ရွေးချယ်တော့မည်ဆိုသောစကားကြောင့် ကျော်စိုးနှင့်သက်ထွေးတို့ မျှော်လင့်ချက်ကိုယ်စီဖြင့် စိတ်လှုပ်ရှားတက်ကြွလာကြသည်။ ရင်ခုန်သံတွေလည်း အပြိုင်အဆိုင်မြန်လာကြရသည်။

ပျိုပျိုခင် အဓိပ္ပာယ်ပါပါတစ်ချက်ပြုံးလိုက်ပြီးနောက်

"ဟုတ်ပြီလေ. . ဒါဆိုရင် ကျွန်မတို့သုံးယောက်စလုံးအတွက် မျှတတဲ့အဖြေရရှိဖို့အတွက် ဒီလိုဆုံးဖြတ်ကြတာပေါ့"

"ဘယ်. . ဘယ်လိုဆုံးဖြတ်မှာလဲဟင်"

"တခြားခက်ခက်ခဲခဲကိစ္စတော့ မဟုတ်ပါဘူး. . . အခု ကျွန်မတို့သုံးယောက် တစ်ခုခုသွားစားကြရအောင်"

"စားလေ. . . ကိုယ်ကျွေးမှာပေါ့"

"မဟုတ်တာနော် ပျိုလေး. . . ဒီနေ့ ပျိုလေးစားသမျှသောက်သမျှ ကိုယ်ဒကာခံမယ်နော်"

"ဩော် - နေပါဦးလေ. . မလောကြပါနဲ့ဦး. . . ဒီနေ့တော့ သဒ္ဓါစိတ်ပေါက်နေတဲ့အတွက် ကျွန်မရဲ့အထူးဧည့်သည်တော်များ ကျွန်မကပဲဖိတ်ကြားကျွေးမွေးပါ့မယ်"

"အို - ဒီအခွင့်အရေးမျိုးကိုငြင်းရင် မိုက်မဲရာကျမှာပေါ့"

"ပျိုလေးရဲ့ဖိတ်ကြားမှုကို ဝမ်းသာဂုဏ်ယူစွာနဲ့ လက်ခံပါတယ်ဗျာ"

"ကောင်းပါပြီရှင် - ဒါဆိုလည်း သွားလိုက်ကြရအောင်"

ပျိုပျိုခင် စကားကိုဖြတ်လိုက်ပြီးနောက် ပြုံးပြပြီး ရှေ့မှထွက်ခွာသွားလေရာ ကျော်စိုးနှင့်သက်ထွေးတို့လည်း တစ်ယောက်ကိုတစ်ယောက် ဗိုလ်လုပွဲရောက်ပြိုင်ဘက်ချင်းကြည့်သောအကြည့်ဖြင့်





ပေစောင်းစောင်းကြည့်ပြီး ပျိုပျိုခင်နောက် တက်ကြွစွာလိုက်ပါသွားကြလေသည်။

ပျိုပျိုခင် စားသောက်ဆိုင်ထဲရောက်၍ နေရာယူလိုက်သည်နှင့် ကျော်စိုးနှင့်သက်ထွေးသည်လည်း ပျိုပျိုခင်၏တစ်ဖက်တစ်ချက်တွင် ခပ်တည်တည်ဝင်ထိုင်ကြကာ နေရာဝင်ယူကြလေသည်။

သူမနှင့်အတူ ထမင်းလက်ဆုံစားခွင့်ရသဖြင့် တက်ကြွနေသော ကျော်စိုးနှင့်ကိုကြည့်ပြီးနောက် ပျိုပျိုခင်လည်း စားပွဲထိုးလေးအား ထမင်းနှင့်ဟင်းများမှာလေသည်။

"ကဲ - ကျွန်မကတော့ မှာပြီးပြီ. . . ရှင်တို့နှစ်ယောက်လည်း ကြိုက်သလိုမှာကြပါ. . . ပဲမများကြနဲ့နော်. . . ပွင့်ပွင့်လင်းလင်းပဲ ကိုယ်စားချင်တာမှာစားကြ. . . ကျွန်မက အဲဒါမျိုးပဲသဘောကျတာ"

ကျော်စိုးနှင့်သက်ထွေးတို့ကလည်း ပျိုပျိုခင်စကားဆုံးသည်နှင့် သူတို့နှစ်သက်ရာဟင်းများကိုမှာပြီး ပျိုပျိုခင်နှင့် ထမင်းလက်ဆုံစားပွဲကိုဆင်နွှဲကြလေသည်။

ပြီး အကြောင်းမရှိအကြောင်းရှာ စကားကိုအလုအယက်ပြောကြသည်။

ပျိုပျိုခင်ကအလိုက်သင့်ပြုံးပြလိုက်၊ ခေါင်းညိတ်လိုက် လုပ်ပြရုံကလွဲပြီး စကားသိပ်မပြော။ ကျော်စိုးနှင့်သက်ထွေးတို့ကိုသာ အကဲခတ်သလိုကြည့်နေလေသည်။

စားသောက်ပြီးသည်နှင့် ပျိုပျိုခင်က ကျော်စိုးကိုစူးစိုက်ကြည့်ပြီး

"ကိုကျော်စိုး"

"ဟင် - ပျိုလေး ဘာလဲ. . . ပြောလေ. . . ဘာပြောချင်လို့လဲ"

"အင်း - ကျွန်မအမြင်ကိုပြောရရင်တော့ ကိုသက်ထွေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်စိုးမှာ ကိုသက်ထွေးက ကျန်းမာရေးအသိအများကြီးရှိတယ်လို့ ကျွန်မထင်တယ်"

"ဟင် - ဘာ. . ဘာဖြစ်လို့လဲ"

ပျိုလေးနှင့်အတူ ထမင်းလက်ဆုံစားခွင့်ရသည့်ပွဲတွင် အမှတ်လျော့ခံရသည့်အတွက် ကျော်စိုးပျာပျာသလဲဖြစ်သွားရသည်။

အမှတ်ပေးခံရသည့်သက်ထွေးကတော့ အပျော်လွန်ပြီး အင်္ကျီကော်လာကို ဟန်ပါပါဆွဲနေလေသည်။

ပျိုပျိုခင် ကျော်စိုးကို ခပ်တည်တည်ကြည့်ပြီး လိုရင်းကိုပြောလေသည်။

"ဒီမယ် ကိုကျော်စိုး. . . ကျွန်မ ရှင်တို့နှစ်ယောက်နဲ့အတူ ထမင်းစားတယ်ဆိုတာ အလကားစားတာမဟုတ်ပါဘူး. . . ရှင်တို့နှစ်ယောက်ကို အကဲခတ်ချင်လို့ပါ. . . ပြောရရင် ကျွန်မကိုစိတ်ဝင်စားကြတဲ့အထဲမှာ ရှင်တို့နှစ်ယောက်က ဇွဲအရှိဆုံးလည်းဖြစ်သလို ကျန်တဲ့သူတွေထက်လည်း အပြောအဆို အနေအထိုင် ပိုပြီးသန့်ပြန့်ပါတယ် . . . ဒါကြောင့် ကျွန်မလည်း ရှင်တို့နှစ်ယောက်ထဲက ဘယ်သူ့ကို အခွင့်အရေးပေးရမယ်ဆိုတာ စဉ်းစားရတော်တော်ကျပ်ပါတယ်"

ပျိုပျိုခင် စကားကိုခေတ္တရပ်ပြီးနောက် ကျော်စိုးနှင့်သက်ထွေးကို တစ်လှည့်စီကြည့်၏။ နှစ်ယောက်စလုံး အသက်ရှူများမတတ် စိတ်ဝင်တစားနားထောင်နေကြသည်ကိုတွေ့ရသည်။

ပျိုပျိုခင် စကားကိုဆက်သည်။

"ဒီလိုအခြေအနေမျိုးမှာ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့တော့ ကျွန်မရှင်တို့နှစ်ယောက်စလုံးနဲ့ ထမင်းလက်ဆုံစားရင်း အနီးကပ်အကဲခတ်ခွင့်ရလိုက်ပါတယ်. . . အဲဒီမှာ ကိုကျော်စိုးက ကျန်းမာရေးအမြင်အတော်နည်းတာကိုတွေ့ရတယ်. . . မှာလိုက်တာများ ဝက်သားလို အဆီအဆိမ့်များတဲ့ဟင်းကိုမှရွေးမှာပြီး အဆီအခေါက်တွေကို မက်





မက်စက်စက်စားနိုင်တာများ အံ့ပါရဲ့. . . နောက်ပြီး တက်စာဖြစ်တဲ့ ဒညင်းသီးလိုဟာမျိုးတွေကို နှစ်နှစ်ခြိုက်ခြိုက်တို့စားတာတွေ. . . ပြောရရင်တော့ အများကြီးပါပဲ. . . အဲ - ကိုသက်ထွေးကတော့ အဆီအဆိမ့်မပါတဲ့ ငါးဟင်းလိုဟာမျိုး. . . တို့စရာဆိုလည်း တက်စာတွေကိုရှောင်တယ်"

"ဒါ. . ဒါကတော့. . . "

"နေဦး. . . ဒီထက် အရေးကြီးတာရှိသေးတယ်. . . ဘကယ်ဆို ကိုယ်စားမယ့်သောက်မယ့်ဇွန်းတို့ ခက်ရင်းတို့ဆိုတာ ကိုယ်တိုင်ရေနွေးနဲ့ဆေးပြီး တစ်ရှူးတို့၊ လက်သုတ်ပဝါသန့်သန့်တို့နဲ့ သေချာသုတ်ပြီးမှ စားသင့်တာပေါ့. . . ပြီးတော့ ဟင်းချိုယူသောက်တဲ့အခါမှာလည်း ဟင်းချို ခွက်ထဲမှာထည့်ထားတဲ့ဇွန်းနဲ့ပဲ တစ်ခါတည်း ယူသောက်မယ့်အစား ကိုယ်ထမင်းစားတဲ့ဇွန်းထဲကိုတစ်ဆင့်ထည့်ပြီးမှ သောက်သင့်ပါတယ် . . . ကိုယ့်ပါးစပ်ထဲရောက်ပြီးသားဇွန်းကို အများသုံးဆောင်နေကြတဲ့ဟင်းခွက်ထဲပြန်ထည့်တာ ဘယ်လိုမှ မသင့်တော်ပါဘူး"

"ဩော် - ဟုတ်ကဲ့. . ဟုတ်ကဲ့"

"နောက်ပြီး ထမင်းစားရင်းစကားပြောတာလည်း မဖြစ်သင့်ဘူး ထင်ပါတယ်. . . နောက်ပြီး ကိုယ်စားနေတဲ့ခက်ရင်းနဲ့ တို့စရာတွေကိုထိုးပြီး အများသုံးငါးပိရည်ခွက်ထဲလှမ်းထည့်ပြီးမှ ယူစားတာလည်း ကျန်တဲ့လူတွေအဖို့ ယူစားရမှာမသိုးမသန့်ဖြစ်စေတဲ့အတွက် ဆင်ခြင်သင့်ပါတယ်"

"ဩော် - ဟုတ်ကဲ့. . ဟုတ်ကဲ့. . ဟုတ်ကဲ့. . ဟုတ်ကဲ့"

"နောက်ပြီး ထမင်းစားပြီးလို့ အချိုပွဲသုံးဆောင်တဲ့အခါမှာလည်း ကိုကျော်စိုးက မလိုင်ကိုတော်တော်နှစ်နှစ်ခြိုက်ခြိုက်စားတာတွေ့ရတယ်. . . ဒိပုံအတိုင်းဆိုရင် ကိုကျော်စိုးက အဆီအဆိမ့်တင်



www.burmeseclassic.com

www.burmeseclassic.com



မကဘူး. . . အချိုလည်းတော်တော်ကြိုက်ပုံရတယ်. . . အိမ်မှာလည်း ဒီလိုစားနေကျထင်တယ် ဟုတ်လား. . . ဒါဆို ငယ်ငယ်ရွယ်ရွယ်နဲ့ ရောဂါထူပြီး သက်တမ်းစေ့နေရကိန်းမမြင်ဘူး"

"တော် တော်. . . ဆက်မပြောနဲ့တော့. . . ဆက်ပြောရင် မင်းပါးစပ်က အပြစ်ပေါင်းစုံထွက်လာဦးမယ်ဆိုတာ ငါသိတယ်"

"ဪ - ကျွန်မပြောတာ အဲဒီသဘောမဟုတ်ပါဘူး. . . အမှတ်တမဲ့ပြုမူနေထိုင်စားသောက်နေပုံတွေကို သတိမူမိစေချင်လို့ စေတနာနဲ့. . . ."

"ရပါပြီ ရပါပြီ. . . စေတနာတွေ ဝေဒနာတွေပြောမနေနဲ့တော့. . . တကယ်တော့ မင်းကရုပ်ကလေးလှသလောက် အင်မတန်ဇီဇာကြောင်တဲ့ အူကြောင်ဂေါက်မလေးဆိုတာ မထင်မှတ်ဘဲသိလိုက်ရတဲ့အတွက် မင်းကိုငါကပြန်ပြီးကျေးဇူးတင်ပါသေးတယ်. . . နောက်ကိုလည်း ဘယ်တော့မှ ငါ့မျက်နှာကိုလည်း မင်းမတွေ့စေရဘူး. . . မင်းမျက်နှာကိုလည်း ငါဘယ်တော့မှမတွေ့ချင်တော့ပါဘူး. . . မင်းတင်မကဘူး. . . မင်းနဲ့အတူတွဲပြီးတွေ့ရတဲ့လူမှန်သမျှဟာလည်း မင်းလိုပဲအူကြောင် ဂေါက်တွေချည်းပဲဆိုတာ ငါသဘောပေါက်သွားပြီ . . . သွားပြီ တာ့ တာ"

"ကွ. . ကွ"

"အေး - ဟုတ်တယ်. . . ကွ ကွ. . . အဲ - ဒီကောင်သွားတာတောင် ရိုးရိုးမသွားဘူး. . . ငါ့ကိုအသားလွတ်ကစ်သွားသေးတယ် ကြည့်စမ်း. . . ရပါတယ်. . . ကစ်ပလေ့စေ. . . မနာလိုလို့ပြောတဲ့ဟာပဲ ဟာပဲ. . နော့"

သက်ထွေးကတော့ သူ့ကို ပျိုပျိုခင်ကရွေးချယ်လိုက်ပြီဆိုပြီး ဝမ်းသာအားရဖြစ်သွားကာ စကားရောဖောရောဖြင့် ပျိုပျိုခင်၏လက်ကို လှမ်းဆုပ်ကိုင်လိုက်လေသည်။ ပျိုပျိုခင်လည်း





"အို"

ဆိုပြီး လက်ကိုဆတ်ခနဲဆွဲရုတ်လိုက်သည်။

ထို့နောက် မျက်စိပျက်မျက်နှာပျက်ဖြင့် ပိုက်ဆံအိတ်ကိုဖွင့်ပြီး ပိုက်ဆံအိတ်ထဲမှ အရက်ပြန်ကဲ့သို့သော အရေပြားလူးပိုးသတ်ဆေး(Hand Gel)ကို အရေးတကြီးဆွဲထုတ်လေသည်။ ထို့နောက် သက်ထွေးကိုင်ထားသော လက်ဖမိုးနှစ်ဖက်ကိုဖြန်းပြီး ပွတ်သပ်လိုက်လေသည်။

သက်ထွေးလည်း ပျိုပျိုခင်၏အပြုအမူကိုကြည့်ပြီး ပါးစပ်အဟောင်းသားဖြစ်သွားရသည်။ ရှက်လည်းရှက်သွားရသည်။ ထို့ကြောင့် နေရာမှဆတ်ခနဲထပြီး

"ပျိုပျိုခင် - မင်းက ဟိုကောင်ကျော်စိုးပြောသွားတဲ့အတိုင်း တကယ့်ကိုဇီဇာကြောင်တဲ့ အူကြောင်ဂေါက်မပဲကွ. . . အေး - ဒါကြောင့် ငါကလည်း မင်းကိုကျော်စိုးပြောသလိုပဲပြောလိုက်တော့မယ် . . . အရင်က မင်းအကြောင်းကိုမသိလို့မင်းကိုချစ်ခဲ့မိတာ. . . ဒီနေ့တော့ မင်းအကြောင်းကို မင်းကိုယ်တိုင်ကပြောပြလိုက်လို့သိသွားပြီ . . . ကျေးဇူးပဲ. . . နောက်ကို ငါ့မျက်နှာကိုလည်း မင်းမတွေ့စေရဘူး. . . မင်းမျက်နှာကိုလည်း ငါမတွေ့ချင်တော့ဘူး. . . ဒီပုံမျိုးနဲ့ မင်းဘယ်တော့မှယောကျ်ားရမှာမဟုတ်ဘူး. . . အေး - ရရင်လည်း အဲဒီယောကျ်ားဟာ မင်းလိုပဲအူကြောင်ဂေါက်ပဲဆိုတာ ငါသဘောပေါက်သွားပြီ. . . သွားပြီ တာ့တာ"

ဟူ၍ နာကျည်းစွာပြောဆိုပြီး နေရာမှထွက်ခွာသွားလေသည်။

"သွားပေါ့ သွားပေါ့. . . ကျွန်မကလည်း ရှင်တို့အကြောင်းတွေသိလိုက်ရလို့ ရှင်တို့ကိုကျေးဇူးတင်တာမှ တင်တင်တင်တင်နဲ့တောင် နေနေသေးတယ်. . . ဟွန့်"



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော ပျိုပျိုခင်ကတော့ ထိုနေ့အဖို့မှာ သူ့အတွက် ခလုတ်နှစ်ခုကို တစ်ခါတည်းရှင်းပြီးဖြစ်သလို ထိုသတင်းကလည်း တစ်မုဟုတ်ချင်း တစ်ကျောင်းလုံးသို့ပျံ့နှံ့သွားလေသည်။

ပြီးတော့ ထိုမှစ၍ ပျိုပျိုခင်သည်လည်း အပျိုကြီးဖြစ်ဖို့ သေချာခဲ့သည်သာဖြစ်သည်။

ကျောင်းပြီးသည့်အခါ ဆေးကုမ္ပဏီမှာ မန်နေဂျာဖြစ်သွားလေသည်။ နောင်သောအခါ ဇီဇာကြောင်တာကိုအကြောင်းပြု၍ ကမ္ဘာ့ဖလားတွင် နာမည်ကျော်ခဲ့သောနှဲနာမည်အတိုင်း ဗူဗူဇီလာဟု တွင်လေသည်။





## ရွှေအဆင်း

မန္တလာသူ ရွှေအဆင်းရဲ့ဇကလည်း ငယ်စဉ်ကလေးဘဝကတည်းက အထင်းသားကြီးပြခဲ့သည်သာဖြစ်သည်။

မူလတန်းကျောင်းသူဘဝကတည်းက ကပ်စေးနည်းတတ်ခဲ့သူဖြစ်သည်။ အိမ်ကထည့်ပေးလိုက်သမျှ မုန့်ဖိုးတွေကို တစ်ပြားတစ်ချပ်မျှမသုံးဘဲ ကျစ်ကျစ်ပါအောင်စုတတ်သည်။ အိမ်ကထည့်ပေးလိုက်သော ထမင်း၊ ဟင်းနှင့် မုန့်ကလွဲပြီး ဝယ်စားလေ့မရှိ။ ထို့ကြောင့် ပိုက်ဆံကို သူ့အရွယ်နဲ့သူ အတော်အတန်စုမိဆောင်းမိရှိနေလေသည်။

သည်တော့ သူမဘာလုပ်သည်ထင်ပါသလဲ။

အတန်းဖော်သူငယ်ချင်းတွေ အတန်းနားနီးချင်းတွေ ဝယ်စရာခြမ်းစရာရှိလို့ ပိုက်ဆံလိုလျှင်သော်လည်းကောင်း၊ ပိုက်ဆံပါမလာလျှင်သော်လည်းကောင်း သူမက သဘောကောင်းစွာ ပိုက်ဆံချေးပါတော့သည်။

ရွှေအဆင်းပိုက်ဆံချေးငှားပုံက သည်လို. . . ။

"ဟင် - ဗလာစာအုပ်က ရေးလို့ကုန်သွားပြီ. . . သွားဝယ်ဖို့ကလည်း ပိုက်ဆံက မုန့်ဝယ်စားလိုက်လို့ကုန်သွားပြီဟ. . . ဆရာမကတော့ ငါ့ကိုဆူတော့မှာပဲ"

သူမရှေ့မှာ ငိုမဲ့မဲ့နှင့်ညည်းညူနေသော အတန်းထဲက



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတစ်ယောက်၏အခက်အခဲကို ရွှေအဆင်းစာနာသနားစွာဖြင့် ကူညီပေးလိုစိတ်ပေါ်သွားသည်။ ထို့ကြောင့် အနားကပ်သွားကာ

"ဟဲ့ - ဇင်ဇင်. . . နင်ကလည်း ဗလာစာအုပ်ဝယ်ဖို့ ပိုက်ဆံမကျန်တော့တာနဲ့ပဲ မငိုလိုက်ပါနဲ့ဟယ်. . . ဗလာစာအုပ်က ဘယ်နှအုပ်ဝယ်ရမှာမို့လဲ"

"နှစ်အုပ်"

အကူအညီပေးလိုသော ရွှေအဆင်း၏လေသံကိုကြည့်ပြီး ဇင်ဇင်လည်း မျှော်လင့်ချက်လေးဖြင့် မျက်လုံးလေးတွေ အရောင်တောက်လာလျှက် လက်ကလေးနှစ်ချောင်းထောင်ပြကာ ဖြေလေသည်။

"ဩော် - နင်ကလဲ. . . နှစ်အုပ်တည်းများ. . . နေဦး. . . တစ်အုပ်ကို နှစ်ရာဆိုတော့ နှစ်အုပ်ဆိုတော့ လေးရာကျမှာပေါ့"

"အင်းပေါ့ - လေးရာပေါ့ဟဲ့"

"လေးရာလောက်ကတော့ ငါ့မှာရှိပါတယ်. . . နင်ဗလာစာအုပ်ဝယ်ချင်ရင် သွားဝယ်လိုက်လေ. . . ငါပိုက်ဆံချေးမယ်"

"ဟယ် - အဲဒါဆိုရင် ကောင်းတာပေါ့. . . နို့မို့ ဆရာမက ငါ့ကိုဆူမှာဟ. . . ငါကြောက်တယ်. . . နင့်ပိုက်ဆံကို မနက်ဖြန်ကျောင်းရောက်တာနဲ့ ချက်ချင်းပြန်ပေးမယ် သိလား. . . ကျေးဇူးလည်းအရမ်းတင်တယ် သိလား"

"အေးပါ - ရပါတယ်. . . ကိစ္စမရှိပါဘူး. . . အချင်းချင်းတွေပဲဟာ. . . ဒီလောက်တော့ ကူညီရမှာပေါ့. . . ဒါပေမဲ့ နင်ပြန်ပေးရင်တော့ အတိုးနဲ့ဆို ငါးရာပြန်ပေးရမယ် သိလား"

"ဟင် - ငါးရာ ဟုတ်လား"

"အေးလေ. . . ငါးရာလေ. . . နင်က လေးရာချေးတယ်





မဟုတ်လား. . . အဲဒါက ငါကအတိုးတစ်ရာယူတယ်လေ"

"ဟယ် - နင်ကလဲ. . . အချင်းချင်းတွေကို"

"ဩော် - အချင်းချင်းတွေမို့ ငါကအတိုးကို အများကြီးလျှော့ယူပေးထားတာပေါ့. . . ရပ်ကွက်ဈေးထဲမှာ နေ့ပြန်တိုးချေးစားနေတဲ့ ငါ့အဒေါ်ဆိုရင် အတိုးဘယ်လောက်ယူတယ်မှတ်နေလဲ. . . မယုံရင် နင် သူ့ဆီကသွားချေးကြည့်ပါလား. . . ပြန်ဆပ်ရမှာ ထောင့်နှစ်ရာလောက်က အသာလေးပဲ. . . ဘာသိလို့လဲ"

"ဟင် - အတိုးက အရင်းထက် နှစ်ဆတောင်များတယ် ဟုတ်လား"

"အေးလေ. . . အဲဒါကြောင့်ပြောတာပေါ့. . . ငါက ငါ့အဒေါ်ထက် အများကြီးအတိုးသက်သာပါတယ်လို့ဆို. . . ကဲ - ပြော. . . ကြာတယ်ဟာ. . . ယူမှာလား. . . မယူဘူးလား"

"အေး - ပြီးရောဟယ် ပြီးရော. . . ပေး ပေး. . ယူမယ်"

ဇင်ဇင်လည်း ပေးရမည့်အတိုးတစ်ရာကို နှမြောသော်လည်း ဆရာမအဆူခံမထိအောင်ရှောင်ရမည်က ပိုအရေးကြီးနေသဖြင့် ရွှေအဆင်းထံမှ ပိုက်ဆံလေးရာကို မချေးချင်၊ ချေးချင်ဖြင့် ချေးလိုက်ရသည်။

ဒါတောင် ရွှေအဆင်းက ပိုက်ဆံကို ချက်ချင်းလက်ထဲမထည့်သေးဘဲ

"အေးပါ - ပေးပါ့မယ်. . . ဒါပေမဲ့ အလုပ်သဘောအရ နင့်ကွန်ပါဘူးလေးတော့ အပေါင်ထားခဲ့ရမယ်နော်"

ဟု အပေါင်ပစ္စည်းတောင်းလေရာ ဇင်ဇင့်မျက်နှာလေး ငယ်သွားရသည်။

"ဟင် - နင်ကလဲ. . . ဒီကွန်ပါဘူးက မနေ့ကမှ ငါ့အဖေဝယ်ပေးထားတာ. . . အသစ်ကြီးရှိသေးတယ်. . . ခြောက်ရာတောင်



www.burmeseclassic.com

www.burmeseclassic.com



ပေးရတယ်"

"အေးလေ - နှင် အတန်းထဲမှာ လိုက်ကြွားနေကတည်းက ငါတွေ့သားပဲ. . . ဒါပေမဲ့ စိတ်ချ. . . နှင့်ကွန်ပါဘူးကို ငါလက်နဲ့တောင်မထိဘူး. . . အလုပ်သဘောအရ ပိုက်ဆံမဆုံးရအောင် အာမခံထားတဲ့သဘောမျိုးပါ. . . နှင် ငါ့ကို ပိုက်ဆံငါးရာပြန်ပေးတာနဲ့ ငါလည်း နှင့်ကွန်ပါဘူးကို ချက်ချင်းပြန်ပေးမယ် စိတ်ချ. . . ဒါ နှင် ငါ့ဆီမှာမှီလို့နော်. . . ပစ္စည်းအပေါင်ခံစားနေတဲ့ ငါ့ဘကြီးမိန်းမဆိုရင် ဒီကွန်ပါဘူးလောက်နဲ့ ဘယ်ရလိမ့်မလဲ"

"အေးပါဟယ် - ဒါဆိုရင်လည်း ပြီးရော. . . ငွေတိုးချေးစားတဲ့ နှင့်ကြီးဒေါ်တို့ အပေါင်ခံစားတဲ့ နှင့်ဘကြီးမိန်းမတို့ဆီအထိတော့ ငါလည်းမသွားချင်တော့ပါဘူး. . . နှင့်ဆီမှာပဲ စိတ်ချလက်ချထားခဲ့ပါတော့မယ်. . . ဒီမှာ ရော့ ကွန်ပါဘူး"

"အေး. . . ရော့ - ဒီမှာ လေးရာ. . . အဟင်း - ကွန်ပါဘူးလေးက ချစ်စရာလေးနော်"

"နှင်. . နှင် ငါ့ကွန်ပါဘူးကို မသုံးရဘူးနော်. . . တစ်ခုခုဖြစ်ရင် ပြန်လျော်ပေးရမယ်နော်"

"အေးပါ. . . စိတ်ချစမ်းပါ. . . ရန်သူမျိုးငါးပါးကြောင့် ထိခိုက်ပျက်စီးတာကလွဲရင် ဘာကြောင့်ပဲဖြစ်ဖြစ် ပြန်လျော်ပေးရတာ အလုပ်သဘောပါပဲဟဲ့"

"ဘာလဲ - ရန်သူမျိုးငါးပါးဆိုတာ"

"ရန်သူမျိုးငါးပါးဆိုတာက ဟိုဟာလေ. . . ဟိုဟာ"

ရန်သူမျိုးငါးပါးကြောင့် ပျက်စီးဆုံးရှုံးလျှင် တာဝန်မယူဆိုသော ပြေစာဖြတ်ပိုင်းစာရွက်များပေါ်မှ စာသားကိုမှတ်မိပြီး ဆရာမကြီးလေသံဖမ်းကာ ခပ်တည်တည်ပြောလိုက်ရသော်လည်း ရန်သူမျိုးငါးပါးဆိုတာ ဘာကိုဆိုလိုမှန်း ရွှေအဆင်းမသိ။

ဩ ရ သ စာ ပေ



သို့သော် မသိဘူးပြောလျှင် သိက္ခာကျမည်စိုးသဖြင့် ခပ်တည်တည်ပဲ ဆက်ပြောချလိုက်သည်။

"ဩော် - နှင်ကလဲ. . . ဒါလေးတောင်မသိဘူးလား. . . ရန်သူမျိုးငါးပါးဆိုတာ ရန်သူငါးယောက်ကိုပြောတာလေဟာ"

"ဩော် - ရန်ကူငါးယောက်ကိုပြောတာလား"

"အေး - ဟုတ်တယ်"

"ဒါဆိုရင်ပြီးရော. . . ငါသွားတော့မယ်"

"အေး အေး. . . မြန်မြန်သွား. . . ကျောင်းပြန်တက်ခါနီးနေပြီ"

ကဲ - ကြည့်။ ရွှေအဆင်းဆိုတာ ငယ်ငယ်လေးကတည်းက သည်လိုမိန်းကလေးမျိုး။

သည်လိုမှတ်တမ်းတင်ထားလောက်သော ရွှေအဆင်းတစ်ယောက် တက္ကသိုလ်ရောက်လာသည့်အခါမှာတော့ တစ်ယောက်တစ်မျိုး ဇရှိကြသည့် ပျိုပျိုခင်၊ မြတ်မမ၊ မယ်မဒီတို့နှင့် တစ်သားတည်းပေါင်းစည်းမိလေတော့သည်။

တက္ကသိုလ်မှာလည်း လူချင်းဘယ်လောက်ခင်ခင် သူမဆီက ပိုက်ဆံအလကားချေးငှားလို့မရ။ အတိုးပေးရသည်။ ပြီးတော့ သူမကျွေးသည့်မုန့်စားဖို့ဝေးစွ။ သူကိုယ်သူပင် သိပ်သဒ္ဓါချင်သူမဟုတ်။ ဒါကြောင့်ပဲ သူမကို သူငယ်ချင်းများက ချစ်တီးမဆိုပြီး နာမည်ပြောင်ပေးလိုက်ကြလေသည်။

ဒါပေမဲ့ သူမသည်လည်း ရန်ကုန်တက္ကသိုလ်၏ တော်ဝင်သောအလှပိုင်ရှင်များစာရင်းတွင် ထိပ်ဆုံးပိုင်းမှ ပါဝင်ခဲ့သည်သာဖြစ်သည်။

ထို့ကြောင့်လည်း သူမ၏အချစ်ကိုရရှိဖို့ ကြိုးစားကြသည့်ငနဲတွေက ဒုနှင့်ဒေးရယ်။

ဩ ရ သ စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



သူမကို လိုက်သည့်ငနဲများ ဝတ်ကောင်းစားလှဝတ်ပြီး အမိုက်ဆုံးဒီဇိုင်းများပြင်ဆင်လာလျှင် 'အလကားသက်သက် ငွေဖြုန်းတီးတယ်. . . ဒီလိုလူမျိုးနဲ့ယူမိရင် ဘဝမွဲဆေးဖော်တာနဲ့မခြား'ဆိုပြီး ငြင်းလွှတ်သလို ခပ်နွမ်းနွမ်းဝတ်စားလာလျှင် 'ရောင့်ရဲတတ်လွန်းတယ် . . . ဒီလိုလူမျိုး ဘယ်တော့မှတိုးတက်မှာမဟုတ်'ဆိုပြီး ကြက်ခြေခတ်လိုက်ပြန်သည်။

ကော်တစ်ရာကပ်စေးနည်းသည့်အပြင် ဇီဇာကလည်း ကြောင်တတ်ပြန်သေးသည်။

"အဲဒီတစ်ယောက်ကြည့်ရတာ ရုပ်လည်းမဆိုးဘူး. . . စိစိစစ်စစ်နဲ့ ချွေတာသုံးစွဲတတ်ပုံလည်းရတယ်. . . ဒါပေမဲ့ လမ်းလျှောက်ရင် ရင်ဘတ်ကြီးကော့ကော့ပြီး မြှောက်ခနဲမြှောက်ခနဲလှမ်းသွားတာကြီးက ကြည့်ရဆိုးတယ်. . . ဒါကြောင့်ဆောရီးပဲ"

ဆိုတာက တစ်မျိုး

"အံမယ် - အဲဒီဆေးကျောင်းသားကို ငါလည်း အစကတည်းက နင်တို့ပြောသလိုပဲ မဆိုးဘူးဆိုပြီး တော်တော်အမှတ်ပေးထားမိသေးတယ်. . . ဒါပေမဲ့ ဟိုတစ်နေ့က ဘတ်စ်ကားစီးရင်း ငါ့ဘေးမှာရပ်နေတာ. . . ဟယ် - မပြောချင်ပါဘူး သူများအကြောင်း. . . ဂျိုင်းပတ်စော်ကိုနံ့လိုက်တာမှ အော်ဂလီကိုဆန်ချင်ရောပဲ"

ဆိုတာတစ်ဖုံတို့ဖြင့် ကျောင်းသာပြီးသွားသည်။ ရည်းစားတစ်ယောက်မှမရခဲ့။

သည်လိုပုံနှင့် အပျိုကြီးဖြစ်တော့မှာပဲဆိုပြီး ပူပန်ကြသည့် မိဘများ၏စီစဉ်ပေးမှုဖြင့် ကိုရဲဝင်းဆိုသည့်ပုဂ္ဂိုလ်နှင့် စေ့စပ်ကြောင်းလမ်းခဲ့သည်။

မိဘချင်းသဘောတူပေးစားတော့မည့် ကိုရဲဝင်းဆိုသူကိုတော့ ရွှေအဆင်းကိုယ်တိုင်လည်း သဘောကျသည်။





အမှန်တကယ်စိစစ်သုံးစွဲပြီး ချွေတာစုဆောင်းတတ်သူဖြစ်သည်။ နဖူးအနည်းငယ်ပြောင်ချင်သည်ကလည်း သူ့ကို ယောကျ်ားပိုမိုပီသစေသည်ဟုထင်သည်။ ပြောတာဆိုတာ သွားတာလာတာကတည်ငြိမ်သည်။ အဲ - ပြီးတော့ ဂျိုင်းပတ်စော်တို့၊ ချွေးပုပ်စော်တို့၊ ဘာတို့ဆိုတဲ့ အနံ့အသက်တွေမရှိ။ အားလုံး ရွှေအဆင်း၏အမှတ်ပေးစည်းမျဉ်းနှင့်ကိုက်ညီသဖြင့် အမှတ်ပြည့်ဂုဏ်ထူးနှင့်အောင်သည့်ကံထူးသူဟုဆိုရမည်ထင်သည်။

သည်လို သည်လို အစစအရာရာအဆင်ပြေချောမွေ့နေသဖြင့် ထိမ်းမြားမင်္ဂလာပြုမည့်နေ့ကိုပင် ရွေးချယ်သတ်မှတ်ပြီးလေပြီ။

သို့အတွက် မင်္ဂလာမောင်မယ်အတွက် လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို နှစ်ဦးကြည်ဖြူလိုက်လံဝယ်ယူကြသည့်အခါမှာတော့. . .

အင်း - အဲဒီမှာ စတွေ့တာပဲဟူ၍ဖြစ်သွားလေသည်။

ဖြစ်ပုံက ကိုရဲဝင်းဘက်က တာဝန်ယူထားသည့် ခန်းဝင်ပစ္စည်းများဝယ်ရင်းပြုရင်းနှင့် ကိုရဲဝင်းမှာပါလာသည့်ပိုက်ဆံကုန်သွားလေသည်။ ထို့ကြောင့် ရွှေအဆင်းကို တီးတိုးကပ်မေးရသည်။

"ရွှေအဆင်း - ပိုက်ဆံပါလာတယ်မဟုတ်လား"

"ပါတယ်လေ ကိုရဲဝင်းရဲ့. . . ကားဒက်ရှ်ဘုတ်ထဲမှာ သိန်းနှစ်ဆယ်. . . ကျွန်မလက်ဆွဲအိတ်ထဲမှာ ဆယ့်ငါးသိန်းပါတယ်"

ရွှေအဆင်းဆီမှာသုံးဆယ့်ငါးသိန်းပါလာသည်ဆိုတာကိုကြားရသဖြင့် ကိုရဲဝင်းစိတ်သက်သာရာရသွားသည်။ ဒါမှ လုပ်ငန်းကိစ္စအတွက် စရံဝင်ချသွားနိုင်မည့်အပြင် ဝယ်စရာရှိတာတွေ တစ်ခါတည်းဝယ်သွားနိုင်မည်မဟုတ်လား။

"အဲဒါဆို အတော်ပဲ. . . ဒီမှာ ကိုယ်ပါလာတဲ့ပိုက်ဆံကုန်



www.burmeseclassic.com

www.burmeseclassic.com



သွားလို့. . . ရွှေအဆင်းဆီက ခဏယူသုံးရမှာပဲ. . . ဒီည. . . အဲ - ဒီညတော့ အလုပ်ကိစ္စတွေရှိသေးတယ်. . . မနက်ဖြန်မနက်မှ ပြန်ယူပေါ့. . . ဖြစ်တယ်မဟုတ်လား”

“ဖြစ်ပါတယ်. . . ဘယ်လောက်လိုလို့လဲ”

“အင်း - အလုပ်ကိစ္စအတွက် စရံချဖို့မေ့နေလို့ အဲဒါက သိန်းနှစ်ဆယ်. . . ဒီမှာဝယ်စရာရှိတာတွေအတွက် နောက်ထပ်ငါးသိန်း. . . နှစ်ဆယ့်ငါးသိန်းလောက်ဆိုရင် ရပါပြီ”

“ရတယ်. . . ယူလေ ကိုရဲဝင်းရဲ့. . . အားနာရမယ့်လူတွေမှ မဟုတ်တာ”

“ဒါပေါ့ ဒါပေါ့. . . ဒါမှန်တာပေါ့. . . အဲ - မထူးပါဘူး. . . သုံးဆယ့်ငါးသိန်းစလုံးသာ ယူထားလိုက်တော့မယ်. . . ဝယ်စရာဘာတွေထပ်ပေါ်လာဦးမယ်ဆိုတာ မပြောနိုင်ဘူး. . . သိတဲ့အတိုင်းပဲ . . . တစ်သက်မှတစ်ခါဆောင်ရတဲ့မင်္ဂလာပွဲအတွက်ဆိုတော့ ပိုတယ်ဆိုတာ မရှိဘူး. . . အားလုံးက လိုနေမှာ. . . ဒီနေရာမှာတော့ သိပ်ပြီးစိစစ်ချွေတာနေလို့မသင့်တော်ဘူး ဟုတ်တယ်မဟုတ်လား. . . ဟား ဟား ဟား”

“ကိုရဲဝင်းသဘောပါပဲ. . . ဟင်း ဟင်း ဟင်း”

ကိုရဲဝင်း သူ့စကားသူ့သဘောကျပြီးရယ်သလို ရွှေအဆင်းလည်း အလိုက်သင့်ရယ်မိလေသည်။ ရယ်နေရင်းမှ သုံးဆယ့်ငါးသိန်းအတွက် အတိုးမည်မျှယူရမည်ကို စိတ်တွက်တွက်နေလေသည်။

“တစ်ဆယ်တိုးနဲ့ဆိုရင် သုံးသိန်းခွဲ. . . ဒါပေမဲ့ သူက မနက်ဖြန်ပြန်ပေးမှာဆိုတော့ ငါးကျပ်တိုးနဲ့ပဲ ယူလိုက်မယ်. . . ငါးကျပ်တိုးဆိုရင် တစ်သိန်းခုနစ်သောင်းငါးထောင်ကျမယ်. . . ဩော် - ငါးကျပ်တိုးလည်း မကောင်းပါဘူး. . . သုံးကျပ်တိုးလောက်ဆိုရင် တော်ရောပေါ့. . . သုံးကျပ်တိုးဆိုရင် ဘယ်လောက်ကျမလဲဆိုတော့. . . ဟင်





- ဒါလည်းမကောင်းသေးပါဘူးလေ. . . သူနဲ့ကိုယ်နဲ့ပဲ ယူလို့ လင်မယားတော်ကြတော့မယ်ဟာ. . . အတိုးယူမနေတော့ပါဘူး. . . ပြောစရာဖြစ်နေဦးမယ်”

ရွှေအဆင်း၏ဘဝတွင် ပထမဦးဆုံးအကြိမ်အဖြစ် ကိုရဲဝင်းကို အတိုးမဲ့ငွေချေးငှားရမ်းဖို့ ရှားရှားပါးပါးဆုံးဖြတ်ချက်ချလိုက်လေသည်။ သို့သော် အလုပ်သဘောအရရှိသေးသည်မို့

“ဩော် - ဒါနဲ့ ကိုရဲဝင်း. . . အခုယူသုံးမယ့်ပိုက်ဆံ သုံးဆယ့်ငါးသိန်းအတွက် ဘာပစ္စည်းအပေါင်ထားမှာလဲ”

“ဘယ်လို. . . ပစ္စည်းအပေါင်ထားရဦးမယ် ဟုတ်လား. . . ဟား ဟား. . . ရွှေအဆင်းက တော်တော်နောက်တတ်တာပဲ”

“ဟင်း ဟင်း. . ကျွန်မနောက်နေတာမဟုတ်ပါဘူး. . . အထင်မလွဲပါနဲ့. . . ကျွန်မ တကယ်အတည်ပြောနေတာပါ”

“ဟင် - တကယ်. . တကယ်ပြောနေတာ ဟုတ်လား”

“ဩော် - ဟုတ်ပါတယ်ဆို. . . ဒါမျိုးက နောက်စရာလား”

သူယူသုံးသောပိုက်ဆံအတွက် အပေါင်ပစ္စည်းထားဖို့ပြောနေသော ရွှေအဆင်းကိုကြည့်ပြီး ကိုရဲဝင်း မယုံနိုင်သေးဘဲဖြစ်နေရသည်။ ထို့ကြောင့် နောက်ပြောင်နေတာပဲအမှတ်ဖြင့်

“ကဲပါလေ. . . အပေါင်ပစ္စည်းတစ်ခုခုထားမှ ပိုက်ဆံချေးမယ်ဆိုရင်လည်း ပေါင်စရာပစ္စည်းကို ဝေးဝေးလံလံရှာမနေတော့ဘူး . . . ဟောဒီ ရဲဝင်းဆိုတဲ့လူကိုပဲ အပေါင်ထားလိုက်မယ် ဟုတ်ပြီလား”

ဟူ၍ ပြန်နောက်လိုက်လေသည်။ သို့သော်

“ဟင် - လူအပေါင်ထားတာ တန်ဖိုးဘယ်လောက်ရှိမှာမို့လဲ . . . ပစ္စည်းတွေကမှ ဘယ်ဟာက ဘယ်လောက်ဆိုပြီး တန်ဖိုးတွေက သူ့ဟာနဲ့သူရှိပြီးသား”

ဆိုသော ရွှေအဆင်း၏စကားကြောင့် ကိုရဲဝင်းပါးစပ်လည်း



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းသားဖြစ်သွားသလို ဒေါ်လည်းဖောင်းသွားရသည်။

"ဟင် - ဘယ်. . ဘယ်လိုပြောလိုက်တယ် ရွှေအဆင်း. . . လူ. . လူက တန်ဖိုး. . တန်ဖိုးမရှိဘူး ဟုတ်လား"

"ဟုတ်တယ်လေ. . . ဒါအလုပ်သဘောအရပြောတာပဲလေ"

"အလုပ်သဘောအရ ဟုတ်လား. . . စဉ်းစားပါဦး ရွှေအဆင်းရယ်. . . ဒီလူနဲ့ဒီလူ ပိုက်ဆံခဏဆွဲသုံးတာ အပေါင်ထားစရာလား"

"ဩော် - ဟုတ်တယ်လေ. . . ဒါကြောင့် ကျွန်မက ပထမ အတိုးယူမလို့စဉ်းစားနေတဲ့ဟာ. . . ဒီလူနဲ့ဒီလူမကောင်းပါဘူးလေ ဆိုပြီး အတိုးလုံးဝမယူတော့ဘဲ အပေါင်ခံပစ္စည်းလေးပဲ တောင်းလိုက်တာလေ"

"ဘာရယ် ဘာရယ်. . . ဒီလူနဲ့ဒီလူကို ပစ္စည်းအပေါင်ထားခိုင်းရုံတင်မကဘူး. . . အတိုးယူဖို့တောင် စဉ်းစားမိသေးတယ် ဟုတ်လား"

"အင်းလေ - ဒါပေမဲ့ မပူပါနဲ့. . . အတိုးလုံးဝမယူတော့ပါဘူး. . . ပစ္စည်းပဲအပေါင်ထားခဲ့လိုက်ပါ"

"ဘာ - ဒီလောက်ပြောနေတဲ့ကြားထဲကတောင် ပစ္စည်းအပေါင်ထားဖို့ တွင်တွင်ပြောနေသေးတယ်. . . ဘာလဲ - ရွှေအဆင်းက ကိုယ့်ကို ပိုက်ဆံတွေချေးပြီး ဘတ်ပြေးမယ့်ကောင်များ မှတ်နေလို့လား"

"ဩော် - ဒါကတော့ ဒါပေါ့. . . အခုပြောတာက အလုပ်သဘောအရပါ"

"ဘာအလုပ်သဘောအရလဲ. . . ဒါ တို့ကိုမယုံကြည်ဘူးဆိုတဲ့သဘောပဲ. . . ဒီမယ် ရွှေအဆင်း. . . ရဲဝင်းတို့က ကိုယ်ပိုင်လုပ်ငန်းတွေရှိတာမှ တစ်ခုတည်းမဟုတ်ဘူး. . . ဝါး၊ မနိုရောင်းဝယ်ရေးလုပ်





ငန်းတွေရော၊ သစ်အချောထည်လုပ်ငန်းတွေရော၊ အုတ်ဖိနှိပ်လုပ်ငန်းတွေရော လုပ်နေတာမှ အများကြီးပဲ"

"ဩော် - သုံးဆယ့်ငါးသိန်းလောက်နဲ့တော့ အဲဒီလုပ်ငန်းတွေ ပေါင်စရာမလိုပါဘူး. . . အခု ကိုရဲဝင်းဆီမှာ တစ်ပါတည်းပါလာတဲ့ ဟန်းဖုန်းနဲ့ ဆွဲကြိုးရယ်. . . အင်း - လက်စွပ်ရယ်၊ ဟန်းချိန်းရယ် . . . နောက်ပြီး ကားအုံနာဘုတ်ရယ် အပေါင်ထားရင်ဖြစ်ပါပြီ"

"ဟင်း ဟင်း. . . ပြောနေရင်းနဲ့ကို. . . ပြောနေရင်းနဲ့ကို လုပ်ငန်းတွေအများကြီးပိုင်တဲ့လုပ်ငန်းရှင်ကိုမှ ဘာမဟုတ်တာလေးတွေ အပေါင်ထားခဲ့ခိုင်းနေတယ်"

"ဟင် - ဘာလဲ. . . ကိုရဲဝင်းက လုပ်ငန်းတွေပါအပေါင်ထားချင်လို့လား. . . ကြည့်ရတာ ငွေတော်တော်လိုနေတယ် ထင်တယ်. . . ဒါဆိုလည်း ရတယ်လေ. . . ငွေဘယ်လောက်လိုလဲ ပြော . . . ကျွန်မချေးနိုင်ပါတယ်. . . အတိုးလည်း အသက်သာဆုံးဖြစ်. . ဖြစ်. . ."

"တော် - မင်းဆက်မပြောနဲ့တော့. . . မင်းပြောလိုက်ခါမှပဲ လူလည်း ဘာတန်ဖိုးမှမရှိတဲ့ကောင်ဖြစ်သွားရသလို ရှိသမျှလုပ်ငန်းတွေပါ လိုက်ပေါင်နှံနေရတဲ့ အကြွေးသူဌေးဘဝကိုရောက်သွားပြီ. . . မင်းလိုမိန်းမမျိုးက ဘာမှလုပ်စားဖို့မကောင်းဘူး. . . ငွေတိုးချေးစား ပစ္စည်းအပေါင်ခံစားဖို့ပဲ ကောင်းတယ်"

"ဟယ် - ကွက်တိ ကွက်တိ. . . ကျွန်မလည်း အဲဒီလုပ်ငန်း လုပ်ဖို့ စဉ်းစားထားတာ"

"ဟင် - မှားပါတယ် မှားပါတယ်. . . ငါကိုက မှားတာပါ . . . ငါဆက်ပြီးမမှားဖို့အတွက် မင်းလိုချစ်တီးကုလားသေလို့ ဝင်စားတဲ့မိန်းမမျိုးကို အဝေးကြီးကရှောင်တော့မယ် သိလား"

"ဩော် - ဒုက္ခပါပဲ ကိုရဲဝင်းရယ်. . . ကျွန်မက အလုပ်



www.burmeseclassic.com

www.burmeseclassic.com



သဘောပြောတဲ့ဟာကို ဘာလို့ဒီလောက်တောင် ပေါက်ကွဲသွားရတာလဲ"

"တော်. . တော်. . . မင်းဘာမှမပြောနဲ့တော့. . . ငါသွားတော့မယ်. . . ဒီနေ့ကစပြီး မင်းမျက်နှာလည်း ငါမတွေ့ချင်ဘူး. . . ငါ့မျက်နှာလည်း ငါမတွေ့ချင်ဘူး. . . ဒါပဲ"

ကိုရဲဝင်း လက်တကာကာ ခြေတကာကာနှင့် ရွှေအဆင်းကို တွေ့ရတာ တစ္ဆေသရဲကိုတွေ့ရသလို ကြောက်လန့်တကြားရေရွတ်ပြောဆိုပြီး နေရာမှပြေးထွက်သွားလေသည်။

"ဟယ်တော့. . . ငါပြောတာ ဘာမှားလို့လဲ. . . ဘာမှလည်း မမှားဘဲနဲ့. . . ဘယ်လိုလူလဲ မသိပါဘူး. . . အူကြောင်ကြောင်နဲ့"

ဆိုပြီး နေရာမှာတစ်ယောက်တည်း နားမလည်နိုင်စွာ ရေရွတ်ကျန်ရစ်ခဲ့သော ရွှေအဆင်းသည် ထိုမှစ၍ယနေ့ထက်တိုင် မည်သည့်ယောကျ်ားနှင့်မျှမပတ်သက်တော့ဘဲ အပျိုကြီးဘဝကို အလိုအလျောက်ခံယူပြီးဖြစ်နေပါတော့သည်။





## ရှုမဝ

ရှုမဝကတော့ တောင်ကြီးသူဖြစ်သည်။ ထူးခြားဂုဏ်ရည်ကတော့ မေ့တတ်ခြင်းပင်ဖြစ်သည်။

ယခင်ကတော့ သူမ သည်လိုမမေ့တတ်ဟုဆိုသည်။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်ရမည့်နှစ်တွင် မထင်မှတ်ဘဲ အဖျားရောဂါအပြင်းအထန်ခံစားခဲ့ရသည်။ ဆရာဝန်များ အထူးကြိုးစားကုသပေးခဲ့သည့်အတွက် သေကံမရောက်ဘဲ အဖျားရောဂါပျောက်ခဲ့ရသည်။ သို့ပေမယ့် လူက အရင်လိုအမှတ်သညာမကောင်းတော့ဘဲ မေ့လွယ်တတ်ခဲ့သည်။

သူမ သည်လိုအမေ့ကောင်းသည့်အတွက်လည်း ပျိုပျိုခင်၊ မြတ်မမ၊ ရွှေအဆင်းတို့နှင့် တွဲမိသွားဖြစ်သည်။

ဖြစ်ပုံက သည်လို. . .။

အဆောင်မှာ ဆောင်းအေးအေးနှင့်ကွေးကောင်းနေကြတုန်း ဝီရိယရှိသောရှုမဝက ပျိုပျိုခင်တို့ကို အတင်းလိုက်နှိုးပြီး ကျောင်းသွားဖို့သတိပေးရင်း ပြင်ဆင်ခိုင်းသည်။ သူကိုယ်တိုင် သွက်လက်တက်ကြွစွာ ရေချိုးအဝတ်အစားလဲပြီး ကျောင်းသွားဖို့ပြင်ဆင်နေလေသည်။ ထို့ကြောင့် အဆောင်ဖော်အတန်းနားနီးချင်းများဖြစ်သော ပျိုပျိုခင်၊ မြတ်မမနှင့် ရွှေအဆင်းတို့လည်း အိပ်ယာမှလူးလဲထပြီး ရေမိုးချိုး



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ကြရသည်။

ပြီး လေးယောက်သား ကျောင်းလွယ်အိတ်လေးတွေ ကိုယ်စီလွယ်ပြီး ကျောင်းကိုသွားကြသည်။

သို့သော် ကျောင်းရောက်သည့်အခါမှာတော့ ရန်ကုန်တက္ကသိုလ်ဝင်းကြီးအတွင်းတွင် ကျောင်းသားကျောင်းသူများကိုမတွေ့ရဘဲ ထူးထူးခြားခြားဆိတ်ငြိမ်နေသည်ကို သတိပြုမိသည်။

လေးယောက်သား သူတို့ကျောင်းရောက်တာ စောများစောနေလို့လားဆိုပြီး လက်ကနာရီကိုငုံ့ကြည့်လိုက်၊ ကျောင်းဝင်းထဲကို ဝေ့ဝဲကြည့်လိုက်၊ အချင်းချင်းပြန်ကြည့်မိလိုက်နှင့် ဇဝေဇဝါဖြစ်သွားကြရသည်။

"ဟင် - ကျောင်းသားတွေလည်း တစ်ယောက်မှမတွေ့ကြရပါလား"

"အေးလေ - တစ်ကျောင်းလုံးလည်း တိတ်ဆိတ်နေတာပဲ . . . ထူးတော့ထူးဆန်းနေတယ်ဟ"

"ဧကန္တ - ငါတို့များ ကျောင်းရောက်တာစောနေလို့လားမသိဘူး"

"စောတော့မစောဘူးဟ. . . ခါတိုင်းလည်း ဒီအချိန်ကျောင်းထဲမှာ ကျောင်းသားတွေဖွေးဖွေးလှုပ်နေကြပြီ. . . ဒီနေ့ကျ ဘာဖြစ်တာလဲမသိဘူး"

ထိုကဲ့သို့လေးယောက်သား ခြေလှမ်းလေးတုံ့လိုက်ပြီး ဇဝေဇဝါဖြစ်နေကြစဉ် လမ်းလျှောက်ပြန်လာဟန်တူသော အဆောင်မှူးက

"ဟင် - မြတ်မမတို့၊ ပျိုပျိုခင်တို့၊ ရွှေအဆင်းတို့၊ ရှုမဝတို့ပါလား. . . ဒီနေ့ ကျောင်းပိတ်ရက်ကြီးကို စောစောစီးစီးကျောင်းလွယ်အိတ်တွေလွယ်ပြီး ကျောင်းထဲဘာလာလုပ်ကြတာလဲ"

ဟူ၍ သူမတို့လေးယောက်ကြည့်ပြီး တအံ့တသြပြောလေခါ





မှ ရှုမဝလည်း လျှာလေးတစ်လစ်ထုတ်ပြီး

"ဟယ်တော့ - ဟုတ်သားပဲ. . . ဒီနေ့ကျောင်းပိတ်ရက်ဆိုတာကြီး မေ့သွားတယ်"

ဟူ၍ ရဲတက်သွားသောမျက်နှာလေးကိုအဖော်ပြုရင်း ပျိုပျိုခင်၊ မြတ်မမနှင့် ရွှေအဆင်းတို့ကို အားတုံ့အားနာပြန်ကြည့်လေသည်။

သူမကို သုံးယောက်လည်း ထိုအခါကျမှ ဘာမှမတတ်နိုင်တော့ဘဲ 'သေလိုက်ပါတော့ဟယ်'ဆိုပြီး ကိုယ့်နဖူးသာကိုယ်ရိုက်ရုံတတ်နိုင်ကြတော့သည်။

အံ့သြစရာကောင်းသည့်တစ်ခုကတော့ ထိုမေ့တတ်လွန်းသော ရှုမဝဆိုသည့်ကောင်မလေးက သူငယ်ချင်းလေးယောက်ထဲမှာ အစွံဆုံးဖြစ်သည်။

ရှုမဝမှုကတော့ ရှင်းသည်။ ရည်းစားဆိုတာ တစ်ယောက်မကထားဖူးမှ ယောကျ်ားတွေအကြောင်းကို ကောင်းကောင်းသိမည်။ ယောကျ်ားတွေရဲ့အလိမ်ကို လွယ်လွယ်မခံရနိုင်။ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုသလို ထိုရည်းစားတွေထဲက ကိုယ်နှင့်တစ်သက်လုံးပေါင်းဖက်ဖို့ သင့်တော်သည့်ယောကျ်ားကောင်းကို ရွေးချယ်ရမည်ဟု ကြွေးကြော်ထားလေသည်။

သူမကြွေးကြော်သည့်အတိုင်းပင်။ သူမတက္ကသိုလ်နောက်ဆုံးနှစ်တက်သည့်အချိန်တွင် သူမ၏အိမ်ထောင်ဖက်အဖြစ် အထိုက်တန်ဆုံးဆိုသော ကိုကိုကြီးနှင့်တွေ့လေသည်။

ကိုကိုကြီးဆိုတာကလည်း ရှိသည့်အသက်ထက် နှစ်ဆခွဲခန့်ပိုရင့်သည့်ရုပ်မျိုးနှင့် ဘယ်အချိန်ကြည့်ကြည့် အမြဲအရက်မူးနေသည့်မျက်နှာထား (ဒါကိုပဲ ဉပမိခိုင်သည်ဆိုပြီး ကြံဖန်ဂုဏ်ယူနေသေးသည်။) က တစ်ပြားမှမလျော့သည်ကလွဲလို့ ယောကျ်ားပီသသူဖြစ်သည်။ စိတ်ထားကောင်းသည်။ အန္တတာခံနိုင်သည်။ ရှုမဝ အရင်က



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားတွေများခဲ့တာကိုလည်း နားလည်ခွင့်လွှတ်ပေးသည်။ အရေးကြီးတာက သူနှင့်လက်တွဲသည့်အချိန် နောက်လူဆိုတာတွေလည်း မတွေ့စေနဲ့တော့။ အရင်လူဆိုတာတွေနဲ့လည်း ဇာတ်လမ်းတွေ ပြတ်အောင် ဖြတ်ပစ်ဆိုတာပဲဖြစ်သည်။

ရှုမဝကလည်း ကိုကိုကြီးမပြောခင်ကတည်းက သူ့မှုအတိုင်း လင်ကောင်းတစ်ယောက်နှင့် ရည်းစားတစ်ထောင်ကို အပြီးတိုင်လဲပစ်ပြီးဖြစ်သည်။

ထို့အတွက် ကိုကိုကြီးကလည်း ရှုမဝကို ကျေးဇူးလည်းတင်၊ အချစ်လည်းပိုလာရသည်။

သို့ပေမယ့်. . . သို့ပေမယ့်ပေါ့လေ. . .။

ရိပ်မိတယ်မဟုတ်လား။ သို့ပေမယ့်လို့ စကားခံလိုက်ပြီဆိုတာနှင့်လေ။

အဲသည် သို့ပေမယ့်ကိုစွပြောပြရရင်တော့ ဒီလို. . .။

ကိုကိုကြီးနှင့် ရှုမဝတို့နှစ်ယောက် ဘူးသီးကြော်ဆိုင်မှာ အတူထိုင်ပြီး ကျောင်းပြီးလျှင်လက်ထပ်ပေါင်းသင်းကြတော့မည့်အကြောင်းကို တစ်ယောက်ပါးစပ်ထဲတစ်ယောက် ဘူးသီးကြော်ခွံ့ကျွေးရင်း ဆွေးနွေးတိုင်ပင်လို့မှမကြာသေး။ အပြန်အလှန် ချစ်ခင်ယုယမှုတွေနှင့် ချစ်နှလုံးထပြီးတာမှ လောလောလတ်လတ်ရှိသေးသည်။

အကြော်ဖိုးရှင်းပေးပြီး ပြန်ဖို့နေရာမှအထတွင် အနားမှ ဖြတ်လျှောက်သွားသော ရည်းစားဟောင်း ဉာဏ်ပေါ်ကို ဖျတ်ခနဲတွေ့လိုက်သည်။ သူ့ဘေးမှာလည်း ကောင်မလေးတစ်ယောက်ပါသေးသည်။

ရှုမဝသွေးတွေဆူဝေသွားရသည်။ ထို့ကြောင့် အချိန်မဆိုင်းဘဲ ဉာဏ်ပေါ်နောက်သို့ အပြေးတစ်ပိုင်းလိုက်သွားပြီးနောက် ရှေ့မှ ပိတ်ရပ်လိုက်သည်။ ထို့နောက် ဉာဏ်ပေါ်အား တင်းမာခက်ထန်သော





အကြည့်များဖြင့်ကြည့်ရင်း

"ကိုဉာဏ်ပေါ် - ရှင်တော်တော်ပျော်နေတယ်ပေါ့ ဟုတ်လား"

ဟုဆိုလေရာ ဉာဏ်ပေါ်လည်း ရုတ်တရက်မို့ ကြောင်အမ်းသွားရသည်။

"ဟင် - ရှုမဝပါလား. . . ဘာ. . ဘာဖြစ်လို့လဲဟင်"

"အောင်မယ်. . အောင်မယ်. . . ရုပ်ကိုက ခိုးစားနေကျ ကြောင်ပါးရုပ်နဲ့. . . ဘာဖြစ်လို့လဲ ဟုတ်လား. . . ဒီမယ် - ဘာဖြစ်ရမှာလဲ. . . ရှင့်ဘေးနားကတစ်ယောက်က ဘယ်သူလဲ ပြော"

"ဒါ. . ဒါ တို့ချစ်သူလေ"

"ဘာရယ်. . . ဘာရယ်. . . ဒီက ရည်းစားတစ်ယောက်လုံးကို ရှေ့မှာထားပြီး ဒါ တို့ချစ်သူလေလို့ ရှင်မို့မျက်နှာပြောင်တိုက်ပြီး ပြောရဲသေးတယ် ဟုတ်လား. . . ကဲ - ပြောစမ်းပါဦး. . . ရှင်က ဘယ်လိုလဲ. . . ချစ်သူတစ်ယောက်လုံး အရှင်လတ်လတ်ကြီးရှိရက်နဲ့ ကွယ်ရာမှာ ခြေပုန်းခုတ်ရုံတင်မကဘူး. . . ပြောင်ပြောင်တင်းတင်းကို တွဲခုတ်နေရဲပါပေါ့လား. . . တော်တော်အရှက်မရှိတဲ့လူပဲ"

"ဟင် - မင်း. . မင်း ဘာတွေလာပြောနေတာလဲ"

"မောင်. . . သူ. . သူက ဘယ်သူလဲဟင်"

"နေဦး ကေလေး. . . ပြီးမှ မောင်ရှင်းပြမယ်"

"အံမယ် အံမယ်. . . မောင်တွေဘာတွေဖြစ်နေပါလား. . . ဒီမယ် - ရှင်းပြရင်လည်း အခု မျက်နှာစုံညီရှိတုန်း ပေါ်တင်ရှင်းပြလိုက်စမ်းပါ"

"နေ. . နေပါဦး. . . အဲလိုရှင်းကြလင်းကြရအောင် မင်းနဲ့ ငါနဲ့ ဘာဆိုင်တော့လို့လဲ. . . မင်းနဲ့ငါနဲ့ဇာတ်လမ်းက ပြတ်သွားတာပဲ ဘယ်နှနှစ်ရှိနေပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ပေါ့ စကားကြောင့် ရှုမဝလည်း တစ်ချက်တွေခနဲဖြစ်သွားရသည်။

"နှင်းတွေတဖွဲဖွဲကျနေတဲ့ ဒီဇင်ဘာနံနက်ခင်းတစ်ခုမှာ မင်းရဲ့ပန်းနုရောင်နှုတ်ခမ်းနှစ်လွှာက ဒီနေ့ကစပြီး ကျွန်မမျက်နှာလည်း ရှင်ဘယ်တော့မှမတွေ့ချင်နဲ့တော့. . . ရှင့်မျက်နှာလည်း ရှင်ဘယ်တော့မှမကြည့်ချင်နဲ့တော့လို့ အပြတ်ကြီးကောလွှတ်လိုက်တာလေ. . . တကယ်. . . တွေးမိတိုင်း အသည်းကခုထိနာတုန်းပဲ"

"ဟင် - ဟုတ်. . ဟုတ်သားပဲ. . . ရှင်နဲ့ကျွန်မ ပြတ်ပြီးတဲ့ဟာကိုမေ့ပြီး ကောင်မလေးတစ်ယောက်နဲ့ရှင့်ကို ရုတ်တရက်တွေ့လိုက်တော့ မပြတ်သေးဘူးပဲထင်ပြီး လာကောမိတာ. . . အဟင်း - ဆောရီးနော်. . . အားနာဖို့တောင်ကောင်းနေပြီ. . . အဟင်း ဟင်း"

"မင်း တကယ်တမ်းအားနာရမှာက သူ့ကိုမဟုတ်ဘူး. . . ကိုကိုကြီးဆိုတဲ့ ဟောဒီကောင်ကိုအားနာရမှာကွ သိလား"

ဉာဏ်ပေါ်တို့ကို ပြန်တောင်းပန်နေစဉ်မှာ ဘယ်အချိန်တည်းက အနားမှာရောက်နေမှန်းမသိသော ကိုကိုကြီး၏ဒေါသတကြီးအသံကိုကြားရလေသည်။

ဉပမိခိုင်သူမို့ မျက်နှာက ဘယ်အချိန်ကြည့်ကြည့် အရက်သောက်ထားသူတစ်ယောက်လို။ မျက်နှာက အမြဲနီနေတတ်လေရာ ကိုကိုကြီး ဒေါသတကယ်ထွက်၊ မထွက်ကို ခန့်မှန်းရခက်လှသည်။ သို့သော် အသံကိုနားထောင်ကြည့်ရတာကတော့ အမှန်တကယ်ဒေါသထွက်ပြီး အမှန်တကယ်လည်း ခံစားနေရမှန်းသိသာသည်။

"ဘယ့်နှယ့်ကွာ - မေ့တတ်ပုံကလည်း သတ်ပစ်ချင်စရာကောင်းတယ်. . . ကျောင်းပြီးရင်လက်ထပ်တော့မယ့် ခင်ပွန်းလောင်းတစ်ယောက်လုံး ဘေးမှာရှိနေတာကိုမေ့ထားပြီး ရည်းစားဟောင်းကောင်မလေးတစ်ယောက်နဲ့တွဲလာတာမြင်လို့ ပေါက်ကွဲပြီးသွားကော





သတဲ့. . . ပြီးတော့မှ အဲဒီရည်းစားနဲ့ ရှင်းရှင်းလင်းလင်းပြတ်ပြီးတာကိုလည်း မေ့သွားလို့တဲ့လေ. . . ကောင်းရောကွာ. . . ကောင်းရော"

"အဟင်း. . . ဒါက ဘယ်လိုဖြစ်သွားရတာလဲဆိုတော့. . ."

"တော်ပါတော့ကွာ. . . တော်ပါတော့. . . အဲသလိုမေ့တတ်တဲ့မိန်းမမျိုးနဲ့က မပတ်သက်တာအကောင်းဆုံးပဲ. . . တော်ကြာ မင်းနဲ့ငါလက်ထပ်ပြီးခါမှပဲ လက်ထပ်ထားတာမေ့နေလို့ပါဆိုပြီး ရည်းစား အသစ်ထပ်ထားတာပဲဖြစ်ဖြစ်. . . ပြန်တွေ့တဲ့ရည်းစားဟောင်းကို မပြတ်သေးဘူးအထင်နဲ့ ခိုးရာလိုက်ပြေးတာပဲဖြစ်ဖြစ် မကြုံဘူးလို့မပြောနိုင်ဘူး. . . ဒါကြောင့် ဒီနေ့ကစပြီး ကိုယ့်ဘဝကိုယ်ကယ်တင်တဲ့အနေနဲ့ ကိုယ့်ကိုယ်ကိုယ်အချိန်မီဘရိတ်အုပ်ပြီး နောက်ကြောင်းပြန်လှည့်သွားပါပြီ ဒေါ်မေ့မဝ. . . အဲလေ - ဒေါ်ရှုမဝရေ"

ထိုမှစ၍ ရှုမဝသည် သူမ၏မေ့ဂုဏ်ရည်ကို သူမကောင်းစွာနာကြည်းသဘောပေါက်ခဲ့သည်မို့ ဘယ်ယောကျ်ားနှင့်မှမပတ်သက်တော့ဘဲ အော်တိုမစ်တစ်အပျိုကြီးဘဝသို့ ရောက်ခဲ့ရသည်သာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## မြတ်မမ

မြတ်မမဆိုတာကတော့ ရန်ကုန်မှာပဲမွေး၊ ရန်ကုန်မှာပဲကြီးပြီး ရန်ကုန်တက္ကသိုလ်မှာပဲ ဘွဲ့ရခဲ့သူဖြစ်သည်။ ငယ်ငယ်လေးတည်းက စွာတေးဘွဲ့ကိုရထားသူဖြစ်သည်။

တက္ကသိုလ်ရောက်သည့်အခါမှာလည်း အချောအလှလေးပဲမို့ ပေါ်တင်ပိုး၊ ကြိတ်ပိုး၊ နောက်ပိုး၊ ရှေ့ပိုးတွေက ဒုနဲ့ဒေးပင်ရှိခဲ့သည်။ ဒါက သူမ အကြောင်းမသိခင်ကသာဖြစ်သည်။

လူကောင်သေးသလောက် စိတ်ကြီးသောသူမက လက်မြန်ခြေမြန်လည်းရှိသေးသဖြင့် သူမကိုပိုးပန်းသူများအဖို့ သိပ်ပြီးမချောင်လှ။ မထင်ရင်မထင်သလို တွေ့ရာနှင့်ကောက်ထုတတ်သည်။ အသံစွာစွာနှင့် လက်ညှိုးငေါက်ငေါက်ထိုးပြီး အော်ဟစ်ရန်တွေ့တတ်သည်။ ကြာတော့ လူကိုကြိုက်သော်လည်း စိတ်ကိုကြောက်သဖြင့် ဘယ်ယောက်ျားလေးမှ အနားမကပ်ရဲကြတော့။ ဒါကိုပဲ သူမကနှောင့်ယှက်သူ မရှိဆိုပြီး ကြဲဖန်ဂုဏ်ယူနေတတ်ပြန်သေးသည်။

သူမ သည်လိုစွမ်းသည့်အတွက်လည်း ပျိုပျိုခင်၊ ရွှေအဆင်းနှင့် ရှုမဝတို့က သူမကိုအားကိုးကြသည်။ သူမ၏အရှိန်နှင့် တော်ရုံတန်ရုံကောင် အနားမကပ်ရဲတော့။ ဘာပြောပြော အထိုက်အလျောက်တော့ လုံခြုံမှုရှိ၍ စိတ်သက်သာရာရကြသည်က အမှန်ဖြစ်သည်။





သူမ သည်လိုဇောင်းထက်နေသဖြင့် အိမ်ထောင်ဖက်တွေ့ဖို့မလွယ်ဆိုသည်ကို မိဘနှစ်ပါးလုံးက သဘောပေါက်ကြသည်။

ထို့ကြောင့် သမီးကညာ အခါမလင့်ဆိုသလို သူမကျောင်းပြီးသည်နှင့် သူတို့မိတ်ဆွေဦးခင်အောင်၊ ဒေါ်မြသက်တို့၏ တစ်ဦးတည်းသောသား မောင်သန်းစိုးနှင့် နေရာချပေးရန် စီစဉ်ကြလေသည်။

မောင်သန်းစိုးကလည်း မြတ်မမကို မြင်မြင်ချင်းသဘောကျသလို မြတ်မမကလည်း မိဘစကားမပယ်ရှားဘဲ နာခံပါမည့် သမီးအလိမ္မာလေးလမ်းစဉ်ကို လိုက်လေသည်။

သည်လိုနှင့် လူကောင်းလူအေးမောင်သန်းစိုးနှင့် သမီးအလိမ္မာ မြတ်မမတို့ စေ့စပ်ကြောင်းလမ်းသည့်နေ့သို့ အစီအစဉ်အတိုင်း အဆင်ပြေချောမွေ့စွာရောက်ရှိခဲ့လေသည်။

"အေးဗျာ. . . ကျွန်တော်တို့လင်မယားမှာလည်း လူရိုးလူအေး တစ်ဦးတည်းသောသားလေးအတွက် သင့်တော်တဲ့အိမ်ထောင်ဖက်ကောင်းနဲ့တွေ့ဖို့ အမြဲစိတ်ပူနေခဲ့ရတာ. . . အခုတော့ ကိုမောင်တို့ မနှင်းတို့ရဲ့သမီးအလိမ္မာလေးနဲ့ နေရာချပေးနိုင်ပြီဖြစ်တဲ့အတွက် စိတ်အေးသွားပြီ. . . ဒီအတွက် ဝမ်းလည်းဝမ်းသာတယ်. . . ကျေးဇူးလည်း အထူးပဲတင်မိပါတယ်"

"ကျွန်တော်တို့လည်း ဒီလိုပါပဲ ကိုခင်အောင်ရယ်. . . သမီးတစ်ကောင် နွားတစ်ထောင်ဆိုသလို စိတ်ပူရတာပါပဲ. . . အခုတော့ မောင်သန်းစိုးလို ရည်ရည်မွန်မွန် တည်တည်ငြိမ်ငြိမ်နဲ့ အနေအေးတဲ့ ကလေးမျိုးနဲ့ နေရာချပေးနိုင်တော့မယ်ဆိုမှပဲ ရင်ထဲကအပူလုံးက ပြုတ်ကျရတော့တာဗျို့"

"အင်း - ဟုတ်ပါရဲ့ရှင်. . . ကျွန်မတို့သားလေး အနေအေးသလို သမီးလေးကလည်း ဗိုင်းကောင်းကျောက်ဖိလေးဆိုတာ သူပြောဆိုဆက်ဆံပုံသိမ်မွေ့နူးညံ့တာကိုကြည့်ပြီး အတတ်ပြောနိုင်မှ



www.burmeseclassic.com

www.burmeseclassic.com



တယ် . . . သမီး - လိုအပ်တာရှိရင် အမေတို့ကိုပြောနော် . . . ယောက္ခမဆိုပေမယ့်လည်း မိဘတွေလိုပဲသဘောထားနော်"

"ဟုတ်ကဲ့ရှင့် . . စိတ်ချပါရှင့် . . . ယောက္ခမဆိုတာ မိဘနဲ့ မခြား ပြုစုစောင့်ရှောက်ရမယ်လို့ ခံယူထားပြီး သားပါရှင့်"

"အို - ကြည့်စမ်းပါဦး . . . လိမ္မာရေးခြားရှိလိုက်တဲ့သမီးလေး ပါလား . . . ဒီလိုသမီးမျိုးကို ချွေးမတော်ရတာ ကံကောင်းလိုက်တာ"

"သေချာတာပေါ့ မိန်းမရယ် . . . ဒီပုံအတိုင်းဆိုရင် ချွေးမက သမီးဖြစ်လာပြီး သားက သားမက်ဖြစ်သွားမလားတောင် မပြောတတ် ပါဘူး . . . ဟား ဟား ဟား"

မောင်သန်းစိုး၏မိဘနှစ်ပါးကတော့ လိမ္မာရေးခြားရှိသော၊ နူးညံ့သိမ်မွေ့သော ဝိုင်းကောင်းကျောက်ဖိမိန်းမချောလေးကို ချွေးမ တော်ခွင့်ရစေတော့မည်ဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်နေလေ သည်။ အိမ်ထောင်ကို တည်တံ့ခိုင်မြဲအောင် စိတ်ရှည်သည်းခံပြီး ထိန်း ကျောင်းသွားနိုင်မည်ဆိုတာလည်း တစ်ခဏအတွင်းမှာပင် အလိုလို ယုံကြည်မှုတွေပေးနေမိကြပြန်သေးသည်။

"ဩော် - သမီးလေးကို တစ်ခါတည်းမှာထားရဦးမယ် . . . ဒီကောင် သမီးကိုအနိုင်ကျင့်တယ်၊ ဆူပူကြိမ်းမောင်းတယ်ဆိုရင် ဒီ အတိုင်းခေါင်းငုံ့ခံမနေနဲ့ သိလား . . . အဖေတို့ကို ချက်ချင်းလာတိုင် ပြော . . . နောင် အနိုင်မကျင့်ရဲအောင် တစ်ခါတည်းဆုံးမပစ်လိုက် မယ် သိလား"

"ဟင်း ဟင်း ဟင်း"

"မရယ်နဲ့ သမီးရဲ့ . . . အဖေတကယ်ပြောနေတာ . . . သား နော် . . . သားကိုလည်း တစ်ခါတည်းကြိုပြောထားမယ်နော် . . . လင် နဲ့မယား လျှာနဲ့သွားဆိုသလို အဖုအထစ်လေးတွေ မကြာမကြာဖြစ် တတ်တာ အိမ်ထောင်သည်သဘာဝဆိုပေမယ့် သမီးလေးကို စိတ်





မညစ်စေနဲ့နော် . . . ဒေါသထွက်စရာ ဘယ်လောက်ပဲကြုံနေပါစေ . . . ကြမ်းကြမ်းတမ်းတမ်းမပြောနဲ့ . . . လက်ပါခြေပါမဖြစ်စေနဲ့ . . . အဖေတို့ ဒါမျိုးလုံးဝခွင့်မလွှတ်ဘူးနော်"

"စိတ်ချပါ အဖေရဲ့ . . . သားအကြောင်းလည်း သိရဲ့သားနဲ့"

"ဩော် . . ဒီလောက်လည်း စိုးရိမ်မနေကြပါနဲ့ . . . မောင် သန်းစိုးကြည့်ရတာလည်း အဲသလိုစိတ်ပူရမယ့်လူမျိုးမဟုတ်ပါဘူး"

"အဟင်း - ကိုယ့်သားလေးက ဒီလိုစိတ်ပူရမယ့်သူမဟုတ် မှန်းတော့သိပါတယ် . . . ဒါပေမဲ့ ဒီလိုနူးညံ့သိမ်မွေ့ပြီး အမြဲအလျှော့ ပေးဖို့အသင့်ဖြစ်နေတတ်တဲ့ သမီးအလိမ္မာလေးအတွက်ဆိုရင်တော့ ကျွန်မတို့က စိတ်ကိုကြိုပူပေးရမှာပဲလေ . . . မဟုတ်ဘူးလား မနှင်း ရယ်"

"ဟုတ်ပါသတဲ့ရှင့် . . . ဟုတ်ပါသတဲ့ . . . ခစ် ခစ် ခစ်"

"ဟား ဟား ဟား"

သူတို့သမီးအကြောင်းကို သူတို့အသိဆုံးဖြစ်သော မြတ်မမ ၏မိဘနှစ်ပါးလည်း အဆင်ပြေအောင် ဖော်လိုလိုက်ပြောနေရသည်။ ရင်ကတော့ ထိတ်ချင်ရယ်ရယ်။

သည်လို ရင်ထိတ်ချင်ချင်ဖြစ်နေသည်ကို စိတ်ချလက်ချ ရင် ထိတ်လိုက်နိုင်လောက်အောင် ကံတရားက သူတို့ကိုမျက်နှာသာပေး လာလေသည်။

မြတ်မမတစ်ယောက် ခင်ပွန်းလောင်းနှင့် ယောက္ခမလောင်း များရှေ့တွင် မျက်နှာချိုချိုလေးနှင့် ဟုတ်ကဲ့ပါရှင့်၊ ဟုတ်ပါတယ်ရှင့် တွေနှင့် အတူးယဉ်ကျေးလိမ္မာနေစဉ်မှာပင် အိမ်ထဲသို့ ရပ်ကွက် အတွင်းရှိ အမျိုးသမီးကြီးတစ်ဦးနှင့် အမျိုးသမီးငယ်တစ်ဦးတို့ ဝင်လာ လေသည်။ အိမ်ထဲရောက်သည်နှင့် ဒေါသကဲနေဟန်တူသော အမျိုး သမီးငယ်က



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်. . . အန်ကယ့်သမီးကို သေချာဆုံးမထားပါ"

ဆိုပြီး ခရီးရောက်မဆိုက် တိုက်ပွဲခေါ်သံပေးလေသည်။ စိမ်ခေါ်ရင် ဘွားမခတ်တတ်သောမြတ်မမလည်း နေရာမှဆတ်ခနဲထရပ်ဖို့ပြင်လိုက်သေးသည်။

သို့သော် သည်နေ့အမှတ်ယူရမည့်နေ့မှာ အမှတ်တွေလျော့သွားမှာစိုးသဖြင့် မနည်းအိန္ဒြေပြန်ဆည်ပြီး ဟန်မပျက်ဆက်ထိုင်လိုက်ရသည်။ မြတ်မမ၏ဖခင်နှင့်မိခင်လည်း ပျာသွားလျှက်

"ဘာ. . ဘာဖြစ်လို့လဲကွယ်. . . တစ်ရပ်ကွက်တည်းသားချင်းတွေပဲ. . . လာပါ. . . အေးအေးဆေးဆေးထိုင်ပြောပါ"

"ဟုတ်ပါတယ်ကွယ်. . . ဖြစ်နိုင်ရင် ခဏနေကျမှတွေ့ပြီး စကားပြောကြတာပေါ့. . . အခု ဒီမှာ သားရေးသမီးရေးကိစ္စလေး ရှိနေလို့ပါ"

"ဟင် - ဟုတ်လား. . . ဒါဆိုရင် နောက်မှပဲ တစ်ခေါက်ထပ်လာခဲ့. . ."

"ဟာ - မမေမေကလဲ. . . နောက်မှဆိုရင် သွေးအေးသွားမှာပေါ့. . . ဒီကိစ္စမျိုးက သွေးပူတုန်းရှင်းလိုက်တာ ကောင်းတယ်"

မအေဖြစ်သူက အခြေအနေကိုရိပ်စားမိပြီး အားနာသွားဟန်ဖြင့် နောက်ကြောင်းပြန်လှည့်ဖို့ပြင်သော်လည်း စွာတေးတစ်ယောက်ပင်ဖြစ်ဟန်တူသော သမီးဖြစ်သူက အလိုက်ကန်းဆိုးမသိဘဲ ရန်လိုနေလေသည်။

"ဟဲ့ - မြတ်မမ. . . နင် ငါ့မောင်လေးခေါင်းကို ခေါက်ထီးနဲ့ရိုက်ခဲ့လို့ ငါ့မောင်လေးခေါင်းကွဲပြီး ဆေးခန်းသွားပြထားရတယ် . . . အဲဒါ နင်ဘယ်လိုရှင်းပေးမလဲ ပြော"

"ဟင်"

"အလို"





"အို - ဘုရားရေ"

မြတ်မမကို အလွန်တရာသိမ်မွေ့နူးညံ့သည်ဟု သူတို့ဘာသာ ထင်ထားကြသော မောင်သန်းစိုးတို့မိသားစုလည်း ကြားလိုက်ရသော စကားကြောင့် မယုံနိုင်အောင်ဖြစ်သွားကြရသည်။

မြတ်မမလည်း ဒီနေ့ ဒီရက်မျိုးမှာမှ အိမ်ထဲအထိဝင်ပြီး လူပါးဝနေသော မိန်းမကို အတော်ကြီးတင်းသွားရသည်။ ထို့ကြောင့် နေရာမှ ဆတ်ခနဲထရပ်လိုက်ပြီး

"အေး - ဒါဆို ငါအတန်တန်သတိပေးနေတဲ့ကြားက နင့်မောင် ငါ့နောက်တကောက်ကောက်လိုက်ပြီး ရည်းစားစကားပြောတာကိုရော နင်ဘယ်လိုရှင်းမလဲ. . . ပြော"

"အိုး - ဒါဘာဖြစ်လဲ. . . လူပျိုက အပျိုကို ရည်းစားစကားလိုက်ပြောတာ ဆန်းသလား"

"အေးလေ. . . ဒါဆိုရင်လည်း ကိုယ့်စည်းကိုယ့်ကမ်းနဲ့နေနေတဲ့အပျိုက. . . စည်းမရှိကမ်းမရှိ အလုပ်မရှိအကိုင်မရှိ တစ်ရာ့ကိုးတစ်ရာ့ တစ်ဆယ်ကောင်ကို ကောင်းကောင်းပြောတာမရလို့ ခေါင်းကိုရိုက်ခွဲပြီးဆုံးမခဲ့တာ ဆန်းသလား"

"ကောင်မနော်. . . နင် လူပါးမဝနဲ့. . . ငါ့မောင်ကို ဒီလိုမျိုးချိုးနှိမ်ပြောရအောင် နင်ကဘာမို့လို့လဲ. . . တစ်ခါတည်း လူကြည့်တော့ ခွေးပစ်တဲ့တုတ်လောက်ပဲရှိတယ်"

"အေးလေ. . . အဲဒီတုတ်နဲ့ပဲ နင်တို့ကိုပစ်ခဲ့တာ. . . နာလွန်းလို့ တကိန်ကိန်လာအော်ပြနေရတာမဟုတ်လား"

"ဟင် - နင်. . နင် ငါတို့ကိုခွေးလို့ပြောတယ် ဟုတ်လား . . . နင်က. . နင် ဘာလဲ"

"အေး - ငါဘာလဲသိချင်ရင် အခုပဲလာခဲ့မယ်"

"သမီး မလုပ်နဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် - ကိုယ့်အဆင့်နဲ့ကိုယ်နေပါ. . . ဒီကိစ္စ အဖေတို့ရှင်းပေးပါ့မယ်"

မြတ်မမ၏မိဘနှစ်ပါးလည်း မျက်နှာပျက်ရမည့်အရေးကို တတ်နိုင်သမျှအဖတ်ဆယ်ဖို့ ကြိုးစားကြသော်လည်း အရာမထင်တော့ပါပြီ။

မြတ်မမ၏ဒေါသကိုလာဆွပြီးတော့မှ ဒီလိုချိုးလို့ဘယ်ရလိမ့်မလဲ"

အားလုံးဝိုင်းဆွဲနေသည့်ကြားက မြတ်မမ ထိုအမျိုးသမီးထံသို့ ရောက်အောင်သွားပြီး တိုက်ခိုက်ဖို့ကြိုးစားလေသည်။ ထို့ကြောင့် သန်းစိုးတို့မိသားစုပါ မနေသာဘဲ ဝင်ဆွဲလွဲကြရသည်။

ဝင်ဆွဲလွဲကြသဖြင့် ထိုအမျိုးသမီးနားသို့ မရောက်သော အခါ မြတ်မမလက်လှမ်းမီရာယူပြီးကောက်ပေါက်လေသည်။

"ဒီလောက်တောင်ဖြစ်လှတာ. . . ကဲဟယ်"

"ခွပ်"

"အောင်မလေး သေပါပြီဗျ"

စားပွဲပေါ်မှ လက်ဖက်ရည်ခွက်ကိုယူပြီး ကောက်ပေါက်လိုက်ရာ ထိုအမျိုးသမီးကိုမထိဘဲ မောင်သန်းစိုး၏ဖခင် ဦးခင်အောင်နဖူးကိုမှန်ကာ နဖူးကွဲသွားရသည်။

ဒါလည်းပဲ မြတ်မမ၏ဒေါသက မပြေသေး။ မုန့်ပန်းကန်ဆွဲပြီး လှမ်းရိုက်လိုက်ပြန်သည်။

"ခွမ်း"

"အောင်မလေး - ဆော်တယ်ဗျ"

သည်တစ်ခါထိမှန်ဖို့အလှည့်ကျသူက မောင်သန်းစိုးဖြစ်သည်။ မောင်သန်းစိုးဂျိုစောင်းမှ သွေးတွေဖြာခနဲကျလာသည်။

မြတ်မမ တကယ်ဆော်ပြီဆိုတာသိသည်နှင့် ပြဿနာလာ





ရှာသူ သားအမိနှစ်ယောက်လည်း တစ်ချိုးတည်းလစ်ပြေးကြလေသည်။

မြတ်မမ ထိုမိန်းမကိုမလုပ်လိုက်ရသဖြင့် 'တောက်'ပြင်းပြင်းခေါက်ပြီး အနီးရှိစတီးခွက်တစ်ခွက်ကိုလှမ်းယူပြီး နံရံကိုပစ်ပေါက်လိုက်သည်။ စတီးခွက်က နံရံမှပြန်လွင့်စင်လာကာ မောင်သန်းစိုး၏မိခင်နဖူးကို တည့်တည့်ထိမှန်ပြီး သတိလစ်လဲကျသွားရှာလေသည်။

သန်းစိုးတို့မိသားစုသုံးယောက်မှာ လာတုန်းက လူကောင်းပကတိတွေဖြစ်ခဲ့ကြသော်လည်း အပြန်ခရီးမှာတော့ ပတ်တီးကိုယ်စီဖြင့် ဖြစ်ကုန်ကြလေသည်။

ပေမရှည်တော့ဘဲ နိဂုံးချုပ်ရမည်ဆိုလျှင်တော့ မြတ်မမသည်လည်း သူမ၏ချစ်သူငယ်ချင်းသုံးယောက်နည်းတူ ထိုနည်းလည်းကောင်း. . . ထိုနည်းလည်းကောင်း အပျိုကြီးလမ်းကြောင်းပဲ လျှောက်ရရှာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၄)

သည်ကနေ့ ပန်းလေးပွင့်တို့ အိမ်ကိုပြန်ရောက်သည့်အချိန်မှာ တံခါးမှူးအသစ်ကိုတွေ့ရလေသည်။ သူကတော့ အောင်မြင်ကျော်ပဲဖြစ်သည်။

သည်ကနေ့ သူတို့လေးယောက်စလုံး တစ်စုတစ်စည်းတည်း ပြန်မလာနိုင်။ အလုပ်ကိစ္စတွေ မပြီးပြတ်ကြသေးသဖြင့် လူစုခွဲပြီးပြန်လာကြသည်။

ဦးစွာ ရှုမဝနှင့်ရွှေအဆင်းက တက္ကစီငှားပြီး အတူပြန်လာသည်။ တက္ကစီဟွန်းမတီးခင်မှာပင် ခြံတံခါးက အလိုက်သိစွာပွင့်သွားသည်။ သွက်လက်တက်ကြွစွာ တံခါးဖွင့်ပေးနေသည့်သူကိုကြည့်လိုက်တော့ တွေ့နေကျဒေါ်ညိုနေရာမှာ အစားဝင်ရောက်လုပ်ကိုင်ပေးနေသူ အောင်မြင်ကျော်ကိုတွေ့ရလေသည်။

"မမတို့ ပြန်လာပြီလား. . . မင်္ဂလာပါ"

အောင်မြင်ကျော် အပြုံးချိုချိုလေးဖြင့် နှုတ်ခွန်းဆက်စကားဆိုသည်နှင့် ရှုမဝနှင့်ရွှေအဆင်းလည်း အလိုက်အထိုက်ပြုံးပြခေါင်းညိတ်ပြီးနောက် အချင်းချင်းကြည့်မိကြသည်။ ထို့နောက် 'ဒီကောင်လေး မဆိုးဘူးပဲ'ဆိုသောသဘောဖြင့် ပြိုင်တူခေါင်းညိတ်ပြမိကြသည်။

အောင်မြင်ကျော်က ကားပေါ်မှဆင်းလာသော ရှုမဝနှင့်





ရွှေအဆင်းတို့ဆီမှပစ္စည်းများကို ယူသယ်ပေးပြီး အိမ်ထဲမှာသွားထားပေးနေပြန်၏။

"ဟာ - ပေး ပေး. . . ကျွန်တော့်ကို အဲဒီပစ္စည်းတွေပေး . . . ကျွန်တော်သယ်လာခဲ့မယ်"

"နေပါစေ. . . ရပါတယ်"

"ဪ - မဟုတ်တာ. . . တစ်နေကုန်အလုပ်လုပ်ပြီးပြန်လာတာ ပင်ပန်းလာမှာပေါ့. . . အိမ်ပြန်ရောက်မှတော့ ပေါ့ပေါ့ပါးပါးနေစမ်းပါ. . . မမတို့မောင်တစ်ယောက်လုံးရှိနေတာပဲ"

ရှုမဝနှင့်ရွှေအဆင်းလည်း ပစ္စည်းတွေကိုအိမ်ထဲသယ်သွားသော အောင်မြင်ကျော်၏နောက်ကျောကိုကြည့်ရင်း 'မဆိုးဘူး'ဟု အသိအမှတ်ထပ်ပြုမိကြပြန်သည်။

ပစ္စည်းတွေထားပြီးသည်နှင့် အောင်မြင်ကျော် အိမ်ရှေ့သို့ ပြေးထွက်သွားပြီး တံခါးမှူးတာဝန်သွားယူနေပြန်သည်။

သိပ်မကြာခင်မှာပင် ပျိုပျိုခင် ကားမောင်းပြီးပြန်ရောက်လာလေသည်။

အောင်မြင်ကျော် စောစောကလိုပင် တံခါးကိုကြိုဖွင့်ပေးထားနှင့်ပြီးဖြစ်သလို ပျိုပျိုခင်၏ပစ္စည်းများကိုကူသယ်ပြီး အိမ်ထဲမှာထားပေးပြန်သည်။

ပျိုပျိုခင်လည်း အောင်မြင်ကျော်ကို 'ဘယ်လိုကောင်လေးပါလိမ့်'ဟု အကဲခတ်နေဆဲမှာပင် ရှုမဝက အနားရောက်လာပြီး

"ဟဲ့ - ပွမ်ပွမ်ရော တစ်ခါတည်းမပါလာဘူးလား. . . ဘယ်မှာကျန်ခဲ့လို့လဲ"

"ဪ - သူ အလုပ်ကိစ္စရှိသေးလို့တဲ့. . . ငါ့ကိုသွားနှင့်တဲ့ . . . နောက်မှ တက္ကစီငှားပြီးပြန်လာလိမ့်မယ်"

"ဘာကိစ္စလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး. . . ပြန်လာမှပြောမယ်လို့ပြောတယ်"

ပျိုပျိုခင် လိုရင်းတိုရှင်းဖြေပြီးနောက် အဝတ်အစားလဲရန်အတွက် အိပ်ခန်းထဲသို့ဝင်ရန် ခြေလှမ်းပြင်လိုက်လေသည်။ ပြီးမှ အောင်မြင်ကျော်ကိုသတိရပြီး ပြန်လှည့်ကြည့်ရာ အောင်မြင်ကျော်က အနားမှာမရှိတော့။ 'ဘယ်ရောက်သွားပါလိမ့်'ဟု တွေးမိစဉ်မှာပင် မြတ်မမနှင့်အတူ အိမ်ထဲဝင်လာသည်ကိုတွေ့ရသည်။

မြတ်မမက အိမ်ထဲရောက်သည်နှင့် ပြုံးပျော်နေသောမျက်နှာဖြင့်

"ဟဲ့ ဟဲ့. . . နင်တို့ကို ဝမ်းသာစရာသတင်းတစ်ခုပြောပြမယ် သိလား"

ဟု စကားဖျိုးလိုက်ပြီးနောက် ဆက်တီခုံလွတ်တစ်လုံးတွင် ဝင်ထိုင်လေသည်။

မြတ်မမထံမှ ဝမ်းသာစရာသတင်းပြောစရာရှိသည်ဆိုသည်နှင့် ပျိုပျိုခင်၊ ရှုမဝနှင့် ရွှေအဆင်းတို့လည်း စိတ်ဝင်တစား အနားသို့ ရောက်လာကြပြီး နေရာအသီးသီးတွင်ဝင်ထိုင်ကြလေသည်။

မြတ်မမထံမှ ဘာစကားမှထွက်ပေါ်မလာသေးသော်လည်း မြတ်မမ၏မျက်နှာပေါ်မှာ ပီတိပြုံးလေးကိုမြင်ရသည်နှင့်ပဲ ကျန်သုံးဦး၏မျက်နှာသည်လည်း အလိုအလျောက်ပြုံးမလိုလိုဖြစ်နေကြရလေသည်။

မြတ်မမ အသက်ပါစွာပြုံးရင်း

"ဒီလိုဟ. . . ငါ့အင်တာနက်ဆိုင်ကိုတိုးချဲ့ချင်လို့ ဘေးချင်းကပ်လျက်ကအခန်းကို ငှားဖို့ကြိုးစားနေတာ နင်တို့အသိပဲမဟုတ်လား"

ဟု စကားစပေးလိုက်ရာ ပျိုပျိုခင်နှင့် ရွှေအဆင်းတို့က သိပါကြောင်း ပြိုင်တူခေါင်းညိတ်ပြလိုက်ကြသလို ရှုမဝက မျက်မှောင်ကြုတ်





ရင်း စကားဝင်ထောက်ပေးသည်။

"အေးလေ - သိတယ်လေ. . . ဒါပေမဲ့ အဲဒီအခန်းပိုင်ရှင်က လူ့ဂွစာကြီးဆို. . . သူ့အခန်းငှားလို့ရဖို့နေနေသာသာ နင့်ဆိုင်အောင်မြင်လို့ ဝင်လိုက်ထွက်လိုက်နဲ့ လူတွေမပြတ်ဘူးဖြစ်နေတာကိုတောင် ဒါမရိုးသားဘူး၊ ဘာမဟုတ်တာတွေလုပ်နေလဲ ဘာညာဆိုပြီး ကြည့်မရဘူးဖြစ်နေတာဆို"

"အေး - ဟုတ်တယ်. . . အခု အဲဒီဦးဂွစာကြီးက ဘယ်လိုစိတ်ကူးပြောင်းသွားတယ်မသိဘူး. . . ဒီနေ့ညနေမှာပဲ သူ့အခန်းကို ငါ့အင်တာနက်ဆိုင်ဖွင့်ဖို့ ငှားမယ်လို့ပြောတယ်"

"ဟယ် - တကယ်. . . အံ့သြစရာကြီး"

"နေဦး. . . မအံ့သြနဲ့ဦး. . . ဒီ့ထက် အံ့သြစရာရှိတာက အခန်းငှားခကလည်း အခုငါ့အင်တာနက်ဆိုင်အခန်းငှားခထက်တောင် သက်သာသေးတယ်"

"ဟင် - မယုံနိုင်စရာပါပဲလား. . . ဘယ်လိုက ဘယ်လိုချက်ချင်းကြီး စိတ်ပြောင်းသွားတာလဲမသိဘူး. . . ဘာပြောပြော ဒါဝမ်းသာစရာကောင်းတာတော့ အမှန်ပဲဟ"

"အေး - ငါလည်း ကြားကြားချင်းဝမ်းသာပြီး နင်တို့ကိုလှမ်းပြောဦးမလို့ပဲ. . . ဒါပေမဲ့ အိမ်ရောက်မှပဲပြောတော့မယ်လေဆိုပြီး သေချာအောင် စရံပေးစာချုပ် ချုပ်နေရတာနဲ့ နည်းနည်းနောက်ကျသွားတာ"

မြတ်မမထံမှ ဝမ်းသာစရာသတင်းကြားသဖြင့် သူငယ်ချင်းများအားလုံး ပျော်တပြုံးပြုံးဖြစ်နေကြရသည်။

ထိုအချိန်မှာပင် အောင်မြင်ကျော်အနားရောက်လာပြီး

"မမ - ရေလေးသောက်လိုက်ပါဦး"

ဟူ၍ မြတ်မမအား သောက်ရေခွက်ကမ်းပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်မမလည်း အခုမှရေသောက်ဖို့သတိရဟန်ဖြင့်

"ကျေးဇူး"

ဟုဆိုရင်း ရေခွက်ကိုလှမ်းယူကာ တစ်ကျိုက်တည်းနှင့် ကုန်အောင်သောက်ပစ်လိုက်သည်။

ရှုမဝက အောင်မြင်ကျော်ကို မျက်လုံးစွေကြည့်ပြီးနောက် သူ့မှာလည်းပြောစရာစကားရှိဟန်ဖြင့် လည်ချောင်းတစ်ချက်ရှင်းလေသည်။ ထို့နောက်

"အေးပါ. . . နင့်မှာလည်း ဝမ်းသာစရာရှိသလို ငါ့မှာလည်း ဒီနေ့ဝမ်းသာစရာကိစ္စပြောစရာရှိတယ် သိလား"

ဟူ၍ တက်ကြွစွာဆိုလေရာ မြတ်မမက

"ဟင် - ဟုတ်လား. . . ပြောလေ. . . ငါတို့လည်းဝမ်းသာရတာပေါ့"

"ဒီလိုဟ. . . ဒီနှစ်ထဲမှာ ငါ့အဝတ်အစားဒီဇိုင်းပြပွဲလုပ်ချင်လို့ စီးပွားရေးကုမ္ပဏီတွေဆီက စပွန်ဆာရဖို့ကြိုးစားနေတာ နင်တို့သိတယ်မဟုတ်လား"

"အေးလေ. . . အဲဒါအဲဒီကုမ္ပဏီတွေက နင့်ကိုသိပ်မသိကြလို့ နင့်ပွဲကိုစပွန်ဆာပေးရမှာ စိတ်မဝင်စားကြဘူးဆို"

"အေးလေ - အဲဒါကြောင့် ငါလည်း ငါ့အိပ်မက်တွေတော့ အကောင်အထည်မပေါ်နိုင်တော့ပါဘူးဆိုပြီး အဲဒီကိစ္စကိုမေ့ကိုထားလိုက်တာ နင်တို့အသိပဲ"

"ဩော် - အေး ပြော. . . နင်က နဂိုကတည်းကမှ မမေ့တတ်ဘူးဆိုတော့ ဒီကိစ္စကတော့ တမင်တကာမေ့ထားလိုက်တာ. . . ကျန်တာတွေကတော့ သူ့ဘာသာသူမေ့ကုန်တာ. . . အဲလိုလား. . . ခစ် ခစ် ခစ်"

စကားအကောင်းပြောနေသည်ကို ဟာသဝင်ဖောက်သည့်





အတွက် ရှုမဝလည်း ရွှေအဆင်းကို မျက်စောင်းတစ်ချက်ထိုးလိုက်မိသည်။ ပြီးမှ အစကပြောလိုရင်းကိုဆက်သည်။

"အဲဒါဟာ. . . ဒီနေ့ကျမှ ငါသိပ်မျှော်လင့်မထားတဲ့ အလှကုန်ကုမ္ပဏီက မိန်းစပွန်ဆာအဖြစ် ငါ့ရှိုးပွဲကို တာဝန်ယူချင်တဲ့အကြောင်း လှမ်းပြောတယ် သိလား"

"ဟား - မိုက်တာပေါ့"

"ဟယ် - ပျော်စရာကြီးပါလား"

"ကွန်ဂရက်ကျူလေးရှင်း သူငယ်ချင်း"

ရှုမဝ၏အိပ်မက်လေး အကောင်အထည်ဖော်ခွင့်ရပြီဖြစ်သဖြင့် သူငယ်ချင်းများအားလုံး ဝမ်းသာဂုဏ်ယူမိကြသည်။

ထိုအထဲတွင် ရွှေအဆင်း၏အပြုံးက ပိုမိုထူးခြားတာရှည်နေသဖြင့် သူမတွင်လည်း ပြောစရာစကားတွေရှိနေပြီဆိုတာကို အားလုံးရိပ်စားမိလိုက်သည်။

သိလိုစိတ်ကို မအောင့်အီးနိုင်တော့သောမြတ်မမက

"ဟဲ့ - နင်က ဘာတွေသဘောကျလို့ မပြီးနိုင်မစီးနိုင်ပြုံးနေရတာလဲ. . . ကြည့်ရတာ တစ်ခုခုတော့ တစ်ခုခုပဲနော်"

ဟု စကားစပေးရင်း စူးစမ်းကြည့်လိုက်သည်။ ရွှေအဆင်းလည်းပြုံးရင်း

"အေးဟယ် - ငါလည်း နင်တို့ကို တိုက်တိုက်ဆိုင်ဆိုင် ဝမ်းသာစရာကိစ္စ ပြောပြစရာရှိတယ် သိလား"

ဟူ၍ တက်ကြွစွာဆိုရင်း အားလုံးဝေ့ကြည့်သည်။ အားလုံးက စိတ်ဝင်တစားနားထောင်နေသည်ကိုတွေ့ရမှ

"ဒီနေ့ ငါ့အဒေါ်က ငါ့ကိုပြောတယ်. . . သမီးအပေါင်ဆိုင်ကို ခွဲလုပ်ချင်တယ်ဆိုရင် လုပ်တော့တဲ့. . . လုပ်ငန်းလုပ်လို့ကောင်းတဲ့နေရာကိုရှာပြီး အပေါင်ဆိုင်လိုင်စင်ရအောင် လျှောက်ပေးမယ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လေ"

"ဟယ် - တကယ်. . . အရင်တုန်းကတော့ နင့်ကို မိန်းကလေးငယ်ငယ်လေးတစ်ယောက်အနေနဲ့ ဒီလိုလုပ်ငန်းမျိုးကို ဦးစီးဦးဆောင်လုပ်ဖို့မဟုတ်ပါဘူး. . . အခုအတိုင်းပဲ သူတို့လုပ်ငန်းထဲ ငွေထည့်ထားပြီး ခွဲပေးတဲ့အမြတ်ဝေစုလေးကိုပဲယူပြီး နေပါဆို"

"အေး - ဟုတ်တယ်. . . တစ်လျှောက်လုံး အဲဒီလိုပဲပြောလာရာကနေ ဒီနေ့မှ ချက်ချင်းကြီးသဘောထားပြောင်းသွားလို့ ငါဆိုယုံတောင်မယုံနိုင်ဘူးဖြစ်ခဲ့သေးတာ"

"ဘာပဲပြောပြော ဒါဝမ်းသာဖို့ကောင်းတာတော့ အမှန်ပဲ"

"ဒါပေါ့. . . အရင်က သူ့မှာ သူ့အဒေါ်တွေနဲ့ပေါင်းလုပ်နေရတော့ ချစ်တီးကုလား သိပ်မပီသဘဲဖြစ်နေရတာ"

"ဟုတ်တယ်. . . အခုမှ ငါတို့သူငယ်ချင်းလည်း ချစ်တီးကုလား အပြည့်အဝဖြစ်ခွင့်ရတော့မှာ. . . ဟရေး ကန်းမလေး ဟုတ်တယ်မဟုတ်လား. . . ကုလားနော်. . . ရိုးရိုးတားတားငွေချေးစားတယ်. . . အရင်းလည်းမဆပ်နိုင်ဘူးနော်. . . အတိုးလည်းမသတ်နိုင်ဘူးနော်. . . ဒါကြောင့် ကုလား လယ်ကိုသိမ်းတယ်. . . နွားကိုသိမ်းတယ်. . . ငွေမကျေသေးဘူးနော်. . . လူကိုသိမ်းတယ်"

"ခစ် ခစ် ခစ် ခစ်"

"ဟား ဟား ဟား ဟား"

ရွှေအဆင်းအတွက်ပျော်ပေးပြီး ဖောက်လိုက်သော မြတ်မမ၏ဟာသကြောင့် အားလုံးဟန်မဆောင်နိုင်ဘဲ ရယ်မိလေသည်။ ဒေါ်ညိုပင်လျှင် ထမင်းဝိုင်းပြင်နေရာမှ မနေနိုင်ဘဲ အနားသို့ကသုတ်ကရက်ရောက်လာကာ ရောယောင်ရယ်လေသည်။

အသီးသီး သူတို့၏ကံကောင်းမှုဇတ်တွေကို ထုတ်ဖော်ကြည်ညာခွင့်ရနေချိန်မှာ တစ်ဦးတည်းကွက်ကျန်နေသူက ပျိုပျိုခင်သာဖြစ်သည်။





ပျိုပျိုခင်လည်း အားလုံးနှင့် အလိုတူအလိုပါရယ်မောနေရင်း

"အားလုံးတိတ်ကြစမ်း"

ဆိုပြီး လှမ်းဟန့်လိုက်ရာ ရယ်သံများ ယူပစ်သလို ချက်ချင်းပျောက်ကွယ်သွား၏။

"နင်တို့တွေက ဝမ်းသာစရာကိုယ်စီနဲ့ဆိုတော့ တော်တော်ပျော်နေကြတယ်ပေါ့လေ ဟုတ်လား"

ဆိုပြီး ဆက်ပြောလာသော ပျိုပျိုခင်၏စကားသံကိုကြားမှ ပျိုပျိုခင်၏ခံစားချက်ကို နားလည်သွားကြသည်။ ပျိုပျိုခင်အား မည်သို့နှစ်သိမ့်ရမည်ကိုမသိ၍ အချင်းချင်းလှည့်ကြည့်မိကြသည်။ အနီးမှာထိုင်ကာ တစ်ယောက်ချင်းစီ၏မျက်နှာတွေကိုလိုက်ကြည့်ရင်း ပြုံးပျော်နေသော အောင်မြင်ကျော်သည်လည်း မျက်နှာသေလေးဖြစ်သွားရသည်။ ဒေါ်ညိုလည်း အလိုက်တသိနှင့် မီးဖိုခန်းထဲသို့ ခြေဖော့ပြန်ဝင်သွားသည်။

ရုတ်တရက်ဆိုသလို အသံဗလံတွေ ဆိတ်ငြိမ်သွားခါမှ ပျိုပျိုခင်က

"ဒီမယ် - နင်တို့ကိုသိအောင် ဒီနေရာကနေ ပေါ်တင်ပြောလိုက်မယ်. . . အားလုံးနားထောင်ကြ"

ဟူ၍ မျက်နှာတည်မျက်နှာထားဖြင့် လေသံမာမာပြောလေရာ အားလုံးမျက်တောင်လေးတွေ ပုတ်ခတ်ပုတ်ခတ်ဖြစ်သွားကြသည်။ ပျိုပျိုခင်က တစ်ယောက်ချင်းစီ၏မျက်နှာကို စေ့စေ့လိုက်ကြည့်ပြီးနောက်

"အဲဒီလို ဝမ်းသာစရာကိစ္စတွေက နင်တို့ပဲပြောစရာရှိတယ်ထင်လား. . . ငါ့မှာလည်းရှိတယ်. . . အခုတစ်ခေါက် နိုင်ငံခြားသွားရမယ့်စာရင်းမှာ ငါ့နာမည်ပါသွားပြီ. . . ခစ် ခွီး ခွီး ခွီး"

ဆိုပြီး တည်ထားသောမျက်နှာကြီး စပ်ဖြီးဖြီးဖြစ်သွားလျှင်



www.burmeseclassic.com

www.burmeseclassic.com





သူဟာသူသဘောကျပြီး မနားတမ်းရယ်လေတော့သည်။ ထိုအခါမှ ကျန်မချောသုံးယောက်လည်း

"ဟယ် - ဟုတ်လား"

ဆိုပြီး လက်ခုပ်လက်ဝါးတီးကာ ဝမ်းသာပျော်ရွှင်မှုကိုပြကြလေသည်။

အောင်မြင်ကျော်ကလည်း နောက်ချန်ရစ်မနေဘဲ သူမတို့နှင့်အတူ ရောနှောကာ လက်ခုပ်လက်ဝါးတီးပြီး ပျော်ရွှင်မှုကို မျှဝေခံစားလို့နေသည်။

ဒါကိုသတိပြုမိသောရှုမဝက အပြုံးလက်စကိုသတ်ရင်း

"ဒါနဲ့ နေပါဦး. . . တို့တတွေပျော်နေတာကို မင်းနဲ့ဘာဆိုင်လို့ မင်းကပါလိုက်ပျော်နေရတာလဲ"

ဟု နောက်သလိုလို အတည်လိုလိုနှင့်မေးသည်ကို အောင်မြင်ကျော်က

"ဩော် - ဒါကတော့ မမရယ်. . . ကိုယ်နဲ့မဆိုင်မှ ဆိုင်မှရယ်မဟုတ်ပါဘူး. . . လူတစ်ယောက်ရဲ့ကောင်းသတင်းကို လူတစ်ယောက်က မုဒိတာပွားပေးတာဟာ မင်္ဂလာတရားနဲ့ညီပါတယ်"

"အံမယ် အံမယ်. . . မင်းကလည်း အလာကြီးပါလား"

ရွှေအဆင်းပခုံးတွန့်ပြကာ ပြန်ပြောသည်။ မြတ်မမကလည်း နှုတ်ခမ်းမဲ့ပြီး

"ဟုတ်တယ်နော်. . . သိပ်ပြီးလျှော့တွက်လို့တော့ မရတော့ဘူး ထင်တယ်နော်. . . လူသာငယ်တာ. . . စကားလုံးတွေက အကြီးကြီးတွေ"

"ကျွန်တော့်ကို အထင်မလွဲပါနဲ့. . . ဒါ ကျွန်တော့်တကယ့်စိတ်ရင်းနဲ့ခံစားမိတာကိုပြောတာပါ. . . လူတွေဟာ ကိုယ်နဲ့မသိတဲ့လူတစ်ယောက်ရဲ့ကောင်းမှုအတွက် မုဒိတာပွားပေးနိုင်ပြီဆိုမှတော့ ကိုယ်





နဲ့သိတဲ့လူအတွက်ဆိုရင် အများကြီးပိုပြီး မုဒိတာပွားဝမ်းသာပေးကြမှာပေါ့. . . အခု အတိတ်မေ့နေတဲ့ဘဝမှာ ကျွန်တော်နဲ့သိတဲ့လူတွေဆိုလို့ မမတို့ပဲရှိတာလေ ဟုတ်တယ်မဟုတ်လား"

အောင်မြင်ကျော်စကားကိုခေတ္တရပ်ပြီး အပျိုကြီး လေးယောက်ကို အကဲခတ်သလိုတစ်ချက်ဝေ့ကြည့်သည်။ အပျိုကြီးလေးယောက်လည်း ထိုအခါမှ သူတို့ပယောဂကြောင့် အောင်မြင်ကျော်တစ်ယောက် အတိတ်မေ့ဘဝရောက်နေရရှာသည်ကို ပြန်လည်သတိပြုမိပြီး အပြစ်ရှိသူတွေလို မလုံမလဲဖြစ်ရသည်။ ထို့အပြင် ကရုဏာလည်းသက်မိရင်း အောင်မြင်ကျော်စကားကို ခေါင်းညိတ်လက်ခံပြကြသည်။

အောင်မြင်ကျော်လည်း မမကြီးလေးယောက်စလုံး၏အာရုံများ သူ့အပေါ်ကျရောက်နေပြီဆိုတာနှင့် စကားကိုဆက်သည်။

"ကဲ - အခုကြည့်ပါဦး. . . ကျွန်တော်နဲ့သိတဲ့မမတို့ လေးယောက်စလုံးက တစ်နေ့တည်းတစ်ရက်တည်းမှာပဲစုပြီး ဒီလိုဒီလိုအောင်မြင်မှုတွေရတယ်ဆိုတော့ ကျွန်တော်လည်း တစ်ယောက်တည်းအတွက်မဟုတ်ဘဲ လေးယောက်စလုံးအတွက် တစ်ပြေးညီမုဒိတာပွားလို့ရတာပေါ့. . . ကျွန်တော်ပြောတာ ဟုတ်တယ်မဟုတ်လားဟင်"

"အေးကွ. . . မင်းပြောတာ ဟုတ်တယ်. . . ဒီလိုစကားကြားရတဲ့အတွက် တို့ကလည်း မင်းကိုကျေးဇူးတင်ပါတယ်"

"ဟဲ့ ဟဲ့ - နေပါဦး. . . ထူးဆန်းတာတစ်ခုကို သူပြောမှဖျတ်ခနဲစဉ်းစားမိလိုက်လို့"

ပျို့ပျို့ခင် အောင်မြင်ကျော်ကိုကျေးဇူးတင်စကား ပြန်လည်ပြောကြားနေစဉ်မှာ မြတ်မမက တစ်ခုခုစဉ်းစားမိဟန်ဖြင့် စကားဖြတ်ပြောလေရာ အားလုံးကလည်း စိတ်ဝင်စားသွားဟန်ပြကြသည်။

"ဘာလဲ - ဘာထူးဆန်းတာလဲ"ဟူ၍ ဘယ်သူမှပြန်မမေးခင်



www.burmeseclassic.com

www.burmeseclassic.com



မှာပင် မြတ်မမက စကားကို ဆက်သည်။

"အခုကြည့်ပါဦး. . . သူပြောတဲ့အတိုင်းပဲ ဝမ်းသာစရာကိစ္စတွေ၊ ကောင်းတဲ့ကိစ္စတွေက တို့လေးယောက်စလုံးအတွက် တစ်နေ့တစ်ရက်တည်းမှာ တိုက်တိုက်ဆိုင်ဆိုင်လာဖြစ်နေတာနော်. . . တို့ဒီကိစ္စတွေအဆင်ပြေဖို့လုပ်လာတာ လကျော်၊ နှစ်ပေါက်နေလို့ လက်လျှော့ထားသလိုဖြစ်နေကြတဲ့ဟာ. . . အခုကြည့်ပါဦး. . . အဆင်ပြေမယ့်ပြေတော့လည်း ချက်ချင်းဝုန်းဒိုင်းကြီးကို အဆင်ပြေသွားတာ . . . ပြီးတော့ တစ်နေ့တည်း၊ တစ်ရက်တည်းမှာမှ လေးယောက်စလုံးကို လာကောင်းနေတာ"

"အေးဟ - အဲဒီလိုစဉ်းစားကြည့်တော့လည်း ထူးတော့ထူးဆန်းနေတာ အမှန်ပဲ. . . အဲဒါဘာကြောင့်လို့ နင်တို့ထင်သလဲ"

"ဘာကြောင့်ရမှာလဲ သမီးတို့ရယ်. . . အဲဒါ အိမ်မှာလာဘ်ကောင်ရောက်နေလို့ပဲနေမှာပေ့ါ"

ရွှေအဆင်း၏အမေးကို ဘယ်သူကဘာဖြေရမှန်းမသိဖြစ်နေကြစဉ် ဒေါ်ညိုက အနားမှာလာရပ်ပြီး ဝင်ပြောပေးလိုက်လေသည်။

လေးယောက်စလုံး ဒေါ်ညိုစကားကို သံယောင်လိုက်ပြီး

"လာဘ်ကောင် ဟုတ်လား"

ဟူ၍ ပြိုင်တူရေရွတ်မိကြသည်။

ဒေါ်ညို ပြုံးပြုံးကြီးလုပ်ကာ ခေါင်းညိတ်ပြပြီးနောက် မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့် ဘယ်သူဘာပြောမလဲဆိုသည်ကို စိတ်ဝင်တစားနားစွင့်နေသော အောင်မြင်ကျော်ထံသို့ မေးထိုးပြလေသည်။

ပျိုပျိုခင်၊ မြတ်မမ၊ ရှုမဝနှင့် ရွှေအဆင်းတို့၏အကြည့်များ အောင်မြင်ကျော်ထံသို့ ရုတ်ခြည်းကျရောက်လာကြသည်။ ပြီး ပြိုင်တူ လက်ညှိုးထိုးလိုက်ကြသည်။





"မင်း. . ."

အောင်မြင်ကျော်လည်း လန့်ဖျတ်ပြီး ဇက်ကလေးပုဝင်သွားရသည်။

"ဗျာ - ကျွန်တော်. . . ဘာ. . ဘာမှ. . ."

"ဟုတ်တယ်"

"မ. . မ. . မဟုတ်ပါဘူး"

"လာဘ်ကောင်"

"ဗျာ. . . ကျွန်တော်က လာဘ်ကောင်ဟုတ်လား"

အပျိုကြီးမမလေးယောက်စလုံး ခေါင်းညိတ်ပြကြသည်။ ပြီး မျက်နှာတွေလည်း ဝင်းပပြုံးရွှင်လာကြသည်။

ထိုအခါမှ အောင်မြင်ကျော်လည်း စိတ်သက်သာရာရပြီး ပြုံးနိုင်ရယ်နိုင်ပြန်ဖြစ်လာရသည်။

ရှုမဝလည်း အောင်မြင်ကျော်ကိုပြုံးကြည့်နေရင်းနှင့် တစ်ခုတစ်ခုစဉ်းစားမိဟန်ဖြင့်

"ဟာ - ဟုတ်ပြီ. . . ဒီနေ့ကစပြီး ဓာတ်သက်သွားရာ ပညတ်ပါဆိုသလို သူ့နာမည်ကိုလည်း လာဘ်ကောင်လို့ပေးလိုက်တော့မယ် . . . ဘယ်လိုသဘောရလဲ"

ဟူ၍ အဆိုတင်သွင်းလေရာ ရွှေအဆင်းက

"အေး - ဟုတ်တယ်. . . ကောင်းတယ်. . . သူ့မှာလည်း နာမည်မရှိသေးတဲ့အတူတူ ဒီနာမည်လေးပေးလိုက်တာက သူနဲ့ ကွက်တိပဲ"

ဟူ၍ အပြည့်အဝထောက်ခံမဲပေးလေသည်။

အောင်မြင်ကျော်လည်း ထိုလာဘ်ကောင်ဆိုသောနာမည်ကို သဘောကျပါကြောင်းပြောရန်ပြုစဉ်မှာပင် မြတ်မမက

"အေး - နင်တို့ပြောတာ ကောင်းတော့ကောင်းတယ်ဟ. . .



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ နည်းနည်းလေးလွဲနေသလားလို့"

ဟု စောဒကတက်လေရာ ရှုမဝက မျက်မှောင်ကြုတ်ပြီး ပြန်မေးလေသည်။

"ဘာလွဲနေလို့လဲ"

"ငါကြားဖူးတာက ပညတ်သွားရာဓာတ်သက်ပါလို့ပဲ ကြားဖူးတဲ့ဟာ. . . နင့်ကျမှ ဘယ်လိုဖြစ်ပြီး ဓာတ်သက်သွားရာ ပညတ်ပါသွားရတာလဲ"

"အေးလေ - ဟုတ်သားပဲ. . . ကြည့်ပါဦး. . . ဒါကို ငါတို့လည်း အမှတ်တမဲ့ဖြစ်သွားတယ်"

သည်လိုထောက်ပြဝေဖန်ပေမယ့် ရှုမဝကတော့ သူ့စကားသူတာဝန်ယူဟန်ဖြင့်

"ဩော် - ဒါ ဒီလိုလေဟာ. . . အခုဟာ တို့ကသူ့ကိုလာဘ်ကောင်လို့ နာမည်ပေးပြီးမှ တို့တွေက ကံကောင်းလာတာမဟုတ်ဘူးလေဟာ. . . သူ ဒီအိမ်ကိုရောက်ပြီး ချက်ချင်းဆိုသလို တို့တတွေက ကံကောင်းမှုတွေ၊ အဆင်ပြေမှုတွေ ဆက်တိုက်ရကုန်တာမဟုတ်လား . . . ဒီတော့ ဓာတ်သက်ကအရင်သွားနေတာလို့ပြောနိုင်တာပေါ့. . . ဒါကြောင့် ဓာတ်သက်နဲ့လိုက်ဖက်အောင်ဆိုပြီး အမည်လိုက်ပေးရတဲ့အခါကျတော့ ပညတ်သွားရာ ဓာတ်သက်ပါမဖြစ်တော့ဘဲ ဓာတ်သက်သွားရာ ပညတ်ကပါသွားရတာပေါ့ဟဲ့"

"ဟာ - ဟုတ်တာပေါ့. . . မမပြောတာ သဘာဝကျတယ် . . . ဒါကြောင့် ဒီလာဘ်ကောင်ဆိုတဲ့နာမည်ကို ကျွန်တော်လက်ခံပါတယ်"

အောင်မြင်ကျော် မဆိုင်းမတွပဲ ထောက်ခံမဲပေးလက်ခံလိုက်ရာ ရှုမဝလည်း သဘောကျကျေနပ်သွားလေသည်။

သူငယ်ချင်းများက အံပျိုကြီးချင်းအတူတူ





"မိန်းမ - တတ်လည်းတတ်နိုင်တယ်. . . ဒီလိုပေါက်ပေါက်ရှာရှာအတွေးများလို့ အပျိုကြီးဖြစ်နေတာ. . . ခစ် ခစ် ခစ်"

"ဟုတ်တယ်. . ဟုတ်တယ်. . . ခစ် ခစ် ခစ်"

ဟုဆိုပြီး ချီးမွမ်းချေကျောက်ပြုရင်း ရယ်ပွဲဖွဲ့ကြလေသည်။

လူဆိုတာလည်း အခက်သား။ အပျိုကြီးမို့ အပျိုကြီးလို့ပြောရင် ကြိုက်တာမဟုတ်။ ထို့ကြောင့်

"အောင်မာ - ငါ့ဘာသာငါ ယောကျ်ားမယူချင်လို့ ဒီလိုနေနေတာနော်. . . မစွံလို့ အပျိုကြီးဖြစ်နေတာမဟုတ်ဘူး. . . နားလည်လာ"

"ဟုတ်လား. . . ဟုတ်မယ်ထင်တယ်နော်. . . ခစ် ခစ် ခစ်"

"ဘာဟုတ်လားလဲ. . . လေသံကိုက ပြောတာကိုမယုံသလိုလို ဘာလိုလိုနဲ့. . . အဲ - နေပါဦး. . . ငါ့ကို ဒီလိုပြောရအောင် နင်တို့ကရော အပျိုကြီးတွေမဟုတ်ဘဲ ဘာလဲ"

"ဟင် - ဒါ. . ဒါကတော့. . . ငါတို့လည်း နင့်လိုပဲပေါ့ဟ"

"အေးလေ. . . ယောကျ်ားများမယူချင်သေးလို့. . . ယူချင်ရင် ဘယ်အချိန်ကောက်ယူယူ အချိန်မရွေးရတယ်"

ရှုမဝလည်း ခံစားခဲ့ရတာတွေကာမိအောင်

"ဟုတ်လား. . . ဟုတ်မယ်ထင်တယ်နော်"

ဟူ၍ အာလုတ်သံကြီးပြုကာ ပြန်လည်တုံ့ပြန်နောက်ပြောင်လေသည်။

ရှုမဝပြန်ပက်လေသည့်အခါမှာ ပျိုပျိုခင်၊ ရွှေအဆင်းနှင့် မြတ်မမတို့လည်း အနာပေါ်တုတ်ကျကုန်ကြသည်။

အောင်မြင်ကျော်လည်း အခြေအနေကိုဝင်ထိန်းထားသောအားဖြင့် ကြည့်ကောင်းအောင်ဝင်ပြောရလေသည်။

"တကယ်တော့ မမတို့တွေ အပျိုကြီးလုပ်နေကြတာက ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်ကိုစောင့်နေကြတာမဟုတ်လား"

"သေချာတာပေါ့. . . အဲ - မဟုတ်ပါဘူး. . . မင်း. . . မင်း ဘာစကားပြောတာလဲ. . . လူပါးဝလှချည်လား"

"အေးလေ. . . ငါတို့ကို ဒီစကားပြောရအောင် ငါတို့ကို မင်းက ဘာထင်နေလား"

"မဟုတ်သေးဘူးလေ မြတ်ရဲ့. . . မင်းကိုယ်မင်း ဘာကောင်ထင်နေသလဲလို့ပြောရမှာ"

"ဟင် - ဟုတ်ပါရဲ့. . . ဒေါသဖြစ်လွန်းလို့ စကားတွေတောင်မှားကုန်ပြီ. . . အေး - ဟုတ်တယ်. . . သူပြောတဲ့အတိုင်းပဲ"

"အေးလေ. . . လူကိုများ စော်စော်ကားကားနဲ့. . . တကတည်းအတိတ်မေ့နေလို့ဆိုပြီး အိမ်ပေါ်ခေါ်တင်ထားတာကို ခွေးလေးအရောဝင် ပါးရက်နားရက်လုပ်ချင်လာတာလား"

"ဒီမယ် - မိန်းမသားတွေချည်းပဲနေတယ်ဆိုပြီး အကဲတော့ မစမ်းနဲ့နော်. . . အေး - တစ်ခါတည်းရှင်းအောင်ပြောထားမယ်. . . မင်းလို ကိုယ့်ကိုယ်ကို ဘယ်သူဘယ်ဝါဆိုတာတောင်မသိတဲ့ ချာတိတ်လေးလောက်ကို လာမပြောနဲ့. . . အခုနာမည်ကြီးနေတဲ့မင်းသားနေတိုးတို့၊ ပြေတီဦးတို့၊ ဟိန်းဝေယံတို့၊ မြင့်မြတ်တို့ကိုတောင် တို့ကရင်ခုန်လို့ရတာမဟုတ်ဘူး သဘောပေါက်"

"ဗျာ. . . ဟုတ်ကဲ့ ဟုတ်ကဲ့ ဟုတ်ကဲ့ ဟုတ်ကဲ့"

"ဘာဟုတ်ကဲ့ ဟုတ်ကဲ့ ဟုတ်ကဲ့ ဟုတ်ကဲ့လဲ. . . ဒါ တို့ကို သက်သက်လှောင်တာလား"

အောင်မြင်ကျော်လည်း သူပြောလိုသည်ကို နားလည်မှုလွဲပြီး အပျိုကြီးမမတွေ ရန်လိုကုန်သည်ကို ရိပ်မိလိုက်သည်။ ပြောလိုရင်းအဓိပ္ပာယ်ကို ရှင်းအောင်လင်းမှဖြစ်တော့မည်။ ထို့ကြောင့် လက်ကာပြရင်း





"ခဏလေးနေကြပါဦးဗျာ. . . ကျွန်တော်ရှင်းပြပါရစေဦး . . . ကျွန်တော်ပြောချင်တာက ဒီလိုပါ. . . တကယ်လို့ မမတို့သာအခုလို အပျိုအလွတ်တွေမဟုတ်ဘဲ"

"ဟော့ - နေစမ်းပါဦး. . . မင်းစကားက ဘာလဲ. . . အပျိုလို့ပြောရင် ပြီးနေတဲ့ဟာကို ဘာလို့အလွတ်ဆိုတာကြီးက ထည့်ပြောရတာလဲ. . . ငါတို့က ဘာတွေလွတ်နေလို့လဲ"

"ဟိုဟာ. . ဟိုဟာလေ မမတို့ရဲ့. . . ဟိုဟာ. . ."

"ဘာဟိုဟာလဲ. . . မင်းနော်. . . စကားကိုရှင်းရှင်းပြော"

အပျိုကြီးတွေ ဘာမှန်းမသိဘဲ မလုံမလဲဖြစ်ကုန်ကြသည်။

အောင်မြင်ကျော်လည်း သူတို့ဝင်နှောက်မှပဲ စကားဖြောင့်ဖြောင့်မပြောနိုင်တော့ဘဲ တိုင်ပတ်ချင်သလိုဖြစ်သွားရသည်။

"ကျွန်တော်ပြောတာ သူ့ဟာနဲ့သူရှင်းနေတဲ့ဟာ. . . မမတို့ဝင်ပြောမှပဲ ရှုပ်ကုန်တော့တယ်. . . ဒီလိုဗျာ. . . ကျွန်တော်တို့ မြန်မာစကားမှာ အိမ်ထောင်ဖက်မကျသေးတဲ့ယောကျ်ားလေးဆိုရင် လူပျိုလူလွတ်လို့ခေါ်ကြတယ်မဟုတ်လား. . . ဒါကြောင့် အိမ်ထောင်မကျသေးတဲ့မိန်းကလေးဆိုရင်လည်း အပျိုအလွတ်လို့ခေါ်ရမှာပဲလေ"

"ဟော့အေး - ငါတော့ မင်းပြောသလို အပျိုအလွတ်ဆိုတာကို မကြားဖူးဘူး"

"ဟုတ်တယ်. . . ငါတို့လည်း မကြားဖူးဘူး"

"ဟုတ်ပါတယ်. . . ကျွန်တော်လည်း မကြားဖူးပါဘူး"

"ဟင် - မင်းဟာက ဘယ့်နှယ့်လဲ. . . မင်းကိုယ်တိုင်တောင်မကြားဖူးဘဲနဲ့ ဘာကြောင့်ထည့်ပြောနေရတာလဲ"

"အဟီး - ဒါကတော့ ကျွန်တော်လည်း ကျွန်တော်ပြောတဲ့စကားကို စာသံပေသံလေးများပေါက်မလားဆိုပြီး ထွင်ပြောမိတာပါ"

"အေး - ဒါပေမဲ့ မင်းဟာက စာသံပေသံမပေါက်ဘဲ နှာသံ



www.burmeseclassic.com

www.burmeseclassic.com



သရေသံပေါက်နေတယ် သိလား"

"ဗျာ"

"မဗျာနဲ့. . . မရဘူး"

"ဩော် - ဟုတ်ကဲ့ ဟုတ်ကဲ့ ဟုတ်ကဲ့ ဟုတ်ကဲ့"

"လာပြန်ပြီ. . . ဒီဟုတ်ကဲ့ ဟုတ်ကဲ့ ဟုတ်ကဲ့ ဟုတ်ကဲ့လဲ . . . မဟုတ်ကဲ့နဲ့ မရဘူး"

"ဟင် - ဒါ. . ဒါလည်း မရပြန်ဘူးလား"

"မရဘူး. . . မင်း ငါတို့ကိုလာပြီး သိကပါးရိကပါးနဲ့ ဘာမှအူကြောင်ကြောင်လာလုပ်လို့မရဘူး. . . လေးယောက်စလုံး ဝလမရှိပေမယ့် ဇရှိတယ်. . . အဲလေ - အလှကိုယ်စီရှိသလို ဇကိုယ်စီလည်းရှိတယ်. . . ရာဇဝင်တွေ၊ အတ္ထုပ္ပတ္တိတွေလည်း ကုံစမ်းကြည့်လိုက်ဦး"

"ဩော် - ဟုတ်ကဲ့ ဟုတ်ကဲ့"

"လာပြန်ပြီလား ဒီဟုတ်ကဲ့"

"ဟုတ်"

အောင်မြင်ကျော် တစ်ယောက်တည်းနဲ့ ကတ်သီးကတ်ဖဲ့နိုင်သော အပျိုကြီးလေးယောက်ကို လှည့်ပတ်ရှင်းနေရသည်မှာ ဘယ်လိုမှ လိပ်ပတ်မလည်။ ထို့ကြောင့် လက်ကာပြရင်း ပြောလိုသည့်စကားကို ပြီးဆုံးဖို့ကြိုးစားရသည်။

"ခဏလေးပါ. . . ခဏလေး. . . ကျွန်တော်ပြောချင်တာက ဒီလိုပါ. . . ခုနက ကျွန်တော်ပြောသလို မမတို့သာ အခုလို. . . အပျို . . . အဲ. . မမတို့မှာသာ အိမ်ထောင်ရက်သားကျနေကြည့်ပါလား . . . မမတို့ရဲ့အိမ်ထောင်ဖက်တွေက ကျွန်တော့်လို ငယ်ရွယ်ချောမောတဲ့ကောင်လေးတစ်ယောက်ကို ခုလိုအိမ်ပေါ်ခေါ်တင်ပြီး ကျွေးမွေးစောင့်ရှောက်ထားတာ ဘယ်သဘောကျပါ့မလဲ"

"အံမယ် - အရေးထဲ. . . သူ့ကိုယ်သူကလည်း ကြော်ငြာ





နေရသေးတယ်"

"ဟင် - ဟုတ်တယ်လေ. . . ကျွန်တော်ပြောတာ မဟုတ်လို့လား. . . ကျွန်တော့်ဘာသာ အတိတ်မေ့ရုံမကလို့ ပစ္စုပ္ပန်နဲ့ အနာဂတ်ပါထပ်ပြီးမေ့နေပလေ့စေ. . . ဘယ်လိုမှ အနားမှာခေါ်ထားချင်မှာမဟုတ်ဘူး. . . ဟိတ် - ကောင်စုတ်လေး. . . လွတ်ရာကျွတ်ရာသွားနေစမ်းကွာ. . . ငါ့မိန်းမလှလှလေးနားမှာ မင်းလိုခပ်ချောချော ခပ်သန့်သန့်ကောင်လေးရှိနေတာ ဘယ်လိုမှ စိတ်မချဘူးဆိုပြီး ရိုက်ထုတ်ပစ်မှာပဲ. . . ဘယ့်နှယ့်လဲ - ကျွန်တော်ပြောတာ ဟုတ်တယ်မဟုတ်လား"

"အင်း - ထားပါတော့. . . အဲဒါဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ မမရဲ့. . . အခု မမတို့က ကျွန်တော်ပြောခဲ့သလို မစုံလို့. . ."

"ဘာပြောတယ်"

'ဘာပြောတယ်'ဆိုသည့်အသံက ပြိုင်တူထွက်လာကြသဖြင့် အောင်မြင်ကျော် တွန့်ခနဲဖြစ်သွားရသေးသည်။ ပြီးမှ

"အဟဲ - မစုံလို့မဟုတ်ဘူး. . . စုံကြရဲ့သားနဲ့ လွတ်လွတ်လပ်လပ်နေချင်ကြလို့ အိမ်ထောင်မပြုဘဲနေနေကြတာ. . . အဲဒီအချိန်မှာ ကျွန်တော်ဆိုတဲ့ အမိုက်စားခပ်လန်းလန်းကောင်လေးတစ်ယောက်ကလည်း. . ."

"ဒီမယ်. . ဒီမယ်. . . မင်းစကားပြောရင် အဲဒီမင်းကိုယ်မင်းချောတာတွေ၊ မိုက်တာတွေ၊ သန့်တာတွေမပါဘဲ ပြောလို့မရဘူးလား"

"ဗျာ - ဩော်. . အဟင်း. . . ဟုတ်သားပဲ. . . တကယ်ဆို ကျွန်တော်ချောတယ်၊ သန့်တယ်၊ ဖြောင့်တယ်ဆိုတာ ပြောစရာမလိုဘဲ မြင်တာနဲ့ သိပြီးသားပဲဥစ္စာ. . . ဆောရီး ဆောရီး"

"အင် - မလျှော့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ - ဘယ်လိုပြောပြော မရဘူး. . . ဇွတ်ပဲ"

"အံမယ်လေး - ကြည့်ပါဦး. . . ပြောတာပြောတာများ စင်ပေါ်ကကို မဆင်းဘူး. . . ဒါတောင် အတိတ်မေ့နေလို့သာပဲ"

"အင်း - ဟုတ်တယ် ဟုတ်တယ်. . . မမရှုမဝပြောသလိုပဲ . . . ကျွန်တော်က အတိတ်မေ့ပြီး ဒီရောက်လာတာလေ. . . အဲဒီလို အတိတ်မေ့နေတဲ့ကျွန်တော့်အတွက် ဘဝသစ်မှာ ကျွန်တော်သိတာ မမတို့ပဲရှိတဲ့အတွက်. . . ကျွန်တော့်အတွက် မမတို့ဟာ အစ်မဆိုလည်း ဟုတ်၊ အမေဆိုလည်း ဟုတ်"

"အမလေး - ဘုရားရေ. . . ဒီအရွယ် ဒီအရွယ်လေးတွေကို အမေဆိုလည်းဟုတ်စရာလား"

"ဖွဟဲ့ - လွဲပါစေ ဖယ်ပါစေ"

"ရပါပြီ. . . အစ်မဆိုလည်းဟုတ်တာနဲ့တင် လုံလောက်ပါပြီ . . . အမေဆိုလည်းဟုတ်အထိတော့ မလုပ်လိုက်ပါနဲ့. . . ရင်တုန်လွန်းလို့ပါ"

"အဲလောက်ထိမလိုဘူးလား. . . ကျွန်တော်က သဘောပြောတာပါ. . . သဘောပြောတာ"

"သဘောလည်း မပြောလိုက်ပါနဲ့. . . နားထောင်ရတာ ကြက်သီးထလွန်းလို့ပါ"

အပျိုကြီးလေးယောက်လည်း အောင်မြင်ကျော်တစ်ယောက် သူတို့ထက်ငယ်သည်ဆိုသော်လည်း ဆယ်နှစ်ထက်မပိုနိုင်သည်မို့ အမေလို့ခေါ်မှာကိုတော့ သေမလောက်ကြောက်ကြဟန်တူသည်။

"ဟုတ်ကဲ့. . . ဒါဆိုလည်း အဲသလို အစ်မဆိုလည်းဟုတ် . . . ကျွန်တော်ကတွယ်တာရသလို မမတို့ကလည်း ကျွန်တော့်ကို. . ."

"ရပြီ တော်ပြီ. . . ဆက်မပြောနဲ့တော့. . . မင်းပြောချင်တာ





ငါတို့နားလည်ပြီ. . . မင်းပြောချင်တာက ဒီလိုအချိန်မှာတိုက်တိုက်ဆိုင်ဆိုင် တို့လေးယောက်စလုံးမှာ ဂြုစိုက်တိုမယ့်သူမရှိဘူး. . . သံယောဇဉ်အနှောင်အဖွဲ့တွေ ဘာတွေမရှိဘူး. . . အဲဒါကိုကပဲ ဘယ်ကလာလို့ ဘယ်ကိုသွားမယ့် ဘယ်လိုလူမှန်းလည်းမသိ"

"ဘယ်အပေအတေ အုတ်ကြားမြက်ပေါက်မှန်းလည်းမသိ"

"ဘယ်ဂလေဂချေ ရေမြောကမ်းတင်မှန်းလည်းမသိ"

"ဘယ်လူဆိုးသူခိုး ဂျလေဘီမှန်းလည်းမသိ"

"ခဏလေး. . ခဏလေး. . . အဲဒါ ဘယ်သူ့ကိုပြောနေတာလဲဟင်"

"မင်းကိုပြောနေတာလေ"

"ဟုတ်ပါပြီ. . . ပြောတာတော့ ပြောပါ. . . ဒါပေမဲ့ များများများ များနေသလားလို့"

"ဟင် - မင်းဟာကလဲ. . . နည်းနည်းများ များနေသလားလို့လုပ်စမ်းပါ"

"နည်းနည်းလေးများရင် မပြောဘူး. . . အခုဟာက တော်တော်ကြီးကို တရားလွန်အောင်များနေလို့ပြောရတာ"

"ဟုတ်လား. . . ခစ် ခစ် ခစ် ခစ်"

"ခစ် ခစ် ခစ် ခစ်"

နှိပ်ကွပ်ခံလိုက်ရသည့်အတွက် မျက်နှာကြီးမဲ့ရှုံ့ပြီး မကျေနပ်မှုကိုပြနေသော အောင်မြင်ကျော်ကိုကြည့်ပြီး သူတို့လေးယောက်စလုံး ရယ်မိကြလေသည်။ ပြီးမှ သူမတို့ ကိုဘုကြည့်ကြည့်နေသော အောင်မြင်ကျော်ကို ပြုံးစေ့စေ့ဝိုင်းကြည့် ကြရင်း

"ကဲပါလေ. . . တို့က ပျော်လို့စတာပါ. . . မျက်နှာကြီး ဘောလုံးမှန်ထားသလို ဖြစ်မနေပါနဲ့တော့. . . မင်းပြောသလိုပဲ အခုကစပြီး မင်းလည်း ချောချောလှလှ အစ်မလေးယောက်ကို တစ်ပြိုင်



www.burmeseclassic.com

www.burmeseclassic.com



တည်းကောက်ရတယ်လို့မှတ်လိုက်. . . တို့ကလည်း အင်မတန်စကားများပြီး အင်မတန်အူကြောင်ကြောင်နိုင်တဲ့မောင်လေးတစ်ယောက်ဝေါက်နေတယ်လို့. . . အဲလေ - လာဘ်ကောင်ဆိုတဲ့ မောင်လေးတစ်ယောက်ကောက်ရတယ်လို့ မှတ်လိုက်မယ်. . . ဟုတ်ပြီလား. . . ခစ် ခစ် ခစ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ဟုတ်ကဲ့ ဟုတ်ကဲ့"

"ခစ် ခစ် ခစ် ခစ်"

ရယ်မောသံတွေဝေစီသွားပြန်သည်။

အောင်မြင်ကျော်လည်း မြတ်မမ၊ ပျိုပျိုခင်၊ ရှုမဝ၊ ရွှေအဆင်းတို့နှင့်အတူ အလိုတူအလိုပါ ရယ်မောမိလေသည်။

ထို့အတူ ဒေါ်ညိုသည်လည်း ပျော်ရွှင်မှုတို့ကူးစက်ခံရကာ အားလုံးနှင့်တစ်သံတည်း လိုက်လံရယ်မောမိလေသည်။

သေချာသည်ကတော့ သည်နေ့ထမင်းဝိုင်းလေး အရင်နေ့တွေကထက်ပိုပြီး စားမြိန်နေမှာဆိုတာပဲဖြစ်သည်။

## (၅)

"မမ"

"ဟင် - ဘာလဲ"

ရွှေအဆင်း အိမ်ရှေ့ဝရန်တာရှိစားပွဲတွင်ထိုင်ပြီး စာရင်းစာအုပ်ကိုကြည့်လိုက်၊ ဂဏန်းပေါင်းစက်ခလုတ်လေးများကိုနှိပ်လိုက်၊ ဘောလ်ပင်လေးကောက်ကိုင်ပြီး ရေးမှတ်လိုက်ဖြင့် အလုပ်ရှုပ်နေချိန်တွင် အောင်မြင်ကျော်အနားရောက်လာပြီးခေါ်သဖြင့် မော့မကြည့်ဘဲ အသံပြန်ပေးလိုက်သည်။

"ဟိုလေ - မမအလုပ်များနေလားဟင်"

"အင်း - ဟုတ်တယ်"

"အဲဒါဆို ဘာသောက်ချင်လဲဟင်. . . ဘာသွားယူပေးရမလဲ"

"ဟင့်အင်း - နေပါစေ. . . ရတယ်"

စကားကိုစိတ်မပါသလို တိုတိုပြတ်ပြတ်ဖြေသဖြင့် အောင်မြင်ကျော်လည်း ဘာဆက်ပြောရမှန်းမသိဘဲ နှုတ်ဆိတ်ကာအသာရပ်နေမိသည်။ အတန်ငယ်ကြာမှ

"မမ"

ဆိုပြီး အသံပြန်ပေးရာ ရွှေအဆင်းလည်း သူအလုပ်များနေ



www.burmeseclassic.com

www.burmeseclassic.com



တုန်း စကားမရှိစကားရှာ လာရှုပ်ရကောင်းလားဆိုပြီး ဖျတ်ခနဲမော့ကြည့်ရာ

"ဘာလဲဟာ. . . ဘာလဲ. . . ဒီမှာ စာရင်းမကိုက်လို့ ခေါင်းစားနေရတဲ့ကြားထဲ"

ဟူ၍ ဒေါသသံဖြင့်လှမ်းဟန့်လေသည်။

အောင်မြင်ကျော်လည်း မျက်နှာချိုသွေးပြရင်း

"မမ - ဟို. . ဟိုလေ"

"ဩော် - ဘာလဲလို့ဆို"

"ကျွန်တော် ပိုက်ဆံနည်းနည်းလောက်လိုလို့"

"ဘာ - ပိုက်ဆံလိုလို့ ဟုတ်လား"

"ဟုတ်. . ဟုတ်ကဲ့. . . နှစ်သောင်းလောက်လိုလို့ပါ"

"ဘာ - နှစ်သောင်းတောင်. . . အဲဒါ ငါကဘာလုပ်ပေးရမှာလဲ"

"ဖြစ်နိုင်ရင် ကျွန်တော့်ကိုခဏလောက်ချေးပါလို့ ပြောချင်လို့ပါ"

"ဟဲ့ - ပိုက်ဆံဆိုတာ ချေးချင်တိုင်းချေးလို့ရတယ်လို့များ ထင်နေလို့လား"

"ဟုတ်ကဲ့ - ကျွန်တော်သိပါတယ်. . . အဲဒီအတွက် ကျွန်တော် ဒီနာရီကိုအပေါင်ထားပါ့မယ်. . . နောက်ပြီး အတိုးလည်းပေးပါ့မယ်"

နာရီအပေါင်ထားပြီး အတိုးပါပေးမည်ဆိုသည့် အောင်မြင်ကျော်၏စကားသံကိုကြားမှ ရှုံ့မဲ့နေသော ရွှေအဆင်း၏မျက်နှာကြီး ပြုံးလာလေသည်။

အောင်မြင်ကျော်လည်း ရွှေအဆင်းမျက်နှာရိပ်မျက်နှာကဲကို ကြည့်၍ အခြေအနေကောင်းသည်ဆိုတာသိသည်နှင့် လက်မှနာရီကို





ချွတ်ပေးလိုက်သည်။

"မမ - ဒီမှာ နာရီ"

"ဩော် - အေး. . . ပေး. . ပြကြည့်ပါဦး. . . အင်း - နာရီကတော့အကောင်းစားပဲ. . . သိန်းချီပေးရမှာတော့ သေချာတယ် . . . ဟုတ်ပြီလေ. . . ခဏစောင့်. . . ငါ ပိုက်ဆံသွားယူပေးမယ်"

ရွှေအဆင်းလည်း ချစ်တီးဆိုသောဂုဏ်ပုဒ်နှင့်ညီကာ တန်ဖိုးကြီးပစ္စည်းအပေါင်ထားသည်နှင့် ချက်ချင်းဆိုသလို ချေးငွေထုတ်ပေးဖို့ အိပ်ခန်းဆီသို့ထွက်ခွာသွားလေသည်။

အောင်မြင်ကျော်လို အတိတ်မေ့ပြီး သူမတို့အိမ်မှာသောင်တင်နေသူတစ်ယောက်အဖို့ ချေးထားသည့်ပိုက်ဆံကို ဘယ်လိုပြန်ဆပ်လို့ ပေါင်ထားသည့်ပစ္စည်းကို ဘယ်လိုပြန်ရွေးမည်ဆိုတာ ရွှေအဆင်းမစဉ်းစားမိတော့ဘဲ အတိုးရမည်ဆိုတာတစ်ခုတည်းနှင့် ကျေနပ်နေလေသည်။ တစ်ခုတော့ရှိသည်။ မရွေးနိုင်လျှင်လည်း ကိစ္စတော့မရှိ။ နှစ်သောင်းလောက်နှင့် သိန်းချီတန်နာရီတစ်လုံးကို ရလိုက်သည်မဟုတ်ပါလား။

အောင်မြင်ကျော် ရွှေအဆင်း၏လုပ်ရပ်ကိုတွေးမိပြီး သဘောကျကာ ပြုံးလိုက်မိသည်။

သိပ်မကြာခင်မှာပင် ရွှေအဆင်းပြန်ရောက်လာသည်။

"ရော့ - ဒီမှာ. . . မင်းလိုနေတယ်ဆိုတဲ့ပိုက်ဆံ. . . နောက်လိုရင်လည်း လာပြောနော်. . . အားမနာနဲ့. . . မင်းမှာ လက်စွပ်တွေ၊ ဟန်းချိန်းတွေရှိသေးတာပဲ. . . ဩော် - ဒါနဲ့ ဒီကိစ္စ ဟိုမိန်းမတွေမသိစေနဲ့နော်. . . မင်းနဲ့ငါပဲသိပါစေ ကြားလား"

"ဟုတ်ကဲ့ - စိတ်ချပါ မမ. . . ဘယ်သူမှမသိစေရပါဘူး . . . ကျွန်တော့်ကိုခွင့်ပြုပါဦး"

"အေးကွယ်. . . ကောင်းပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေအဆင်းတို့က ကပ်စတမ်မာနှင့်ဆက်ဆံသည်ဆိုလျှင်တော့ သည်လိုပဲနှုတ်လည်းချို မျက်နှာလည်းချိုနေတတ်သည်။ ဒါမှလည်း ကပ်စတမ်မာကို ဖောက်သည်ဖြစ်အောင်စည်းရုံးနိုင်မည်မဟုတ်ပါလား။

(၆)

အောင်မြင်ကျော် နာရီပေါင်ပြီးချေးလာသည့် ပိုက်ဆံနှစ်သောင်း အိတ်ကပ်ထဲထည့်ပြီး ပျိုပျိုခင်တို့ကုမ္ပဏီသို့ တက်ကြွစွာလျှောက်လှမ်းလာသည်။

ကုမ္ပဏီရောက်သည်နှင့် ကြိုစောင့်နှင့်နေဟန်တူသော ပျိုပျိုခင်ကိုတွေ့ရသည်။ ထို့ကြောင့် အနားရောက်သည်နှင့် လက်တွင်းမှကိုင်လာသည့် စာရွက်စာတမ်းများထည့်ထားသောဖိုင်ကို ကမ်းပေးလိုက်သည်။

"မမယူလာခိုင်းတာ ဒီဖိုင်ဟုတ်တယ်မဟုတ်လား"

"အေး - ဟုတ်တယ်. . . ကျေးဇူးပဲ. . . အဲ - နေဦး. . . စစ်ကြည့်လိုက်ဦးမယ်"

ပျိုပျိုခင် အောင်မြင်ကျော်ထံမှဖိုင်ကိုလှမ်းယူပြီး လိုအပ်သည့်စာရွက်စာတမ်းတွေ ပါ၊ မပါ စစ်ဆေးကြည့်သည်။ ပြီးမှ ကျေနပ်သွားဟန်ဖြင့်

"အိုကေ - စုံတယ်. . . ရပြီ"

ဟုပြောရင်း ကုမ္ပဏီတွင်းသို့ပြန်ဝင်ရန် ခြေလှမ်းပြင်လေသည်။

သို့သော် အောင်မြင်ကျော်က တစ်စုံတစ်ရာပြောစရာရှိသေး



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဖြင့် နေရာတွင်ရပ်မြဲရပ်နေသည်ကို သတိထားမိသဖြင့် လှမ်းနေသောခြေကို ဘရိတ်ပြန်အုပ်လိုက်ရသည်။

"ဟေ့ - လာဘ်ကောင်. . . ဘာလုပ်နေတာလဲ. . . ပြန်တော့လေ. . . ဩော် - ဟုတ်သားပဲ. . . မေ့လို့ မေ့လို့. . . ကားခပေးလိုက်မှ ပြန်လို့ရမှာပေါ့. . . ရော့ ရော့ - ကားခ. . . တက္ကစီငှားပြီးသာ အိမ်တန်းပြန်တော့နော်"

"ဟုတ်. . ဟုတ်. . . အဲလေ - မဟုတ်သေးဘူး မမရဲ့"

"ဘာလဲ. . . ဘာမဟုတ်သေးတာလဲ"

"အိမ်နဲ့ခြံအတွက် ရောဂါဘယကင်းပြီး သန့်ရှင်းဖို့ ဖြန်းဆေးဘူးတွေဝယ်ချင်လို့. . . အဲဒါ မမကနားလည်တယ်ဆိုလို့ မမလိုက်ဝယ်ပေးပါဦး. . . ပြီးတော့ ကျွန်တော့်တစ်ကိုယ်ရည်သန့်ရှင်းမှုအတွက် လိုအပ်တဲ့အသုံးအဆောင်တွေကိုလည်း မမကပဲ ဦးဆောင်ပြီးလိုက်ဝယ်ပေးဖို့ အကူအညီတောင်းချင်လို့ပါ"

"ဟား - မင်းက ဘယ်ဆိုးလို့လဲကွ. . . ငါထင်တာထက်တောင် တော်နေသေးတယ်. . . ကောင်းပြီ - နာရီဝက်လောက်ပဲစောင့်. . . ငါရုံးဆင်းတော့မယ်. . . ပြီးမှ အတူသွားကြတာပေါ့"

"ဟုတ်ကဲ့ - ကျေးဇူးပါပဲ"

ပျိုပျိုခင် အောင်မြင်ကျော်၏အကူအညီတောင်းမှုကိုလက်ခံသဖြင့် အောင်မြင်ကျော် ကျေနပ်စွာပြုံးမိလေသည်။

## (၇)

အောင်မြင်ကျော် ပျိုပျိုခင်ဦးဆောင်သည့်အတိုင်း နောက်ကလိုက်၍ ပျိုပျိုခင်လိုအပ်သလိုဝယ်ပေးသည်များကို ယူဆောင်ကိုင်ဆွဲထားရသည်။

အိမ်နှင့်ခြံဝန်းအတွက် လိုအပ်သည့် သန့်ရှင်းရေးပစ္စည်းများနှင့် ဆေးဖိုးကုန်ကျစရိတ်များတို့တော့ ပျိုပျိုခင်ကပင်ကျခံသည်။

ဝယ်စရာရှိတာများဝယ်ခြမ်းပြီးသည်နှင့် အောင်မြင်ကျော်က

"မမ - ကျွန်တော်တို့ ဈေးဝယ်ရတာ မောလည်းမောပြီ. . . ခဏနားတဲ့အနေနဲ့ရော မမကိုကျေးဇူးတင်တဲ့အနေနဲ့ရောပေါင်းပြီး ဒီထဲကဆိုင်မှာပဲ ကျွန်တော့်ကိုမုန့်လိုက်ကျွေးခွင့်ပြုပါ"

"ဟင် - မင်းက တို့ကို"

"ဟုတ်"

အောင်မြင်ကျော် တက်ကြွပျော်ရွှင်စွာခေါင်းညိတ်ပြသည်နှင့် ပျိုပျိုခင်လည်း အောင်မြင်ကျော်၏စေတနာကို မပစ်ပယ်ရက်သဖြင့် သဘောတူကြောင်းပြုံးပြလေသည်။

ပလာဇာရှိ ကဖီးတွင်ထိုင်ပြီး မှာယူစားသောက်ရင်းနှင့် ပျိုပျိုခင် အောင်မြင်ကျော်ကိုအသေအချာအကဲခတ်နေမိသည်။

အောင်မြင်ကျော်က အလွန်သန့်ရှင်းသေသပ်သူဖြစ်သည်။

ဩ ရ သ စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ဆိုမဆိုးပါဘူးဟု ပျိုပျိုခင်အမှတ်ပေးမိသည်။ စားသောက်ငွေရှင်းပြီးခါမှ ပျိုပျိုခင် တစ်စုံတစ်ခုကိုသတိရဟန်ဖြင့်

"အဲ - ဒါနဲ့ နေစမ်းပါဦး. . . တို့ကိုကျွေးတာတော့ ဟုတ်ပါပြီ. . . မင်းမှာ ဘယ်ကပိုက်ဆံရှိလို့ ခုလိုကျွေးနိုင်ရတာလဲ"

"ဒါများ ဘာခက်တာမှတ်လို့. . . မမချစ်တီး အဲလေ - မမရွှေအဆင်းဆီမှာ ကျွန်တော့်နာရီကိုပေါင်ပြီး ဝယ်ကျွေးတာပေါ့ မမရဲ့"

"အင် - ဘယ်လို ဘယ်လို. . . နာရီပေါင်ပြီးဝယ်ကျွေးတာ ဟုတ်လား"

"ဟုတ်ကဲ့"

"အမလေး - သွားပါပြီ သွားပါပြီ. . . ငါ့နာမည်တော့ ပျက်ပါပြီ. . . အဲသလိုသာကြိုသိရင် ငါစားလို့ မျိုလို့ကျမှာမဟုတ်ဘူး. . . တော်သေးတာပေါ့. . . မမေးဘဲစားမိလို့"

"သြော် - အဟင်း ဟင်း ဟင်း"

"ဘာအဟင်းဟင်းလဲ မင်းက"

"ဘာမှမဟုတ်ပါဘူး. . . ဟိုမှာ ဓာတ်လှေကားတံခါးပွင့်ပြီ . . . ဝင်ကြရအောင်လို့ပြောမလို့ပါ"

အောင်မြင်ကျော် ပြောလည်းပြော၊ ဓာတ်လှေကားအတွင်းသို့လည်း ဦးဆောင်ဝင်လေရာ ပျိုပျိုခင်လည်း နောက်မှလိုက်ဝင်ပြီး မြေညီထပ်ဆင်းမည့်ခလုတ်ကိုနှိပ်ကာ အောင်မြင်ကျော်နှင့်ဘေးချင်းယှဉ်ရပ်လိုက်လေသည်။

ဓာတ်လှေကားတံခါးပိတ်သွားပြီး အောက်သို့ငြိမ့်ခနဲဆင်းသွားပြီးနောက် ချက်ချင်းဆိုသလိုပင် တုံ့ခနဲရပ်သွားလေသည်။

"ဟင် - ဘာ. . ဘာဖြစ်တာလဲ"

ပျိုပျိုခင်ထိတ်လန့်သွားသလို အောင်မြင်ကျော်လည်း အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။ ပြီးမှ





"အင်း - ကြည့်ရတာ မီးပျက်သွားထင်တယ်"

"ဟင် - ဒါ. . ဒါဆို တို့ဘယ်လိုလုပ်ကြမလဲ. . . ဒုက္ခပါပဲ"

"မစိုးရိမ်ပါနဲ့ မမရဲ့. . . ခဏနေရင် ပြန်လာမှာပါ. . . စိတ်အေးအေးထား. . . ကျွန်တော်တစ်ယောက်လုံးရှိနေတာပဲ"

"အေးကွာ - အရေးထဲမှာမှပဲ"

ပျိုပျိုခင် စိတ်အိုက်သွားဟန်ဖြင့် သက်ပြင်းရှိုက်လေသည်။

အောင်မြင်ကျော်လည်း ပျိုပျိုခင်မကြောက်စေရန်အတွက် အကြောင်းအမျိုးမျိုးရှာပြီး အာရုံပြောင်းစေမည့်စကားတွေကို ကြံဖန်ပြောဆိုနေရလေသည်။

ပျိုပျိုခင်ဟန်လုပ်ပြီး ခေါင်းညိတ်လိုက်၊ အင်းအဲလိုက်လုပ်နေရသော်လည်း ကြောက်စိတ်ကမပြေသည့်အပြင် တိုးတိုးလာသည်။ ထို့အတူ ဓာတ်လှေကားအတွင်းမှာလည်း လှောင်အိုက်လာသည့်အတွက် အတွင်းပူ၊ အပြင်ပူခံစားရကာ ချွေးတွေစို့လာရသည်။

ထိုသို့မွန်းကြပ်လှောင်အိုက်လာရသည့်အထဲ ထင်မှတ်မထားသော အောင်မြင်ကျော်၏အပြုအမူကြောင့် မျက်စိမျက်နှာပျက်ကာ အသက်ရှူမှားသွားရသည်။

အောင်မြင်ကျော်က ပျိုပျိုခင်ကိုပြုံးပြုံးကြီးကြည့်ပြီး

"မမ - အေးဆေးနော်. . . အေးဆေး. . . မမနားမှာ ကျွန်တော်တစ်ယောက်လုံးရှိတယ်သိလား. . . ဟဲ ဟဲ"

ဆိုပြီး အင်္ကျီကြယ်သီးကို တစ်လုံးချင်းဖြုတ်နေလေသည်။

ပျိုပျိုခင် ပြေးစရာမရှိသောဓာတ်လှေကားထဲတွင် နံရံကို ကျောအတင်းကပ်လျှက်

"မင်း. . မင်းနော်. . . ဒါ. . ဒါဘာလုပ်တာလဲ"

"အေးဆေးပါ မမကလဲ. . . အေးဆေး"

"မင်း. . မင်း ဒါမျိုးမလုပ်နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"သြော် - မမကလဲ. . . အေးဆေးပါဆို"

"ဟော့အေး. . ဟော့အေး. . . မရဘူးနော်. . . မရဘူး. . . တို့ကို ဒါမျိုးလုပ်လို့မရဘူးနော်. . . မင်း. . မင်း နှစ်ယောက်တည်းရှိတယ်ဆိုပြီး မဟုတ်တဲ့အကြံ ကြံဖို့မစဉ်းစားနဲ့"

"စိတ်ချ - မဟုတ်တာမကြံဘူး. . . ဟုတ်တာပဲကြံတာ"

"လာဘ်ကောင်နော် - ငါကြောက်တယ်နော်. . . ငါ့ကို ကြောက်အောင်မခြောက်နဲ့နော်"

"မကြောက်ပါနဲ့ မမရဲ့. . . ဒီကိစ္စကို ကျွန်တော်အားလုံး တာဝန်ယူတယ်. . . ဟဲ ဟဲ"

သည်လောက်ပြောနေသည့်ကြားမှ အောင်မြင်ကျော်အင်္ကျီကိုချွတ်လိုက်လေရာ ပျိုပျိုခင်လည်း သူ့ဘဝတော့ရေတိမ်နစ်ရှာပြီဆိုပြီး ရှေ့ဆက်မတွေးရဲတော့သလို မျက်လုံးကိုစုံမှိတ်ထားလိုက်တော့သည်။

သို့သော် သူထင်ထားသလို ကြမ်းတမ်းသောပွေ့ဖက်ထွေးပိုက်မှုကိုမကြုံရဘဲ အေးခနဲအေးခနဲကိုသာ ခံစားနေရသည့်အတွက် မျက်လုံးကိုမရဲတရဲဖွင့်ကြည့်ရာ အောင်မြင်ကျော်က သူ၏အင်္ကျီကိုလက်နှစ်ဖက်ဖြင့်ကိုင်ပြီး ယပ်ခတ်ပေးနေသည်ကိုတွေ့ရလေသည်။

ထိုအခါမှ ပျိုပျိုခင်လည်း ဒီတစ်သက် ယောကျ်ားမလိုချင်လို့အပျိုကြီးလုပ်လာတာ အခုတော့မထင်မှတ်ဘဲနဲ့ အိမ်ထောင်ကျကိန်းတော့ဆိုက်နေပြီထင်ရဲ့ဟု တွေးလိုက်မိသေးသည်။ သို့သော် ထင်ထားသည်နှင့်လွဲမှားစွာ အောင်မြင်ကျော်ကရိုးသားစွာကူညီဖေးမပေးနေသည်ကိုကြုံရ၍ စိတ်ထဲတစ်မျိုးတစ်မည်ဖြစ်သွားရသည်။

ပြီးတော့ မလုံမလဲဖြင့် မျက်နှာလည်းဘယ်ထားရမှန်းမသိ။ ပျိုပျိုခင် ကိုယ့်အဖြစ်ကိုယ်တွေးပြီး ကြိတ်ပြုံးမိလေသည်။ ထိုအခိုက်မှာပင် ဓာတ်လှေကားက ငြိမ့်ခနဲအောက်ကိုဆင်းသွားသဖြင့် ပျိုပျိုခင်



BURMESE CLASSIC .com



လည်း လန့်ပြီး

"အမလေး"

တ-ကာ အောင်မြင်ကျော်ကို အတင်းဖက်ထားလိုက်မိလေသည်။

အောင်မြင်ကျော်လည်း ပျိုပျိုခင်က သူ့အားရုတ်တရက်ကြောက်လန့်တကြားဖက်ထားသဖြင့် ဘာလုပ်ရမှန်းမသိဖြစ်သွားရသည်။

သိပ်မကြာခင်မှာပင် ဓာတ်လှေကားက မြေညီထပ်ရောက်ပြီး တံခါးပွင့်သွားလေသည်။

"ဟင်"

"အို"

"အလို"

ရေပလုံစီသလိုတက်လာသော ဓာတ်လှေကားစီးရန်စောင့်နေသူများ၏ အာမေဋိတ်သံများကြားမှ ပျိုပျိုခင်လည်း သတိပြန်ဝင်သွားရသည်။

သတိပြန်ဝင်သည်နှင့် ပထမဆုံးသတိပြုမိသည်က သူမ အောင်မြင်ကျော်ကို ဖက်ထားသည်ဆိုတာပဲဖြစ်သည်။

ဓာတ်လှေကားအပြင်မှလူတွေကလည်း သူမနှင့်အောင်မြင်ကျော်တို့ ဓာတ်လှေကားပျက်တာကိုအခွင့်ကောင်းယူပြီး ချစ်နလံထနေကြသည်ဟု တွေးနေကြမည်မှာသေချာသည်။

ပျိုပျိုခင်ရှက်စိတ်ဖြင့် မျက်နှာကြီးရဲတက်သွားလျှက် အောင်မြင်ကျော်အားတွန်းဖယ်လိုက်ပြီး ဓာတ်လှေကားအတွင်းမှ မပြေးရုံတစ်မယ်ထွက်ခွာသွားရသည်။

ပျိုပျိုခင်နည်းတူ အောင်မြင်ကျော်သည်လည်း မလုံမလဲဖြစ်ကာ သူတို့အားကြည့်နေသူများကို ရှက်ရှက်နှင့်ရယ်ပြလိုက်ပြီး ချက်



www.burmeseclassic.com

www.burmeseclassic.com



ထားသောအင်္ကျီကိုပြန်ဝတ်ရင်းတန်းလန်းနှင့် ဓာတ်လှေကားပြင်ပသို့ ကသောကမျောထွက်ခွာရလေသည်။

ထိုနေ့အဖို့ ပျို့ပျို့ခင်တစ်ယောက် အိမ်အပြန်ခရီးမှာ အောင်မြင်ကျော်မျက်နှာကို စေ့စေ့မကြည့်ရဲတော့သလို စကားလည်း ဟုတ်တိပတ်တိပြန်မပြောနိုင်ဖြစ်သွားရရှာသည်။

အိမ်ပြန်ရောက်တော့လည်း အောင်မြင်ကျော်ကိုသာမက ကျန်သူအားလုံးကိုပါ မျက်နှာချင်းမဆိုင်မိအောင် ကြိုးစားနေမိပြန်သည်။

BURMESE CLASSIC .com

အမူအရာပျက်နေသောသူမကို အားလုံးက ဘာများဖြစ်လို့ပါလိမ့်ဟု စိတ်ပူစွာမေးကြတော့လည်း ဘာမှမဖြစ်ပါဘူးဟုသာ ကြည့်ကောင်းအောင်ဖြေရင်း ရှောင်ဖယ်ရှောင်ဖယ်လုပ်မိနေပြန်သည်။

လူက ကတုန်ကယင် မအီမလည်နှင့် အမျိုးအစားခွဲခြားရခက်သော ထူးဆန်းသည့်ဝေဒနာကို ခံစားနေရသည်ဟု သူမထင်သည်။

ပြီးတော့ အောင်မြင်ကျော်မျက်နှာကို မဝံ့မရဲခိုးခိုးကြည့်မိရင်း မျက်နှာလည်း နွေးခနဲ၊ ရဲခနဲဖြစ်ဖြစ်သွားတတ်သေးသည်။

ကြာရင် အားလုံးရိပ်မိကုန်မှာစိုးပြီး အကြောင်းပြချက်မယ်မယ်ရရမရှိဘဲ အိပ်ရာစောစောဝင်လေသည်။ ခန္ဓာကိုယ်ကို ပိုးသတ်ဆေးလိမ်းဖို့ကြံလိုက်ပြီးမှ အောင်မြင်ကျော်၏ရင်ငွေ့ကိုပြန်ခံစားမိပြီးသည်အတိုင်းထားတာပဲကောင်းပါတယ်ဆိုကာ မျက်စိကိုမှိတ်လိုက်လေသည်။ သို့သော် အိပ်ပျော်အောင် အိပ်လို့ရသည်တော့မဟုတ်။ အိပ်မပျော်ချိန်ရော၊ မှေးခနဲအိပ်ပျော်သွားချိန်မှာရော တွေးမိမြင်မက်မိနေသည်ကတော့ အောင်မြင်ကျော်နှင့်အတူရှိနေသည့် ဓာတ်လှေကားထဲမှပုံရိပ်တွေသာဖြစ်သည်။ ထိုသို့တွေးထင်မြင်မက်တိုင်းလည်း မီးပြန်လာ၍ ဓာတ်လှေကားရုတ်တရက်ငြိမ့်ခနဲအောက်သို့ကျ





သွားသလို ခံစားရသည်ချည်းဖြစ်သည်။

သွား - လာဘ်ကောင်. . . လူဆိုး. . . သည်က ရင်မခုန်ချင်ပါဘူးဆိုပြီး ဘဝကိုအေးရာအေးကြောင်းတစ်ယောက်တည်းဖြတ်သန်းသွားဖို့ ဆုံးဖြတ်ထားတဲ့ဟာကို နှလုံးသွေးတွေကိုလာနွေးပေးပြီး လူကိုရင်ခုန်တတ်အောင်လာသင်ပေးနေတယ်. . . အရမ်းပဲစိတ်ဆိုးတယ်သိလား။

ပျို့ပျို့ခင်တစ်ယောက် ထိုသို့သောနတ်ဝင်သည်ဆန်သည့်နေ့ရက်တစ်ရက်ကျော်လွန်၍ နံနက်မိုးသောက် အလင်းရောက်ချိန်မှစပြီး အရာရာအားလုံးပြောင်းလဲသွားပါတော့သည်။

အားလုံးသောသူများထက် တက်ကြွလန်းဆန်းပြီး အမြဲပျော်နေတတ်သူသည် ပျို့ပျို့ခင်ဖြစ်သည်။

အားလုံးထက်ပိုပြီး အောင်မြင်ကျော်အား ရင်းရင်းနှီးနှီးဆက်ဆံသူသည် ပျို့ပျို့ခင်ဖြစ်သည်။

အားလုံးထက်ပိုပြီး အောင်မြင်ကျော်အပေါ် ကျန်းမာသန့်ရှင်းရေး စည်းကမ်းချက်တွေလျှော့ပေါ့ပေးပြီး ဆက်ဆံလာသလို ယခင်ထက်ပိုပြီးလှချင်ပချင်လာသူသည် ပျို့ပျို့ခင်ဖြစ်သည်။

ပြီးတော့ အောင်မြင်ကျော်ကို အရင်ခေါ်ရိုးခေါ်စဉ် လာဘ်ကောင်လို့မခေါ်တော့ဘဲ 'လာဘ်'ဆိုပြီး တစ်လုံးတည်းပဲခေါ်တော့သည်။

ပျို့ပျို့ခင်တစ်ယောက် ထူးတော့ထူးခြားနေတာအမှန်ပဲဖြစ်သည်။

သည်လိုဆိုတော့ အားလုံးကလည်း ပျို့ပျို့ခင်ကို ပြန်ပြီးအံ့သြကြရပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## (၈)

သည်ကနေ့ ရှုမဝ အရေးကြီးကိစ္စတွေရှိသဖြင့် ကားယူသွားမည်ဟုဆိုကာ ကားမောင်းဖို့ကားပေါ် တက်ကာ ကားစက်နှိုးလေသည်။ သို့သော် ကားသော့ကိုမလှည့်မိဘဲ လေကိုသာလှည့်မိသည့်အခါကျမှ

"ဟာ - ဒုက္ခပါပဲ. . . ကားသော့ယူခဲ့ဖို့ မေ့လာပြန်ပြီ"

ဟု ညည်းညူလိုက်ပြီး ကားပေါ်မှပြန်ဆင်းရန်ပြင်လိုက်သည်။ ထိုအချိန်မှာပင် အောင်မြင်ကျော် ကားအနီးသို့ရောက်လာပြီး

"မမ - ဒီမှာကားသော့"

ဟုဆိုရင်း ကားသော့ကိုပေးလေသည်။

"အေးကွာ လာဘ်ကောင်. . . ကျေးဇူးပဲ"

ရှုမဝ အောင်မြင်ကျော်၏အလိုက်သိတတ်ပုံကို ကြိတ်ပြီး အသိအမှတ်ပြုမိသည်။

ကားစက်နှိုးပြီး ကားမောင်းထွက်ရန်ပြုလိုက်စဉ်မှာပင် အောင်မြင်ကျော်က လက်ကာတားလိုက်ပြီး သတိပေးစရာရှိတာ သတိပေးပြန်သည်။

"ဩော် - မမ ခဏနေပါဦး"

"ဘာလဲ. . . ဘာကိစ္စရှိသေးလို့လဲ"

"မမဆီမှာ ဟန်းဖုန်းမတွေ့မိလို့ ဟန်းဖုန်းကောပါသွားရဲ့လား





လို့ပါ"

"မှန်း. . . ဩော် - အေး ဟုတ်ပါရဲ့. . . စောစောကဖုန်းပြောပြီး ဧည့်ခန်းထဲကစားပွဲပေါ်တင်ထားခဲ့မိတယ် ထင်တယ်"

"ရတယ် မမ. . . အဲဒါဆို ကျွန်တော်သွားယူပေးမယ်"

အောင်မြင်ကျော်စကားဆုံးသည်နှင့် အိမ်ထဲသို့ချာခနဲလှည့်ဝင်ပြေးသွားသည်။ ထို့နောက် ချက်ချင်းဆိုသလိုပြန်ရောက်လာပြီး

"မမ - ဒီမှာဟန်းဖုန်း"

ဟုကမ်းပေးပြီးနောက် တစ်ဆက်တည်းမှာပင်

"မမ - ဒီမှာဟန်းဖုန်းတင်ထားတဲ့စားပွဲပေါ်မှာတွေ့လို့ မမယူသွားရမယ့်စာရွက်စာတမ်းတွေလားဆိုပြီး လိုရမယ်ရယူလာတာ . . ကြည့်ကြည့်ပါဦး"

ဟူ၍ ညှပ်ကလစ်ဖြင့်ဆွဲထားသော စာရွက်စာတမ်းတွေကို ပြလေသည်။ ထိုအခါမှ ရှုမဝလည်း

"ဟယ် - ဟုတ်ပါရဲ့. . . ငါ့နှယ်မေ့တတ်လိုက်တာ ကြည့်ပါဦး. . . တို့ဖက်ရှင်ရှိုးအတွက် အမိကကူညီပံ့ပိုးမယ့် အလှကုန်ကုမ္ပဏီကို ပွဲအစီအစဉ်နဲ့ ကုန်ကျစရိတ်တွေတင်ပြဖို့သွားတဲ့ဟာ. . . သက်ဆိုင်တဲ့အရေးကြီးစာရွက်စာတမ်းတွေမှ ကွက်ပြီးမေ့ကျန်ခဲ့ရတယ်လို့. . . တော်သေးတာပေါ့. . . မင်းသတိပေးလို့"

"အင်း - မဖြစ်ပါဘူး. . . မမ ဒီလောက်သတိမေ့တတ်ပုံနဲ့တော့ စက္ကထရီတစ်ယောက်တော့ ခန့်ထားမှဖြစ်တော့မယ်. . . နေဦး ဒီရက်ပိုင်းအတွင်း မမရဲ့ကိုယ်ရေးအတွင်းရေးမှူးခန့်ဖို့ သွက်လက်တက်ကြွပြီး ရည်ရည်မွန်မွန်ရှိတဲ့ကောင်လေးချောချောတစ်ယောက်တော့ ရှာပေးဦးမှပါပဲ"

"ဩော် - ဒါဆိုလည်း ဝေးဝေးလံလံလိုက်ရှာစရာမလိုပါဘူးကွာ. . . မင်းတစ်ယောက်လုံးရှိနေတာပဲ လာဘ်ကောင်ရဲ့. . . မင်း



www.burmeseclassic.com

www.burmeseclassic.com



ပဲ တို့ရဲ့စက္ကူထရီလုပ်ပေါ့. . . မကောင်းဘူးလား"

"ဟား - ကောင်းတယ် ကောင်းတယ်. . . ဂွတ် ဂွတ်"

"အေးပါ. . . မင်းဂွတ်ရင် ပြီးတာပါပဲ. . . သွားပြီနော်. . . တာ့တာ"

ရှမဝ အောင်မြင်ကျော်ကိုပြုံးရွှင်ရင်းနှီးစွာ လက်ပြနှုတ်ဆက်ပြီးနောက် ကားမောင်းထွက်သွားလေသည်။

အောင်မြင်ကျော် ရှမဝနှင့် သည်လိုတရင်းတနှီးပြောဆိုဆက်ဆံနေသည်ကို အပေါ် ထပ်ဝရန်တာပေါ် မှကြည့်ပြီး ဘဝင်မကျသလိုလို ဘာလိုလိုခံစားနေရသူကတော့ ပျိုပျိုခင်ပဲဖြစ်သည်။

တကယ်ဆို အရင်နေ့တွေကလည်း သည်လိုပဲတရင်းတနှီးပြောဆိုဆက်ဆံနေကြတာပဲဖြစ်သည်။ ဒါကို သည်နေ့မှ ဘာကြောင့်အူတိုနေရတာလဲဟုဆိုပြီး ပျိုပျိုခင် ကိုယ့်ကိုယ်ကိုယ်နားမလည်နိုင်သလိုဖြစ်သွားရသည်။

ပြီး ရင်ခုန်သံတိုးတိုးလေးကြောင့် ချက်ချင်းဆိုသလို ကိုယ့်ကိုယ်ကိုယ်နားလည်သွားရင်း မျက်နှာလေးရဲခနဲဖြစ်သွားသည်။ သည်လိုမျက်နှာလေး ရဲတက်သွားသည်ကို တစ်စုံတစ်ယောက်တွေ့မြင်သွားမှာ ရှက်ရွံ့ဟန်ဖြင့် မလုံမလဲပြုံးရင်း အိမ်ထဲသို့ပြန်ဝင်ပြေးမိပြန်လေသည်။

■ ■ ■



## (၉)

ခြံဝင်းတံခါးကိုဖွင့်ပေးပြီး ပြုံးပြနှုတ်ဆက်သော်လည်း ကားမောင်းရင်းဖုန်းပြောလာသော မြတ်မမကတော့ အောင်မြင်ကျော်ကိုပြန်ပြုံးပြခြင်းမရှိဘဲ ဖုန်းကိုသာလေသံမာမာဆတ်ဆတ်ဖြင့်ပြောရင်း ကားကိုကြမ်းကြမ်းမောင်းဝင်လာလေသည်။

မြတ်မမတို့ကတော့ ဖုန်းပြောရင်း အဆက်မပြတ်ကားတွန်းတီးနေပြီဆိုတော့ သေချာနေပေပြီ။ ကားဟွန်းတီးရင်း ဝှမ်ပွမ်လိုမြည်သည်မဟုတ်ပါလား။

အောင်မြင်ကျော် ကျောက်လေးတွန်းလိုက်ပြီးနောက် ခြံဝင်းတံခါးကိုပြန်ဆွဲပိတ်လိုက်သည်။ ထို့နောက် ဘာဆက်လုပ်ရမှန်းမသိသောမျက်နှာလေးဖြင့် မြတ်မမကိုလှမ်းကြည့်နေမိသည်။

မြတ်မမ ကားတံခါးကိုဆောင့်တွန်းဖွင့်ပြီး ကားပေါ်မှဆင်းလာသည်ကိုကြည့်ခြင်းအားဖြင့် ဖုန်းပြောရင်းထွက်နေသည့်ဒေါသတို့ကား ပျက်ပြယ်မှုမရှိသေးမှန်း သိသာသည်။

ဘာကြောင့်ဒေါသထွက်နေရပါလိမ့်ဟု သိလိုစိတ်ဖြင့် မေယောင်မလည်နှင့် အသာနားစွင့်မိသည်။

အောင်မြင်ကျော်ကသိုပင် စပ်စုလိုတန်ဖိုးကြီးသော ဒေါ်ညို သည်းလည်း မယောင်မလည်ထွက်လာရင်း အခြေအနေကိုအကဲခတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီး 'မြတ်မမဘာဖြစ်နေလို့လဲ'ဟူသောသဘောဖြင့် အောင်မြင်ကျော်အား မျက်ခုံးပင့်ပြီး မေးခွန်းထုတ်သည်။ အောင်မြင်ကျော်လည်း သူမသိပါကြောင်း အသာခေါင်းခါယမ်းပြရသည်။

သို့သော် ထိုခဏအတွင်းမှာပင် မြတ်မမ၏ဖုန်းပြောစကားများက မြတ်မမ ဘာတွေကိုဒေါကန်နေသည်ကို အောင်မြင်ကျော်ရော ဒေါ်ညိုပါသိခွင့်ရသွားလေသည်။

"ဟဲ့ - နေစမ်းပါဦး. . . နေစမ်းပါဦး. . . အဲဒီစကားက ဘယ်သူပြောတာလဲ. . . ငါက မင်းသမီးခိုင်သင်းကြည်ရဲ့စတိုင်လ်ကို လိုက်တုနေတယ် ဟုတ်လား. . . ဟင် - တုစရာလားဟဲ့. . . တုစရာလား. . . ငါကလည်း ငါ့စတိုင်နဲ့ငါ လန်းပြီးသားပါဟဲ့. . . အေး - တုချင်းတုရင် ခိုင်သင်းကြည်ကသာ သွားရင်းလာရင်း ငါ့စတိုင်လ်ကို အမှတ်မထင်တွေ့ပြီး သဘောကျသွားလို့လိုက်တုတာပဲရှိမယ် နား လည်လား. . . တူတယ်လို့ပြောတာနဲ့ တုတယ်လို့ပြောတာ အများကြီးကွာတယ်. . . ဒီစကား ဘာအဓိပ္ပာယ်နဲ့ပြောတယ်ဆိုတာ သဘော ပေါက်တယ်နော်. . . မြတ်မမတို့ကို ဒီလိုလာပြီးချွတ်သလိုလို ဖွဲ့သလို လိုလာမလုပ်နဲ့. . . မိုးကို မီးတက်ရှို့ပစ်မယ် သဘောပေါက်ထား. . . ဟင်း တောက်"

ယခုမှပဲ မြတ်မမတစ်ယောက် ဒေါသထွက်နေသည့်ကိစ္စကို သိရတော့သည်။ တကယ့်ရေးကြီးခွင်ကျယ်ကိစ္စကြီးပဲကိုးဟု သဘော ပေါက်သွားလျှက် အောင်မြင်ကျော်လည်း ခပ်လျှိုလျှိုပြုံးထားရင်း ဒေါ်ညိုအား 'ကြားတဲ့အတိုင်းပဲ'ဆိုသောသဘောဖြင့် မျက်ခုံးပင့်ပြ လိုက်သည်။

ဒေါ်ညိုလည်း မရယ်မိအောင်ကြိုးစားထိန်းထားရသော မျက်နှာထားဖြင့် အောင်မြင်ကျော်အား ခေါင်းပြန်ညိတ်ပြသည်။ ထို နောက် အရေးကြီးပြဿနာ ဘာမှမရှိတော့ပြီကို စိတ်ချသွားဟန်ဖြ





လုပ်စရာရှိသည်များဆက်လုပ်ရန် နေရာမှပြုံးတုံ့တုံ့ထွက်ခွာသွားလေသည်။

သို့သော် သူမအတွက်တော့ တကယ့်ပြဿနာဖြစ်နေသော မြတ်မမကတော့ ပွမ်ကောင်းတုန်းပင်ရှိသေးသည်။

"ဟဲ့ - ငါ့ဘာသာငါ ယောကျ်ားမယူချင်သေးလို့ မယူတာကိုပဲ ဘာဖြစ်လို့လဲ. . . ငါက သူတို့လိုကြိုက်မယ့်သူ၊ ခိုက်မယ့်သူမရှိတဲ့ အွန်စောမိုးကြိုးပစ်ခံရလို့ မီးကျွမ်းထားတဲ့ရုပ်မျိုးမို့လား. . . ဟွန့် - ယောကျ်ားလေးတစ်ယောက်လောက် ရ-တာနဲ့ပဲ ယောကျ်ားမရသေးတဲ့မိန်းမတွေကို အဖြစ်မရှိပါဘူးဆိုပြီး အထင်သေးချင်ကြတဲ့ အဲဒီမိန်းမတွေကိုပြောလိုက်စမ်းပါ. . . သူတို့လို သစ်ကိုင်းကျိုးပြီး ခါချဉ်အုံပေါ်တည့်တည့်ပြုတ်ကျတဲ့ မျောက်အိုမရုပ်ထက် ငါ့ရုပ်ကအများကြီးသာပါတယ်လို့. . . ငါ့အတွက် စိတ်မပူပါနဲ့လို့. . . သူတို့သာ ဘိ၎င်းရှောက်သီးအလုံးလိုက်မျိုထားတဲ့ရုပ်မျိုးနဲ့ ယောကျ်ားကိုပစ်မသွားအောင် ထိန်းထားပါလို့"

"ခွိ"

မြတ်မမ ရန်တွေ့ကောင်းပုံကိုနားထောင်ပြီး အောင်မြင်ကျော် ထိန်းထားသည့်ကြားက 'ခွိ'ခနဲ ရယ်သံတစ်ချက်ထွက်သွားရသည်။ တော်ပါသေးသည်။ မြတ်မမ မကြားလိုက်လို့။ နို့မဟုတ်ရင် ဒေါသမီးစက သူ့ဘက် အော်တိုမစ်တစ်လေကြောင်းပြောင်း ကူးစက်လောင်ကျွမ်းသွားကိန်းရှိသည်။

"ဘယ်လိုပြောလိုက်တယ်. . . နေပါဦး. . . နင်ကဘာကြောင့် သူတို့ဘက်ကနာနေရတာလဲ. . . အေးပေါ့လေ. . . နာရင်လည်းနာမှာပေါ့. . . တကယ်ဆို နင်လည်းဘာထူးလို့လဲ. . . နင့်ရုပ်ကလည်း Ghost ဇာတ်ကားထဲက နတ်ဝင်သည်လုပ်တဲ့ကပ္ပလီမ ညည်းမည်းကြီး ဝူပီဂိုးလ်ဘတ်ကို လေလျှော့ထားတဲ့ရုပ်. . . နင့်ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ကလည်း လည်ပင်းကဇာန်းညှပ်ခံထားရတဲ့ ဗျိုင်းအိုဗျိုင်းနာရုပ်မျိုး ကိုးဟဲ့"

. . . . .

"အောင်မယ် - မိန်းမ. . . လူပါးဝလို့. . . ဒီနေ့ အထက်တန်းကျောင်းသားကျောင်းသူဟောင်းများတွေ့ဆုံပွဲမှာတွေ့လို့ ပြန်ခေါ် ပြောဖြစ်တာလေးနဲ့ အဟုတ်ကြီးမှတ်မနေနဲ့. . . နင့်လို ဟိုတစ်တော် ဒီကတော်ဆိုတာမျိုးထက် နတ်ကတော်နဲ့တွေ့ရတာကမှ ကိုယ်စီးပွား တိုးတက်ရာတိုးတက်ကြောင်း ဆောင်မဦးမယ်. . . နင်တို့ကတော့ ဘာယ်သူဆီက ဘာရမလဲပဲကြည့်နေတဲ့အိုစာချွေလိုဖာမျိုးတွေ. . . တော်ပြီ တော်ပြီ. . . ဆက်ပြောရင် ငါ့ဒေါသတွေ ဒီထက်ဆက်ထွက်လာလိမ့်မယ်. . . ဟင်း တောက်"

မြတ်မမ ဒေါသတကြီးဖုန်းပိတ်လိုက်ပြီးနောက် ကားကို ခြေထောက်နဲ့ကန်ပစ်လိုက်သည်။

"ဒုန်း"

"ဟာ"

အောင်မြင်ကျော် မျှော်လင့်မထားသည်မို့ ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

မြတ်မမလည်း ကားကိုတစ်ချက်ကန်ပြီးတာတောင် ဒေါသမပြေသေးဟန်ဖြင့် 'တောက်'တစ်ချက်ထပ်ခေါက်သည်။ ထို့နောက်

"ဟင်း - အလကား. . . အဆံမရှိဘဲ အသံသာရှိတဲ့ သကြီးအမြှောက်လိုမိန်းမတွေ. . . အလကားမိန်းမတွေ. . . ဒီလောက် တောင်ဖြစ်လှတာ. . . ကဲဟာ"

ဟု တစ်ဦးတည်းရေရွတ်ကြိမ်းမောင်းပြီးနောက် ကျွန်ခြေတစ်ဖက်နှင့် ကားကိုဆက်ကန်လိုက်ပြန်သည်။

"ဒုန်း"





"ဟင်. . . ကန်. . . ကန်ပြန်ပြီ"

အောင်မြင်ကျော် ဇက်ကလေးပုရေရွတ်ပြီး မြတ်မမကိုကြည့်မိပြန်သည်။

မြတ်မမက ကားကိုခြေနှစ်ဖက်လုံးနှင့် အားနှင့်မာန်နှင့်ကန်ပစ်ပြီးသည့်တိုင် ဘာမှမဖြစ်ဟန်ဖြင့် အောင်မြင်ကျော်ကို မျက်နှာတည်တည်ဖြင့်လှည့်ကြည့်သည်။ ပြီး ချက်ချင်းဆိုသလိုပင် မျက်နှာကြီးရှုံ့မဲ့သွားလျက်

"အီး"

ဟု ညည်းညူပြီး ဖင်ထိုင်လဲကျသွားလေသည်။ ထိုအခါမှ အောင်မြင်ကျော်လည်း စိတ်ပူပြီး အနားသို့ပြေးသွားရသည်။

"မမ. . . မမ. . . ဘာဖြစ်လို့လဲဟင်"

"အား - ကျွတ် ကျွတ်. . . နာတယ် နာတယ်"

"ဘယ်ကနာတာလဲ မမ"

"ဘယ်ကနာရမှာလဲဟဲ့. . . အား - ကျွတ် ကျွတ်. . . ဒုက္ခပါပဲ. . . ငါ့ခြေချောင်းလေးတွေ ကျိုးပြီလားမသိဘူး. . . ဟင်း - ငါ့ခြေချောင်းလေးတွေကျိုးလို့ကတော့ အဲဒီမိန်းမလည်းမလွယ်ဘူးမှတ်. . . ဟဲ့ - ဘာလုပ်နေတာလဲ. . . တွဲထူလေ. . . ဒီမှာလမ်းမလျှောက်နိုင်တော့ပါဘူးဆိုမှ"

"ဩော် - ဟုတ် ဟုတ်ကဲ့"

အောင်မြင်ကျော် မြတ်မမကိုဆွဲထူပြီး လမ်းလျှောက်နိုင်အောင် တွဲကူလျှောက်ကြည့်သည်။

"ရလား မမ"

"ဟေ့အေး. . . မရဘူး နာတယ်. . . အား - ကျွတ် ကျွတ် . . . သေချာပါတယ်. . . ငါ့ခြေချောင်းလေးတွေကျိုးကုန်ပါပြီ. . . ဒီကားစုတ်ဘော်ဒီကလည်း အခုမှတော်တော်အကြောမာနေရတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့. . . တောက်. . ဟင်း"

မြတ်မမ လမ်းလျှောက်မရအောင်နာကျင်သဖြင့် အကန်ခံရသည့်ကားကိုပဲ အပြစ်တင်နေသည့်အတွက် အောင်မြင်ကျော်စိတ်ပူသည့်ကြားက ရယ်ချင်မိပြန်သည်။ သို့သော် ရယ်လို့ကလည်းမဖြစ်။ တွဲလျှောက်နေသည့်ကြားက လျှောက်မရသည့်အတွက် ဒေါသက သူ့ဘက်လှည့်လာနိုင်သည်ကို အောင်မြင်ကျော်ရိပ်စားမိသည်။ ထို့ကြောင့် အောင်မြင်ကျော်လည်း အထူးအထွေစဉ်းစားမနေတော့ဘဲ မြတ်မမအား စွေ့ခနဲပွေ့ချီလိုက်သည်။

"အို"

ရုတ်တရက်မို့ မြတ်မမကြောင်အမ်းသွားရသည်။ ပြီးမှသတိဝင်လာလျှက်

"ဟင် - ဒါ. . ဒါ မင်း. . မင်းဘာလုပ်တာလဲ"

ဆိုပြီး အံ့သြတကြီးပြန်မေးမိသည်။ အောင်မြင်ကျော် ဘာမှပြန်မဖြေဘဲပြုံးပြရင်း အိမ်ထဲသို့ပွေ့ခေါ်သွားလေသည်။

ထို့နောက် နှစ်ယောက်ထိုင်ဆိုဖာပေါ်သို့ ချလိုက်လေသည်။ တစ်ဆက်တည်းမှာပင် မြတ်မမစီးထားသော ရှူးဖိနပ်ကိုချွတ်လိုက်သည်။ မြတ်မမ အောင်မြင်ကျော်လုပ်တာတွေကို အံ့သြတကြီးကြည့်နေစဉ်မှာပင် အောင်မြင်ကျော်က မြတ်မမခြေထောက်မှာစွပ်ထားသောခြေအိတ်ကို ချွတ်ပြန်သည်။

"ဟင်. . . မင်း. . မင်း ဒါ. . ဒါဘာလုပ်တာလဲ"

"အေးဆေးပါ မမကလဲ. . . အေးဆေး"

"မင်း. . မင်း. . . မဟုတ်တာတွေ မလုပ်နဲ့နော်"

"အေးဆေးပါ မမကလဲ. . . အားလုံးကောင်းသွားမှာပါ"

"ဟင် - ဘာ. . ဘာကောင်းသွားမှာလဲ. . . မင်း. . မင်းနော်"

ဩ ရ သ စာ ပေ



အောင်မြင်ကျော် ပြုံးပြုံးကြီးလုပ်ပြီး မြတ်မမ၏ခြေချောင်းလေးများကို ဆုပ်နယ်လေသည်။

မြတ်မမလည်း ထိတ်လန့်တကြားနှင့် အောင်မြင်ကျော်လက်ထဲမှ သူမ၏ခြေနှစ်ဖက်ကိုရုန်းထွက်ကာ အတင်းပြန်ရုတ်ထားရလေသည်။

အောင်မြင်ကျော် နေရာမှထသွားပြီး ချက်ချင်းဆိုသလိုပြန်ရောက်လာကာ မြတ်မမ၏ခြေထောက်တွေကို အတင်းဆွဲယူလေသည်။

"ဟင် - မင်း. . မင်းနော်. . . ဒီလောက်ပြောနေတဲ့ကြားထဲက. . . မဟုတ်တာတွေမကြံနဲ့နော်. . . ငါ. . ငါအော်လိုက်မှာနော်"

မြတ်မမအကူအညီရလိုရငြား ဘေးဘီဝဲယာသို့ အားကိုးတကြီးလှမ်းကြည့်ပြီးအော်မည်ပြုစဉ် အောင်မြင်ကျော်က သူမ၏ခြေချောင်းလေးများကို ဒဏ်ကြေဆေးလိမ်းပေးနေသည်ကိုတွေ့ရသည်။

"အို"

ဆိုပြီး ကိုယ့်အတွေးနှင့်ကိုယ်ရှက်သွားပြီး အောင်မြင်ကျော်ကို ရဲရဲမကြည့်ဝံ့တော့ဘဲ တစ်ဖက်သို့မျက်နှာလွှဲမိလေသည်။ သို့သော် မကြည့်ဘဲလည်းမနေနိုင်သဖြင့် အသာပြန်ပြီးခိုးကြည့်မိစဉ်မှာ အောင်မြင်ကျော်က သူမခြေဦးနှစ်ဖက်ကို ပတ်တီးစည်းပေးပြီးဖြစ်နေလေသည်။

"ကဲ - မမ. . . ဘာမှစိုးရိမ်မနေနဲ့တော့. . . ဒဏ်ကြေဆေးလည်းလိမ်းပြီးသွားပြီ. . . ပတ်တီးလည်း စည်းပြီးသွားပြီ. . . တစ်အောင့်လောက်နေရင် သက်သာသွားပါလိမ့်မယ်"

"ဟင်"

"သြော် - ဘာမှစိတ်ပူမနေနဲ့တော့. . . ဒဏ်ကြေဆေးလည်း

ဩ ရ သ စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



လူးပြီးသွားပြီ. . . ပတ်တီးလည်းစည်းပြီးသွားပြီ. . . ခဏလောက်နေရင် သက်သာသွားမှာပါလို့ပြောတာပါ"

"ဟင် - ဟို. . ဪ. . . အင် အင်း"

"ဘာလဲ - မမက အင်အင်းပါချင်လို့လား. . . ရတယ်လေ . . . သွားလေ. . . ကျွန်တော်ချီပြီး လိုက်ပို့ပေးမယ်"

"ဟို. . လာဘ်ကောင်နော်. . . ဘာတွေလျှောက်ပြောနေတာလဲ. . . တို့. . တို့က အဲဒီကိစ္စသွားတာ မင်းကလိုက်ပို့စရာလား"

"မသိဘူးလေ. . . မမပဲ အင်အင်းဆိုတော့ ကျွန်တော်လည်း မမလမ်းမလျှောက်နိုင်သေးလို့ ကျွန်တော့်ကိုအကူအညီတောင်းတယ်ထင်ပြီး ကျွန်တော်လည်း စောစောကလိုပွေ့ချီပြီး. . ."

"အို - တော်ပြီ တော်ပြီ. . . နားရှက်စရာတွေ လာပြောမနေနဲ့. . . သွားတော့"

"ဟုတ်. . ဟုတ်ကဲ့"

အောင်မြင်ကျော်လည်း မြတ်မမ တစ်ကျော့ပြန်ပွမ်းလာမည်ကိုစိုးသဖြင့် အလျင်အမြန် 'ဟုတ်ကဲ့'လိုက်ပြီး နေရာမှခပ်သွက်သွက်ထွက်ခွာသွားရလေသည်။

နေရာမှသုတ်သီးသုတ်ပျာထွက်ခွာသွားသော အောင်မြင်ကျော်၏နောက်ကျောကိုကြည့်ပြီး မြတ်မမမျက်စောင်းတစ်ချက်ထိုးကာ

"တကယ်ပဲ. . ဘာကောင်လေးမှန်းလဲမသိဘူး. . . လူဆိုး"

ဟု တစ်ဦးတည်းပြောရင်း တစ်ဦးတည်းပြုံးမိပါလေသည်။

ပြီးတော့ ရင်တွေတဒိတ်ဒိတ်ခုန်နေရင်း ဝဲဘက်ရင်ဘတ်ကို လက်ကလေးနဲ့အသာအယာစမ်းပြီး မျက်နှာလေးရှက်သွေးခြယ်မိကာ မယုံမလဲခေါင်းလေးငုံ့မိပါတော့သည်။

သူမသည်လည်း ထိုညမှာတော့ အားလုံးကိုရှောင်ဖယ်ဖယ်ပြု၍ အိပ်ရာစောစောဝင်ပါသည်။

ဩ ရ သ စာ ပေ



အားလုံးထက်ပိုပြီး မျက်နှာချင်းဆိုင်ရမှာမဝံ့သူကတော့ လာဘ်ကောင်ဟုခေါ်တွင်သော အောင်မြင်ကျော်ကိုသာဖြစ်လေသည်။

အိပ်မပျော်သောအိပ်ရာထက်ဝယ် ဘယ်ညာလူးလိမ့်ရင်း ညဉ့်ကနက်လာရသည်။

အချိန်တွေသာ ကြာညောင်းရှည်လျားလာသည်။ တရစ်ဝဲဝဲ မြင်ယောင်နေသောမြင်ကွင်းက Repeat ခလုတ်ကိုနှိပ်ထားသလို အောင်မြင်ကျော် သူမကိုချီပွေ့ထားပုံ၊ ဖိနပ်နှင့်ခြေအိတ်တွေကိုချွတ်ပြီး သူမ၏ခြေထောက်လေးတွေကို ကိုင်တွယ်ဆုပ်နယ်ပြီး ဆေးလူးပေးပုံကိုသာ တစ်ကျော့ပြီးတစ်ကျော့မြင်ယောင်နေမိလေသည်။

မှေးခနဲအိပ်ပျော်သွားချိန်မှာလည်း လွတ်ရာလွတ်ကြောင်းမပြေးနိုင်ပါ။ အောင်မြင်ကျော်က သူမရုန်းမထွက်နိုင်အောင် ရစ်ပတ်နှောင်ဖွဲ့ထားနိုင်စွမ်းသည်။

သည်လိုနှင့်. . .

ထိုအချိန်ကာလများပြီးဆုံး၍ နံနက်မိုးသောက်အလင်းရောက်သော် မြတ်မမ့်ဆိုသောသူမသည် ယခင်နေ့များကမြင်ဖူးနေကျ မြတ်မမထက် ပို၍လန်းဆန်းတက်ကြွနေသည်။ ပြီးတော့ အလွယ်တကူထွက်တတ်သော အမျက်ဒေါသတို့၏နေရာမှာ နူးညံ့သိမ်မွေ့မှုတို့က အစားထိုးဝင်ရောက်လာသည်ကို ထူးဆန်းဖွယ်တွေ့မြင်ရသည်။ ပို၍ထူးဆန်းသည်က အပြောအဆို၊ အပြုအမူလေးများ တစ်ချက်မမှားလိုက်နဲ့။ မှားတာနဲ့ အချိန်မဆိုင်းဘဲ ကောပြီးသားဖြစ်နေသော အောင်မြင်ကျော်အား အပြစ်မမြင် လွယ်လွယ်မကောတော့ဘဲ တရင်းတနှီးဆက်ဆံလာခြင်းဖြစ်သည်။

www.burmeseclassic.com

(၁၀)

ရှုမဝ အလုပ်ခန်းကိုရောက်ပြီးမှ မနေ့ညကအိမ်ယူပြီးညှပ်ထားသောပိတ်စ မေ့ကျန်ခဲ့သည်ကို အဆိုတော်မလေးဖုန်းဆက်လာမှ သတိရသည်။

ဟုတ်သည်ပဲ။ သည်နေ့ အဆိုတော်မလေးအတွက် ဝတ်စုံရစေရမည်ဟု ကတိခံထားသည်။ အဆိုတော်မလေးအဖို့လည်း ထိုဝတ်စုံကအရေးကြီးသည်။ ထိုဝတ်စုံဝတ်ပြီး စတိတ်ရှိုးတက်ဆိုဖို့အားခဲထားသည်။

ထို့ကြောင့် ရှုမဝလည်း တစ်ယောက်ယောက်ကိုလွှတ်ပြီး ယူခိုင်းလျှင်မှားနေဦးမည်ဆိုသောအတွေးဖြင့် ကိုယ်တိုင်ပဲတက္ကစီငှားပြီး လာယူရသည်။

သူမကိုပြန်လာနေကျအချိန်မဟုတ်ဘဲ ပြန်လာသည်ကိုတွေ့ရသဖြင့် အောင်မြင်ကျော်လည်းအံ့ဩသွားရသည်။

"ဟင် - မမ. . . ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး. . . ဒီနေ့ပေးရမယ့်ဝတ်စုံလေးကျန်ခဲ့လို့ လာပြန်ယူတာပါ"

"ဪ - ဖြစ်ရမယ်. . . အဟင်း - ထင်တော့ထင်သားပဲ"

"လာဘ်ကောင်နော်. . . ဘာထင်တော့ထင်သားပဲလဲ. . .





လူကြီးကိုများ လာပြီးတော့နောက်သလိုလို ပြောင်သလိုလိုနဲ့"

ရှုမဝလည်း သူမအားနည်းချက်ဖြစ်သော မေ့တတ်ခြင်းကိုရည်ရွယ်ပြီး နောက်ပြောင်ပြောရကောင်းလားဆိုကာ သဘောမကျသလိုလှမ်းဟန့်လိုက်ပြီးနောက် အိမ်ထဲသို့ ခပ်သုတ်သုတ်ဝင်သွားလေသည်။

အောင်မြင်ကျော်လည်း ရှုမဝစိတ်ဆိုးသွားပြီဆိုတာ ရိပ်မိလိုက်သဖြင့် ပြန်ပြီးမျက်နှာချိုသွေးရမည်ကို သဘောပေါက်လိုက်သည်။

ထို့ကြောင့် မီးဖိုခန်းထဲသို့ပြေးဝင်လာပြီး

"ဒေါ်ညို - အအေးတစ်ခွက်လောက် မြန်မြန်ဖျော်ပေး"

"အင်း - ဖျော်ပေးမယ်လေ. . . လာဘ်ကောင်လေး ဘာသောက်ချင်လဲ ပြောလေ. . . ဒေါ်ညိုဖျော်ပေးမယ်"

"ဟင့်အင်း - ကျွန်တော်သောက်ဖို့မဟုတ်ဘူး. . . မမရှုမဝသောက်ဖို့လာယူတာ"

"ဪ - ရှုမဝပြန်ရောက်နေတာလား. . . ဒါကြောင့် တစ်ယောက်ယောက်ပြန်လာတယ်လို့ ထင်တော့ထင်သား. . . ဘာလို့စောပြီးပြန်လာရတာလဲတဲ့. . . နေမကောင်းလို့များလား"

ဒေါ်ညိုက ပါးစပ်ကမေးလည်းမေး၊ လက်ကလည်း အအေးတစ်ခွက်ကို အလျှင်အမြန်ဖျော်ပေးနေလေသည်။

"မဟုတ်ပါဘူး. . . ဒီနေ့ပေးရမယ့်အင်္ကျီစ ကျန်ခဲ့လို့ လာပြန်ယူတာတဲ့"

"အဟင်း ဟင်း - ဖြစ်ရမယ်. . . ရှုမဝတို့ကတော့လေ. . . ကဲ ကဲ - ပြီးပြီ. . . ရော့ - သွားပို့ပေးလိုက်တော့"

"ဟုတ်"

အောင်မြင်ကျော် ရှုမဝအတွက် အအေးတစ်ခွက်ယူပြီး အိမ်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ညည်းခန်းဆီသို့ ထွက်ခဲ့သည်။ [illegible] ထိုအချိန်မှာပင် ရှုမဝအိပ်ခန်းထဲမှ [illegible] "အား" [illegible] ဆိုသော အသံကိုကြားရသဖြင့် အောင်မြင်ကျော်လည်း စိုးရိမ် သွားရသည်။ ထို့ကြောင့် ယူလာသောအအေးခွက်တို့ စားပွဲပေါ်တွင် ချပြီး ရှုမဝအိပ်ခန်းဆီသို့ အမြေးအလွှားသွားရလေသည်။ [illegible] "အား . . . လား [illegible]"

"မမ ဘာဖြစ်လို့လဲဟင် . . . ဘာဖြစ်လို့လဲ"

"အား - ကြွက် ကြွက် [illegible] လက်ကို ကိုက်သွားလို့"

"[illegible] ဟုတ်ပါရဲ့ [illegible] သွေးတွေထွက်နေတာလည်း မနည်း ပါလား" [illegible]

သွေးထွက်နေသော ညာဘက်လက်ညှိုးကို [illegible] ဆုပ်ပြီး မျက်နှာတစ်ခုလုံးရှုံ့မဲ့နေသည်ကို ကြည့်ခြင်းအားဖြင့် ရှုမဝ တစ်ယောက် မည်မျှနာကျင်နေကြောင်း ရိပ်စားမိနိုင်လေသည်။ ထို့ကြောင့် စာနာစိတ်ဖြင့် [illegible]

"မှန်း [illegible] ကျွန်တော့်ကို ပြကြည့်ပါဦး"

ဟုဆိုရင်း အပ်စူးသောလက်ညှိုးကို အရောတကြီး ဆွဲ ကြည့်မိသည်။ သွေးထွက်များပုံရောက်လျှင် အပ်စူးထားတာ အတော်နက် ဟန်တူသည်။ [illegible] အောင်မြင်ကျော်လည်း ရှုမဝခံစားနေရတာ အတော်အတန် သက်သာစေလိုသောစေတနာဖြင့် ထိုအပ်စူးထားသောလက်ညှိုးကို ဆွဲယူပြီး ပါးစပ်ထဲထည့်ကာ သွေးစေ့ကို အသာအယာစုပ်ယူလိုက် လေသည်။ [illegible]

"အို"

[illegible] ရှုမဝ အတော်လိုက်ခံလိုက်ရသလိုဖြစ်သွားခဲ့သည်။ အပ်စူးထား





သောဝေဒနာကိုမေ့လျော့သွားပြီး တစ်ကိုယ်လုံးရှိန်းတိန်းတိန်း ဖိန်းတိန်းတိန်းဖြစ်ကာ အောင်မြင်ကျော်လုပ်နေတာကို အကြောင်သား ကြည့်နေမိသည်။

"ရပြီ မမ. . . ဘာမှမဖြစ်တော့ဘူး. . . သွေးလည်းတိတ်သွားပြီ. . . ဆေးထည့်ပြီး ဟန်ဆာပလပ်စ်လည်း ပတ်ထားတယ်. . . မကြာခင် သက်သာသွားလိမ့်မယ် သိလား"

ဆိုသော အောင်မြင်ကျော်၏အသံကြားမှ သတိပြန်ဝင်လာပြီး လက်ကိုအလျင်အမြန်ပြန်ရုတ်မိသည်။

ပြီး မျက်စိပျက်မျက်နှာပျက်ဖြင့်

"ဟင် - မင်း. . . မင်း ငါ့အခန်းထဲကို ဘာလာလုပ်တာလဲ. . . ထွက် - မြန်မြန်ထွက်သွား. . . တစ်ယောက်ယောက်တွေ့သွားရင် ဒုက္ခပါပဲ"

"ဩော် - စိတ်မပူပါနဲ့ မမရဲ့. . . ဘယ်သူမှမရှိပါဘူး"

"အေး - ဒါဆိုတော်သေးတာပေါ့. . . အယ် - မဟုတ်ပါဘူး . . . မတော်ပါဘူး. . . ဘယ်သူပဲရှိရှိ မရှိရှိ မင်းကငါ့အခန်းထဲကို ဝင်စရာလား"

"ဟင် - မဟုတ်ဘူးလေ. . . ကျွန်တော်က မမအော်သံကြားလို့ စိတ်ပူပြီးဝင်လာတာလေ. . . ကျွန်တော်ရောက်လာလို့ပဲ အခုလို မမလက် အပ်စူးတာကို သက်သာအောင်လုပ်ပေးနိုင်တာပေါ့. . . မမ ဘာသာဆိုရင် သွေးထွက်တောင်မကြည့်ရဲဘဲ သတိလစ်လဲကျတော့မတတ်ဖြစ်နေတဲ့ဟာကို"

"အို - တို့ဘာသာ ဘာပဲဖြစ်ဖြစ်ပေါ့. . . မိန်းမပျိုလေးနေတဲ့ အခန်းကို ဒီလိုမျိုးစွတ်ရွတ်ဝင်လာစရာလား"

"ဟော့ဗျ - ခက်ပါရောလား. . . မမအော်သံသာမကြား ရရင် ကျွန်တော်လည်းဘယ်ဝင်လာပါ့မလဲ. . . အိမ်ရှေ့မှာတောင် မမ



www.burmeseclassic.com

www.burmeseclassic.com





သောက်ဖို့ဆိုပြီး ဒေါ်ညို့ကိုအအေးဖျော်ခိုင်းပြီး ပေးဖို့စောင့်နေတဲ့ဟာကို"

"အို - မသိဘူး မသိဘူး. . . တော်ပြီ. . သွားတော့မယ်"

ရှုမဝ ဘာဆက်ပြောရမှန်းမသိသလို အောင်မြင်ကျော်ရှေ့မှာဆက်ပြီး ရပ်တည်နေနိုင်စွမ်းလည်းမရှိတော့ပြီမို့ စကားကိုဖြတ်ပြီး ခပ်သုတ်သုတ်ထွက်ခွာခဲ့ရသည်။

သည်လိုမှ မြန်မြန်မထွက်ခွာနိုင်လျှင် မြန်ဆန်စွာခုန်နေသော ရင်ခုန်သံကို အောင်မြင်ကျော်ကြားသွားမှာစိုးရသည်။ သည်ကြားထဲကတောင် ကြားများကြားသွားသေးသလားမသိဆိုပြီး မလုံမလဲဖြစ်ကာ ခြေလှမ်းတွေက မှားချင်နေသည်။

ငှားလာသောတက္ကစီပေါ်တက်ပြီး ကားကိုမြန်မြန်မောင်းထွက်ခိုင်းစဉ်မှာပင်

"မမ - ခဏလေးနေဦး ခဏလေး"

ဆိုပြီး အောင်မြင်ကျော်က အပြေးအလွှားရောက်လာသဖြင့် အပ်စုးထားသောလက်ညှိုးကို ဘယ်နားဝှက်ရမှန်းမသိသလို ဆောက်တည်ရာမရဖြစ်သွားရသည်။

"မမ - ဒီမှာလေ"

"ဪ - အေး ဟုတ်တယ်. . . အဲ - ဘာလဲ. . . ဒါဘာလဲ"

"ဒီမှာလေ. . . ကျန်ခဲ့လို့ တကူးတကပြန်လာယူတဲ့အထည်ကိုပဲ ထပ်မေ့ပြီးထားခဲ့လို့ လိုက်ပေးတာ"

"ဟင် - ဪ အေး. . . ဟုတ်သားပဲ. . . ရပြီ မောင်းတော့. . . အမလေး"

ရှုမဝ အောင်မြင်ကျော်လက်ထဲမှပိတ်စကို လှမ်းယူပြီးနောက် စကားမဆက်ရဲတော့ဘဲ ကားကိုခပ်လောလောမောင်းထွက်ခိုင်းလေသည်။ အရေးထဲ သည်နေရာကဝေးရာသို့ မြန်မြန်ပြေးနိုင်လေ





ကောင်းလေဆိုပြီး အောင်မြင်ကျော်ထံမှပိတ်စကို အလျင်စလိုဆွဲယူလိုက်ရာ တွဲထားသောပင်အပ်တစ်ချောင်းက စူးသည်ဆိုရုံလာစူးပြန်သဖြင့် လွှတ်ခနဲညည်းလိုက်မိသည်။

အောင်မြင်ကျော်စိတ်ပူပြီး

"ဟင် - ဘာဖြစ်လို့လဲ မမ"

ဟုမေးခါမှ ပိုပြီးရှက်သွားရသလို

"ဟင့်အင်း - ဘာမှမဖြစ်ဘူး. . . ကားဆရာ - မောင်းတော့လေ မြန်မြန်"

ဟုဆိုရင်း အပ်စူးသောလက်ကို ကပျာကယာနောက်သို့ ဝှက်မိလေသည်။ ကားမောင်းထွက်သွားပြီးမှ

"ဟူး - တော်ပါသေးရဲ့"

ဆိုပြီး ရင်ဘတ်ကလေးကိုဖိမိသည်။ ထို့နောက် ဟန်ဆာပလပ်စ်ကပ်ထားသောလက်ညှိုးလေးကိုကြည့်ပြီး တစ်ယောက်တည်း ပြုံးနေမိလေသည်။ ထိုအပြုံးကတော့ ကျေနပ်ကြည်နူးမှုတို့ရောစပ်ထားသော ရှက်ပြုံးပဲဖြစ်သည်ဆိုတာ အထူးညွှန်းဆိုနေစရာလိုမည်မထင်ပါ။

အောင်မြင်ကျော်လည်း ရှုမဝပြန်ထွက်သွားပြီဖြစ်၍ ခြံတံခါးပြန်ပိတ်မည်ပြုစဉ်မှာပင် ကားမောင်းပြီးပြန်လာသော ရွှေအဆင်းကိုတွေ့ရပြန်သည်။ ထို့ကြောင့် တံခါးကိုမပိတ်ဖြစ်သေးဘဲ ပြန်ဖွင့်ပေးလိုက်ရသည်။ တစ်ဆက်တည်းမှာပင်

"ဟင် - မမကရော ဘာကျန်ခဲ့လို့ပြန်လာယူတာလဲ"

ဟုပြုံးပြရင်း စုံစမ်းသည်ကို ရွှေအဆင်းက

"တို့က ဘာကိစ္စမေ့ကျန်စရာရှိရမှာလဲ"

ဟူ၍ မျက်နှာတည်မျက်နှာထားဖြင့်ပြန်ပြောပြီး ကားကိုမောင်းသွင်းလိုက်သည်။ ကြည့်ရတာ စိတ်မကြည်စရာကိစ္စတစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



ရှိပုံရသည်။

ရွှေအဆင်း ကားပေါ်ကဆင်းရင်းနှင့်မှ တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် အောင်မြင်ကျော်ကို လက်ယပ်ခေါ်သည်။

အောင်မြင်ကျော်လည်း ခြံတံခါးပိတ်ပြီးနောက် ရွှေအဆင်းထံသို့ ခပ်သွက်သွက်လာလိုက်သည်။ အနားရောက်သည်နှင့်

"ဒါနဲ့ စောစောကမင်း ဘာမေ့ကျန်ခဲ့လို့ ပြန်လာယူတာလဲ ဆိုပြီး ပြောပုံထောက်ရင် ဘယ်သူပြန်လာသေးလို့လဲ"

"မမရှုမဝလေ. . . ဒီနေ့ပေးဖို့ ရက်ချိန်းပေးထားတဲ့အကျြ ကျန်ခဲ့လို့ ပြန်လာယူတာတဲ့. . . အခုလေးပဲ ပြန်ထွက်သွားတာ မမနဲ့ အဝင်အထွက်လေးပဲ"

"ြော် - ထင်သားပဲ"

သိလိုသည်သိရသည်နှင့် ရွှေအဆင်းလည်း စကားမဆက်တော့ဘဲ အိမ်ထဲသို့ဝင်လေသည်။

အိမ်ထဲရောက်သော်လည်း အိပ်ခန်းထဲတန်းမဝင်ဘဲ ဧည့်ခန်းဆိုဖာတွင်ထိုင်ကာ ပါလာသောစာအုပ်စာတမ်းတွေကို စားပွဲပေါ်ခ လေသည်။

စာရင်းစာအုပ်တစ်အုပ်ကိုယူဖွင့်ရင်းမှ စားပွဲပေါ်ရှိအအေး ခွက်ကို သတိပြုမိသွားလျှက်

"ဟင် - ဒီမှာအအေးတစ်ခွက်ပါလား. . . ဘယ်သူ့ခွက်လဲ"

ဟုလှမ်းမေးလေသည်။

အောင်မြင်ကျော်ဖြေမည်ပြုစဉ် ဘယ်သူပြန်ရောက်နေတာလဲဆိုပြီး ထွက်ကြည့်သောဒေါ်ညိုက

"ြော် - ဒါ စောစောကရှုမဝသောက်ဖို့ဆိုပြီး လာဘ်ကော ဖျော်ခိုင်းလို့ ဖျော်ပေးထားတာ. . . ကြည့်ရတာ သောက်ဖို့မေ့ပြီး အတိုင်းပြန်ထွက်သွားပြန်ပြီထင်တယ်. . . ဒါနဲ့ သမီးရေ. . . အအေး





သောက်မလား. . . ဒေါ်ညိုဖျော်ပေးမယ်လေ"

"ရတယ်. . . ထပ်မဖျော်နဲ့တော့. . . ဒါပဲသောက်လိုက်တော့မယ်. . . နှမျောစရာကြီး"

ရွှေအဆင်းစကားဆုံးသည်နှင့် အအေးခွက်ကိုယူပြီး မော့သောက်လေသည်။

ရွှေအဆင်း အအေးသောက်တာ ပြီးအောင်စောင့်ပြီးသည်နှင့် ဒေါ်ညိုက

"သမီးရော. . . ဆိုင်ကိုပြန်သွားရဦးမှာလား"

"ဟင့်အင်း - မသွားတော့ပါဘူး. . . ဒီနေ့ ဆိုင်မှာ ခိုးထည်ပစ္စည်းတစ်ခုကိုအပေါင်ခံမိလို့ ငွေလည်းရှုံးသွားတယ်. . . သက်ဆိုင်ရာနဲ့လည်း ရှင်းရလင်းရနဲ့ အချိန်ကုန်လူပမ်းဖြစ်သွားတယ်. . . ဒါကြောင့် အိမ်မှာပဲနားပြီး နှစ်နာဆုံးရှုံးမှုဘယ်လောက်ရှိသွားတယ်ဆိုတာ စာရင်းတွက်ကြည့်လိုက်ဦးမယ်"

"ြော် - ဖြစ်မှဖြစ်ရလေကွယ်. . . သမီးက သေချာကြည့်ပြီးမှ လက်ခံတာမဟုတ်ဘူးလား"

"ြော် - ဘောက်ချာပြနိုင်လို့ လက်ခံလိုက်တာပေါ့. . . ဒါပေမဲ့ဖြစ်ချင်တော့ အဲဒီခါးက ရွှေထည်ပစ္စည်းနှိုက်ရင်းနဲ့ ဘောက်ချာပါရသွားတာကို. . . ဟွန့် - တော်တော်ဒုက္ခပေးတဲ့ခါးပိုက်နှိုက်တွေ . . . အမျိုးကပြုတ်ပဲမပြုတ်နိုင်ဘူးလား မသိပါဘူး. . . ဒီလအတွက်ရထားတဲ့အမြတ်တွေ တစ်ချီတည်းနဲ့ကုန်ရောပဲ"

ရွှေအဆင်း ပြောရင်းနှမျောတွန့်တိုသွားလျှက် စာရင်းစာအုပ်များ တစ်အုပ်ပြီးတစ်အုပ်ဖွင့်ကာကြည့်သည်။ လိုအပ်လျှင် ဂဏန်းပေါင်းစက်အကူအညီယူပြီး တစ်ယောက်တည်းပါးစပ်ပွစိပွစိလုပ်ကာ အလုပ်ရှုပ်နေလေသည်။

ဒေါ်ညိုလည်း သည့်ထက်ဆက်မေးရန်မဝံ့တော့ဟန်ဖြင့် သူ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သူဆက်လုပ်ရန် မီးဖိုခန်းထဲပြန်ဝင်သွားသည်။ မနေနိုင်သော အောင်မြင်ကျော်က အနားမှမခွာသေးဘဲ

"မမ"

ဟုခေါ်ရာ ရွှေအဆင်းစိတ်မရှည်သလိုမော့ကြည့်သည်။ ပြီးမှ ဖောက်သည်ကောင်းတစ်ယောက်ဆိုတာ ပြန်သတိရလျှက် မျက်နှာကိုချိုလိုက်သည်။

"ဘာလဲ - ငွေလိုနေပြန်ပြီထင်တယ်. . . ဘာပေါင်ချင်လဲ ပေါင်လေ. . . ရတယ်"

"ဟင့်အင်း - ပစ္စည်းပေါင်ဖို့မဟုတ်ပါဘူး. . . ကျွန်တော်ဘာ ကူညီပေးရမလဲလို့မေးတာပါ"

ပစ္စည်းပေါင်ဖို့မဟုတ်ဘူးဆိုသည်နှင့် ရွှေအဆင်းမျက်နှာ ချက်ချင်းပြန်တည်သွားသည်။

"ရပြီ. . . မလိုဘူး. . . သွားတော့"

"ဟုတ်"

အောင်မြင်ကျော်လုပ်ပေးစရာမရှိဘူးဆိုသည်နှင့် အိမ်ရှေ့ ရှိပန်းအိုးလေးများ နေရာရွှေ့ဖို့သတိရလျက် ရွှေအဆင်းအနီးမှ ထွက်ခွာခဲ့သည်။

အောင်မြင်ကျော်တစ်ယောက် ဟိုကပန်းအိုးဒီရွှေ့၊ ဒီကပန်းအိုး ဟိုရွှေ့နှင့် အလုပ်ထဲစိတ်ရောက်နေစဉ် တစ်ခုခုကို ရိပ်ခနဲတွေ့မိသလိုရှိမိသည်ဟုထင်ပြီးလှည့်ကြည့်ရာ ရွှေအဆင်းကိုတွေ့ရသည်။ တွေ့ရတာမှ ရိုးရိုးတန်းတန်းတွေ့ရတာမဟုတ်။ ထိုင်ခုံတစ်လုံးပေါ် တက်ပြီး အိမ်တံစက်မြိတ်အစွန်တွင်ညိနေသော လက်ကိုင်ပုဝါလေး ကို တုတ်တစ်ချောင်းဖြင့်လှမ်းချိတ်ယူဖို့ ကြိုးစားနေသည်။ ပြီးတော့ လှုပ်တုတ်လှုပ်တုတ်ဖြစ်နေသော ကုလားထိုင်ပေါ်တွင် ခြေဖျားက လည်းထောက်ထားသေးသည်။

ဩ ရ သ စာ ပေ



ကြည့်ရတာ အိမ်အပေါ်ထပ်ဝရန်တာမှာရပ်ပြီး စာရင်းတွက် နေရာမှ ချွေးပြန်လာသဖြင့် သုတ်ဖို့ လက်ကိုင်ပုဝါကိုထုတ်ယူလိုက် ဟန်တူပါသည်။ (ခဏခဏဝယ်ရသည့်အတွက် ပိုက်ဆံကုန်သည် ဆိုပြီး တစ်ရှူးသုံးလေ့မရှိ။ တစ်ခါဝယ်ပြီး တန်အောင်အခါခါလျှော် ဖွပ်သုံးလို့ရသည့် လက်ကိုင်ပုဝါသာဆောင်လေ့ရှိသည်။ ဤကား စကားချပ်)

သည်မှာတင် အခန့်မသင့်ဘဲ အောက်ပြုတ်ကျပြီး အောက် ထပ်တံစက်မြိတ်အစွန်းမှာ သွားညိနေခြင်းဖြစ်တန်ရာသည်။ ဒါကိုပဲ နှမြောပြီး ပြန်ယူဖို့ကြိုးစားနေတာပဲဖြစ်ရမည်။

ရွှေအဆင်းလုပ်နေပုံကို ဘေးမှကြည့်ပြီး အသည်းယားလာ သဖြင့် အောင်မြင်ကျော်လည်း မနေသာတော့ဘဲ ကူညီပေးဖို့ အနား သို့သွားရသည်။

အောင်မြင်ကျော် အနားသို့ရောက်လုရောက်ခင်မှာပင်

"အမေ့"

ဆိုသော ထိတ်လန့်တကြား အာမေဋိတ်သံနှင့်အတူ ရွှေ အဆင်းခြေချော်ပြီး ခန္ဓာကိုယ်လည်ထွက်သွားလျှက် ခုံပေါ်မှပြုတ်ကျ တော့သည်။ အကျမတော်လျှင် အန္တရာယ်ရှိနိုင်သည်မို့ အောင်မြင် ကျော်လည်း တဟုန်ထိုးပြေးသွားပြီး ဆီးမ-ကာထိန်းကျောင်းလိုက်ရ သည်။

ရွှေအဆင်း ကြောက်ကြောက်နှင့် မျက်လုံးစုံမှိတ်ပြီး ဆွဲမိ ဆွဲရာကို အတင်းပဲဖက်ထားမိသည်။ အတန်ကြာမှ လဲကျခြင်း၊ ထိ ခိုက်ဒဏ်ရာရခြင်းလည်းမရှိသလို ပွေ့ဖက်ထားမိသည်မှာလည်း သက် မဲ့အရာဝတ္ထုတစ်ခုခုမဟုတ်ဘဲ သက်ရှိတစ်စုံတစ်ယောက်ဖြစ်နေသည် ကို ဝင်သက်ထွက်သက်နွေးနွေးလေးအားခံစားနေရသည့် လည်တိုင် နုနုလေးမှတစ်ဆင့်သိရသည်။

ဩ ရ သ စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"မမ - အစ် အစ်. . . အေးဆေးပါ ဘာမှမဖြစ်တော့ဘူး . . . မကြောက်နဲ့. . . အစ်. . . အေးဆေး. . . ဒီမှာ ကျွန်တော် လည့်ပင်းအစ်နေပြီ. . . အစ် အစ်. . . လွှတ်ပါဦး"

ဆိုသော အောင်မြင်ကျော်၏အသံကိုပါ ကြားရသည့်အခါ မှာတော့

"အို"

ဆိုပြီး ဆတ်ခနဲ လူချင်းခွာလိုက်ကာ နောက်သို့ခြေလှမ်း နှစ်လှမ်းသုံးလှမ်းဆုတ်လိုက်မိသည်။

ပြီး တွန့်ကြေသွားသောအကျီစကို ကမန်းကတန်းဆွဲဆန့်ရင်း ငိုမလိုရယ်မလိုမျက်နှာဖြင့် အောင်မြင်ကျော်အားကြည့်လေသည်။

အောင်မြင်ကျော်ပါးပြင်ပေါ်မှ သူမ၏နှုတ်ခမ်းနီရာကို အထင်းသား အထင်းသားတွေ့ရသည့်အခါမှာတော့

"ဟင်"

လက်ညှိုးကို တုန်တုန်ယင်ယင်ထိုးမိပြီး ရင်တွေတဒိတ်ဒိတ် ခုန်လာရသည်။ နတ်ဝင်သည်နှင့်မခြားဖြစ်နေသော သူမ၏အခြေ အနေကို အောင်မြင်ကျော်က စူးစမ်းသလိုကြည့်ရင်း

"ဘာဖြစ်လို့လဲဟင် မမ"

ဟု ပြုံးပြုံးကြီးမေးလိုက်သည့်အခါမှ ရွှေအဆင်းလည်း

"ဟင့်အင်း - ဘာမှ. . ဘာမှမဖြစ်"

ဆိုပြီး စကားကိုပင် ဆုံးအောင်မပြောနိုင်တော့ဘဲ အိမ်ထဲသို့ ဝင်ပြေးလေသည်။

အိမ်ထဲဝင်ပြေးသွားသော ရွှေအဆင်း၏နောက်ကျောကို လိုက်ကြည့်ပြီး အောင်မြင်ကျော်ပါးကိုလက်နှင့်ပွတ်ပြီးကြည့်မိသည်။ လက်မှနှုတ်ခမ်းဆိုးဆေးပေကျံလာသည်ကိုတွေ့ခါမှ

"ဟင် - ဟောဗျ"

ဩ ရ သ စာ ပေ



ဆိုရင်း အောင်မြင်ကျော်လည်း အသံမထွက်ဘဲ ရယ်မိလေ သည်။

အောင်မြင်ကျော် သည်လိုရယ်နေသည်ကို အိမ်ထဲမှပြန် ချောင်းကြည့်နေသောရွှေအဆင်း မြင်ရသည့်အခါမှာတော့ မျက်နှာ တစ်ပြင်လုံး ထူပူသွားရသည်။ ပြီး အသာလေးပြန်ချောင်းကြည့်နေ ရင်း ပီပီသသပြုံးမိတော့သည်။

ရင်ခုန်သံများ၏ စဉ်ဆက်မပြတ်လှုပ်နှိုးနေမှုကြောင့် အိပ် မပျော်သောညတစ်ညကိုလွန်မြောက်၍ နောက်တစ်နေ့ရောက်သော် အောင်မြင်ကျော်လာပေါင်ထားသောပစ္စည်းများကို ငွေပေးရွေးစရာ မလိုဘဲ အကုန်ပြန်ပေးလေသည်။ ပြီးတော့

'နောက်လိုရင်လည်း လိုသလောက်လာချေး. . . ပစ္စည်း ပေါင်ရန်မလို. . . ငွေတိုးပေးရန်မလို. . . အဆင်ပြေမှ ပြန်ဆပ်ပါ' တဲ့လေ။

ရွှေအဆင်းရဲ့သမိုင်းမှာ ပထမဆုံးသောရက်ရောမှုအဖြစ် မှတ်တမ်းတင်လိုက်ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

"ဟင် - ဟိုမှာ. . ဟိုမှာ လာကြည့်ကြစမ်းပါဦး"

ဆိုသော မြတ်မမ၏အသံကြောင့် ပျိုပျိုခင်၊ ရွှေအဆင်းနှင့် ရှုမဝတို့ ဝရန်တာဆီသို့ အပြေးရောက်လာကြသည်။

"ဘာလဲဟင်. . . ဘာဖြစ်လို့လဲ"

"ဟိုမှာလေဟယ်. . . မတွေ့ဘူးလား"

မြတ်မမလက်ညှိုးထိုးပြရာသို့လှမ်းကြည့်ပြီး ပျိုပျိုခင်၊ ရွှေအဆင်းနှင့် ရှုမဝတို့လည်း ကိုယ်စီလက်ညှိုးတွေထိုးမိလျက်

"ဟင် - လာဘ်ကောင်"

ဆိုပြီး ရေရွတ်မိကြသည်။

ဟုတ်ပါသည်။ သူမတို့တတွေက လာဘ်ကောင်ဟုအမည်ပေးထားသော အတိတ်မေ့သမားလေး အောင်မြင်ကျော်က သူ့အနီးတွင် စက်ဘီးမှောက်သွားသော ဖြူဖြူသွယ်သွယ်၊ ငယ်ငယ်ချောချော ကောင်မလေးကို ကူညီထူမပေးနေသည်ကိုတွေ့ရသည်။

သူမတို့လေးယောက်စလုံး၏ရင်ထဲမှာ ပူပင်လျှပ်စီးကြောင်းက လက်ခနဲပြက်သွားသည်။

ကောင်မလေးက စက်ဘီးလဲသောဒဏ်ကြောင့် ထော့နဲ့ထော့နဲ့နှင့် လမ်းသိပ်မလျှောက်နိုင်ဟန်ဖြင့် မျက်နှာကိုမဲ့ထားသော်လည်း





မျက်လုံးတွေက ပြုံးလို့ရွှင်လို့ တောက်ပလွန်းနေသည်။

မိန်းမသားချင်းမို့ သည်မျက်လုံးတွေ၏အကြည့်ကို သူမတို့ ဘာသာပြန်နိုင်သည်။

"လာဘ်ကောင်ကို ဒေါ်ညိုနဲ့သွားခေါ်ခိုင်းလိုက်မှထင်တယ်"

"အေး - ကောင်းတယ်. . . မြန်မြန်ခေါ်ခိုင်းလိုက်"

"ဟုတ်တယ်. . . ဒါမှ မဖြစ်သင့်တာမဖြစ်မှာ"

"သူတို့နှစ်ယောက်စလုံးက ငယ်ကြသေးတယ်လေ"

လျှပ်တစ်ပြက်ပေါ်လာသောမနာလိုစိတ်ဖြင့် အောင်မြင်ကျော်အား အကြောင်းတစ်ခုခုပြပြီးခေါ်ခိုင်းရန်ပြင်လိုက်သော်လည်း နောက်ကျသွားလေပြီ။

အောင်မြင်ကျော်က ကောင်မလေးကို စက်ဘီးကယ်ရီယာပေါ်တင်ပြီး ကောင်မလေးသွားလိုရာ မမောနိုင်မပန်းနိုင် စက်ဘီးနင်းပြီးလိုက်ပို့နေပြီဖြစ်သည်။

စက်ဘီးနင်းသူအောင်မြင်ကျော်ရော၊ စက်ဘီးစီးသူ ကောင်မလေးရော နှစ်ယောက်စလုံး၏မျက်နှာတွေက ပြုံးလို့ပျော်လို့ရယ်။

"ဟင်း"

ဆိုပြီး လေးယောက်သား သက်ပြင်းရှိုက်မိလေသည်။ ပြီးမှ တစ်ယောက်ကိုတစ်ယောက် မလုံမလဲကြည့်ရင်း အိမ်ထဲပြန်ဝင်သွားကြလေသည်။

သို့သော် မျက်လုံးများကတော့ အောင်မြင်ကျော်တို့များ ပြန်ပေါ်လာလေဦးမလားဆိုပြီး လမ်းမဘက်ဆီသို့ လှမ်းလှမ်းပြီးကြည့်မိနေတတ်ကြလေသည်။

ပြီးတော့ တစ်ယောက်ကိုတစ်ယောက် မလုံမလဲကြည့်မိရင်း အကြောင်းမဲ့ရယ်ပြနေမိကြပြန်သည်။

ဩော် - အချစ် အချစ် အချစ်. . .။



www.burmeseclassic.com

www.burmeseclassic.com



အေးရာအေးကြောင်းနေလိုပါကြောင်း မောင်းခတ်ကြေညာထားပေမယ့် ဟိုတောင်ဆီမှာ ညိုတဲ့မိုးရယ်ကြောင့် တောင်ကျချောင်းရေ အစီးသန်စွာနဲ့ အိမြွေရင်တစ်ခွင်လုံးကို တိုက်စားမျောပါသွားစေခဲ့ပြီကောကွယ်။

(၁၂)

ငယ်သေးတဲ့အချစ်မို့ မလေးစားတာလားပြောပါ xxx ကျွန်တော်သိပ်ချစ်တတ်တာ ကျွန်တော်သာ အသိပါ xxx လိမ်ပြီးမပြောတတ်တာ ကလေးလေးဘဝကတည်းကပါ xxx မမနားလည်ငဲ့ညှာပါ xxx

ဆုတောင်းကောင်းခဲ့တဲ့ မရဲ့အလှများထဲမှာ xxx ကျွန်တော်လဲလဲကျတာ ကျွန်တော်သာအသိပါ xxx ဘာဖြစ်ဖြစ် မကိုအချစ်ကတစ်စက်ကလေးမလျော့ပါ xxx သစ္စာရှိစွာချစ်မှာပါ xxx

အောင်မြင်ကျော် အိမ်ရှေ့ဒန်းမှာထိုင်ပြီး ဂစ်တာတီးကာ 'မ' သီချင်းကို မှဒ်အပြည့်နှင့်သီဆိုနေလေသည်။

အောင်မြင်ကျော်၏သီချင်းသံကြားသည်နှင့် မြတ်မမ၊ ပျိုပျိုခင်၊ ရွှေအဆင်းနှင့် ရှုမဝတို့လည်း နေရာအသီးသီးမှာရပ်ပြီး ခံစားနားထောင်နေကြလေသည်။

စားမရ အိပ်မရ အချိန်တွေလည်း xxx သွေးအားနည်းလို့ပိန်လာပြီ မရယ် xxx မ,မချစ်လို့တော့ သေနိုင်တယ် xxx အပိုတွေဆိုဘူး ယုံတော့ကွယ် xxx မမှမချစ်ရင် ဘဝပျက်သွားနိုင်တယ် xxx ဘုတ်တယ် xxx မမှမချစ်ရင် ဘဝပျက်သွားနိုင်တယ် xxx

အောင်မြင်ကျော်၏သီချင်းက သူတို့ကိုပဲစောင်းမြောင်းသီဆို



www.burmeseclassic.com

www.burmeseclassic.com



နေသလားဆိုပြီး ကိုယ်စီပီတိပြုံးလေးတွေ ဆင်မြန်းမိနေကြပြန်သည်။

ခံစားချက်ပြင်းလို့ ညညအော်တဲ့သီချင်းသံ ××× အိမ်နီးနားချင်းတွေ ငြိုငြင်လို့လား ××× ညတိုင်းပဲမကို အိပ်ပျက်ခံပြီး လွမ်းတာ ××× ကျွန်တော့်ရဲ့အချစ်ကို သနားပါဗျာ ×××

ဆုတောင်းကောင်းခဲ့တဲ့ မရဲ့အလှများထဲမှာ ××× ကျွန်တော်လဲလဲကျတာ ကျွန်တော်သာအသိပါ ××× ဘာဖြစ်ဖြစ် မကိုအချစ်က တစ်စက်ကလေးမလျော့ပါ ××× သတ္တိရှိစွာချစ်မှာပါ ×××

စားမရ အိပ်မရ အချိန်တွေလည်း ××× သွေးအားနည်းလို့ ပိန်လာပြီ မရယ် ××× မမချစ်လို့တော့ သေနိုင်တယ် ××× အပိုတွေ မဆိုဘူး ယုံတော့ကွယ် ××× မမှုမချစ်ရင် ဘဝပျက်သွားနိုင်တယ် ××× ဟုတ်တယ် ××× မမှုမချစ်ရင် ဘဝပျက်သွားနိုင်တယ် ×××

အောင်မြင်ကျော် သီချင်းသီဆိုပြီးသွားသည်နှင့် မည်သူ့ကို ရည်ရွယ်သည်မဟုတ်ဘဲ ပြုံးလျှက် မျက်စိတစ်ဖက်မှိတ်ပြလိုက်သည်။

အပျိုကြီးမမလေးယောက်ကတော့ ကိုယ့်အထင်နှင့်ကိုယ့်ဘက်ကိုယ်ယက်ပြီးတွေးလိုက်ကြသည်။ ပျိုပျိုခင်က သူ့ကိုပဲမျက်စိမှိတ်ပြသည်ဟုထင်သည်။ မြတ်မမကလည်း သူ့ကိုရည်ရွယ်သည်ဟုထင်သည်။ ရွှေအဆင်းကလည်း သူကလွဲ၍အခြားသူကို ရည်စူးခြင်းမဖြစ်နိုင်ဟုတွက်သည်။ ထို့အတူ ရှုမဝကလည်း သူမမှ သူမ်အတွက်ရယ်သာဟု အပိုင်ခံစားသည်။

လေးယောက်သား ရှက်ပြုံးလေးတွေနှင့် လက်ကလေးတွေပြန်ပြပြီး မိမိတို့၏အိပ်ခန်းအတွင်းသို့ ပျော်ပြီးဝင်သွားကြသည်။

သေချာသည်။ ထိုည သူတို့၏အိပ်မက်ထဲမှာ မရဲ့မောင်လေးနှင့်လက်တွဲပြီး လှပသောကမ္ဘာကိုလျှောက်လည်ကြဦးမည်ဆိုတာ။

(၁၃)

သည်နေ့ တနင်္ဂနွေနေ့မို့ ရှုမဝ၊ ရွှေအဆင်းနှင့် ပျိုပျိုခင်တို့သုံးယောက် ဧည့်ခန်းမှာစုထိုင်ပြီး ဗီဒီယိုထိုင်ကြည့်နေကြလေသည်။ သူတို့ကြည့်နေသည့်ကားကလည်း မမနှင့်မောင်လေးတို့၏ ဆွတ်ပျံ့ကြည်နူးရင်ခုန်လှိုက်မောဖွယ်ဇာတ်ကားလေးဖြစ်သည်။

သုံးယောက်စလုံး ဗီဒီယိုကားထဲမှမင်းသမီး၏နေရာတွင် သူ့တို့ကိုယ်သူတို့ အစားထိုးထားသလို မင်းသား၏နေရာမှာတော့ လာဘ်ကောင်ဆိုသည့် အောင်မြင်ကျော်ကိုမြင်ယောင်မိပြီး ရင်ထဲတသိမ့်သိမ့်တငြိမ့်ငြိမ့်နှင့် စိတ်ကူးယဉ်လို့ကောင်းနေကြလေသည်။

ထိုဗီဒီယိုဇာတ်ကား၏ဇာတ်လမ်းလေးနှင့် သူတို့၏အဖြစ်အပျက်တွေကို အတင်းကြီးဆက်စပ်ယူကာ တိုက်ဆိုင်ခိုင်းပြီး အတွေးကမ္ဘာထဲမှာ တဝဲလည်လည်နစ်မျောနေခိုက်မှာပင် မြတ်မမတစ်ယောက် ရှုံ့ရှုံ့ရှားရှားနှင့်ပြန်ရောက်လာသည်။

သူမကတော့ အပြင်မှာဒေါသထွက်စရာတွေတွေ့လာရသည့်သူမ၏သူငယ်ချင်းများကတော့ အေးအေးဆေးဆေးနေနိုင်အားကြပေသည်ဆိုသော ဒေါသအခံဖြင့် သူတို့သုံးဦးအား ရန်လိုစွာကြည့်မိသည်။

သို့သော် ထိုသုံးယောက်ကတော့ သူမသည်လောက်ဝုန်းဒိုင်း

သြ ရ သ စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ကြပြီးရောက်လာတာတောင် ဂရုပြုမိဟန်မတူဘဲ ဗီဒီယိုဇာတ်ကားကိုသာ သိမ်မွေ့သောအပြုံးကိုယ်စီဖြင့် မမှိတ်မသုန်ကြည့်နေကြလေသည်။

မြတ်မမလည်း သည်မိန်းမတွေ ဘာကားမို့ သည်လောက်တောင် အားလုံးကိုမေ့ပြီး အာရုံဝင်စားနေရပါသလဲဆိုပြီး တီဗီမျက်နှာပြင်ကို ချာခနဲလှည့်ကြည့်မိသည်။ မမနှင့်မောင်လေးဇာတ်ကားဖြစ်နေသည်ကို တွေ့ရသဖြင့် 'အို' ဆိုပြီး မျက်နှာလေး ပန်းနုရောင်သမ်းသွားလျှက် တင်းမာခက်ထန်သောအကြည့်တွေလည်း ချက်ချင်းနူးညံ့ပျော့ပျောင်းသွားသည်။ ထိုင်မည်ပြုသော ဆိုဖာတွင်ထိုင်ရမည်ကိုပင် မေ့ပြီး မထိုင်ဖြစ်ဘဲ ဇာတ်ကားထဲမှမမနေရာတွင် သူကအော်တိုမစ်တစ်ရောက်သွားသလို မင်းသားအဖြစ်သရုပ်ဆောင်သော မောင်လေး၏နေရာတွင် ဇအောင်မြင်ကျော်က တစ်ပါတည်းရောက်ရှိနေလေသည်။

ထိုသို့ ရင်ခုန်သံတညံညံဖြင့် ဇာတ်ရှိန်တက်နေဆဲမှာပင် မင်းသမီးငယ်ငယ်ချောချောလေးတစ်ယောက်က ဘွားခနဲပေါ်လာပြီး မရဲ့မောင်လေးကိုဖြတ်ခုတ်ဖို့ ရဲတင်းစွာကြိုးစားလာသည်ကိုတွေ့ရသည်။

မြတ်မမကြည့်နေသောဗီဒီယိုဇာတ်ကားနှင့် တိုက်ဆိုင်စွာ ဘယ်ကဘယ်လိုပေါ်လာမှန်းမသိသော စက်ဘီးနှင့် ဟိုဖြူဖြူသွယ်သွယ် ငယ်ငယ်ချောချောကောင်မလေးကို ဖျတ်ခနဲမြင်ယောင်လာရသည်။ ထို့ကြောင့် သတိကိုထိန်းချုပ်ဖို့မေ့သွားပြီး

"တောက်"

ဟူ၍ တက်တစ်ချက်ခေါက်ရင်း လက်ထဲမှပိုက်ဆံအိတ်ကိုလည်း

"ဘုန်း"





ခနဲပစ်ချလိုက်လေရာ မမနှင့်မောင်လေးကြား အဖျက်အမှောင့်ဝင်လာသော ဇာတ်လမ်းအပေါ် စိုးရိမ်ကြောကွဲစွာခံစားနေရသော ရှုမဝ၊ ရွှေအဆင်းနှင့် ပျိုပျိုခင်တို့လည်း ရုတ်တရက်မို့လန့်ဖျတ်သွားကြရသည်။

"ဟဲ့ - ပလုတ်တုတ်. . . ဘယ်သူနဲ့တွဲခုတ်"

"အမလေးတော့. . . လုပ်ရက်ပ"

"အမယ်လေး. . မောင်လေး"

သုံးယောက်သား ပါးစပ်ထဲထွက်မိထွက်ရာ အာမေဋိတ်သံများ ထွက်မိပြီးနောက် ရှက်ကိုးရှက်ကန်းမျက်နှာများဖြင့် အိနြေ္ဒပြန်ဆည်ရသည်။

"ဩော် - နင်ကလဲ. . . ဘာဖြစ်တာလဲ. . . လန့်သွားတာပဲ"

"အေးလေ - ပြန်လာတာနဲ့ လူကိုအရင်မတွေ့ရဘူး. . . ဘယ်ကဘယ်လိုထွက်လာမှန်းမသိတဲ့ဒေါသကို အရင်မြင်နေရပြီ"

ထိုအခါမှ မြတ်မမလည်း သူမအသိမဲ့စွာပေါက်ကွဲပွင့်ထွက်သွားသောခံစားချက်ကို ပြန်သတိပြုမိလျှက် မလုံမလဲဖြစ်သွားရသည်။ ကြည့်ကောင်းအောင် ပြန်ထိန်းသိမ်းဖို့ကြိုးစားနေရင်းနှင့်မှ ပါးစပ်က မနေနိုင်မထိုင်နိုင် ရင်ထဲကဝေဒနာကို ကြေညာဖြစ်အောင်ကြေညာလိုက်သေးသည်။

"အေး - နင်တို့က ငါဒေါသဖြစ်တာပဲမြင်တာကိုး. . . ငါဘာကြောင့်ဒေါသထွက်လာရသလဲဆိုတာ နင်တို့သိလို့လား"

မြတ်မမ၏အမေးကို သုံးယောက်ခေါင်းခါပြလိုက်သည်။ မြတ်မမစိတ်ထိခိုက်ခံစားဟန်ဖြင့် ဆိုဖာတွင်ဝင်ထိုင်ချလိုက်ရင်း

"အေး - ဒီနေ့ ငါအလုပ်ကိစ္စပြီးလို့ပြန်လာတော့ လမ်းမှာ သာဘ်ကောင်နဲ့ ဟိုချာတိတ်မလေးကိုတွေ့လိုက်တယ် သိလား"

"ဟင် - ဟုတ်လား. . . ဘယ်ကောင်မလေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်စလုံး စိုးရိမ်ပူပန်သွားလျှက် တစ်ပြိုင်တည်းအသံထွက်ပြန်မေးမိကြသည်။

"ဘယ်ကောင်မလေးဖြစ်ရမှာလဲ. . . ဟိုတစ်နေ့က စက်ဘီးမှောက်သလိုလို ဘာလိုလိုနဲ့ ချော်လဲဒူးပြဲချင်ယောင်ဆောင်ပြီး လာဘ်ကောင်ကို အသားလွတ်လာရောတဲ့ကောင်မလေးလေ"

"ဟင်"

အားလုံး၏စိုးရိမ်ပူပန်မှုက အမြင့်ဆုံးရေဆူမှတ်သို့ရောက်သွားရသည်။

"ဟင်း - တွေ့ကြတာမှ ဘာကြာသေးတာမှတ်လို့"

"ဟုတ်တယ်. . . ဘာမှမကြာသေးဘူး"

"အေး - ဘာမှသာမကြာသေးတာ. . . ဘယ်လောက်တောင် ရင်းနှီးနေကြပြီထင်လဲ"

"ဘယ်လောက်ရင်းနှီးနေကြပြီလဲဟင်"

သုံးယောက်စလုံး တစ်ပြိုင်တည်းပြန်မေးမိကြပြန်သည်။

"အေး - ပြန်ပြောရမှာတောင် ပါးစပ်ရှက်ပါရဲ့. . . လာဘ်ကောင်က ရှေ့ကစက်ဘီးနင်းနေတာကို ဒင်းကနောက်ကနေထိုင်စီးရင်း လာဘ်ကောင်ရဲ့ခါးကိုဖက်ထားတာများ. . . အို - မြင်ရတာမျက်စိရှက်စရာပါပဲဟယ်"

"အို - ဘုရား ဘုရား"

"ဟယ် - ခုခေတ်မိန်းကလေးတွေများ ရဲတင်းလိုက်ကြတာကြောက်ဖို့တောင်ကောင်းသေး"

"ကြည့်ရတာ လူလည်ပန်ကာမလေးထင်တယ်. . . လာဘ်ကောင်ကို တို့မောင်အရင်းလို့ထင်ပြီး ရေလျှံတယ်အမှတ်နဲ့ ဝင်ပြီးချဉ်းကပ်တာပဲဖြစ်ရမယ်. . . မဖြစ်ဘူး မဖြစ်ဘူး. . . လာဘ်ကောင်ကို သေချာသတိပေးဆုံးမပြီး အဲဒီကောင်မလေးနဲ့ အဆက်အသွယ်





ဖြတ်ခိုင်းမှဖြစ်မယ်"

"ဟုတ်တယ်. . . ဒါမှ တို့လည်းစိတ်အေးရမှာ"

သည်အရေးမှာတော့ လေးယောက်သား အထူးညီညွတ်ကြလျှက် ကိုယ့်အကြံနှင့်ကိုယ် ကိုယ့်ဘက်ကိုယ်ယက်ကာ ပြောဆိုဆုံးဖြတ်နေမိကြလေသည်။ ထိုပြတ်သားသောဆုံးဖြတ်ချက်နှင့်အတူ မမနှင့်ပေးမညားဘဲ နောက်ပေါက်တဲ့ရွှေကြာပင်. . . အဲလေ - နောက်မှဝရင်းတိုးလာတဲ့ နောက်တိုးမလေးနှင့်သာ မောင်လေးကိုပေးညားလိုက်သော ဗီဒီယိုဇာတ်ကားကိုကြည့်ရသည်မှာ ကျက်သရေတုံးဟန်ဖြင့် ပျိုပျိုခင်က ဗီဒီယိုကိုလှမ်းပိတ်လိုက်သည်။

ထိုအချိန်မှာပင် ဒေါ်ညို ဈေးမှပြန်လာသည်ကိုသတိပြုမိသော ရွှေအဆင်းက တစ်စုံတစ်ခုကိုသတိရဟန်ဖြင့် ဒေါ်ညိုအားလှမ်းခေါ်သည်။

"ဒေါ်ညို - ခဏ"

"ဩော် - အေး သမီး. . . ပြော ဒေါ်ညိုဘာလုပ်ပေးရမလဲ"

"လုပ်စရာမရှိပါဘူး. . . မေးစရာရှိလို့"

"အင်း - မေးလေ သမီး. . . ဘာမေးမလို့လဲ"

"ဟိုလေ. . . လာဘ်ကောင်က ဒေါ်ညို့ကို ဈေးကူဝယ်ပေးမယ်ဆိုပြီး ဒေါ်ညိုနဲ့ဈေးလိုက်သွားတာမဟုတ်လား"

ရွှေအဆင်းအမေးကို ဒေါ်ညိုဘာမှပြန်မဖြေရသေးခင်မှာပင် အားလုံးလှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ ဒေါ်ညိုက အားလုံးကို အကဲခတ်သလိုတစ်ချက်ဝေ့ကြည့်ရင်း

"အင်းလေ - ဟုတ်တယ်လေ. . . အဲဒါ လာဘ်ကောင်လေးက သမီးတို့ကိုပြောပြီး လိုက်လာတာပဲမဟုတ်လား"

"ဟုတ်တယ်လေ. . . ဒါပေမဲ့ အခု ဒေါ်ညိုနဲ့အတူ သူပြန်ပါလာတာမတွေ့လို့ မေးကြည့်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် - ဟုတ်လား. . . ပြန်မရောက်သေးဘူးလား. . . ဈေးမှာ သူ့သူငယ်ချင်းဆိုတာနဲ့တွေ့လို့ သူ့သူငယ်ချင်းစက်ဘီးနဲ့ပဲ ပြန်နှင့်တော့မယ်ဆိုပြီး ပြောသွားတာပဲလေ"

"နေ. . နေပါဦး. . . သူ့သူငယ်ချင်းဆိုတာက မိန်းကလေးလား. . . ယောကျ်ားလေးလား"

"ဩော် - မိန်းကလေးပါ. . . ဖြူဖြူချောချော သွယ်သွယ်လေး . . . အင်မတန်ကို သွက်သွက်လက်လက် ချက်ချက်ချာချာနဲ့ ချစ်စရာလေးပါ"

"ဒေါ်ညို"

ထိုမိန်းကလေးချီးမွမ်းခန်းကို ဆက်မပြောစေလိုသော လှမ်းဟန့်လိုက်သည့်အသံက လေးယောက်စလုံးထံမှ တစ်ပြိုင်တည်းထွက်ပေါ်လာသည်။ ဒေါ်ညိုလည်းလန့်သွားလျှက်

"ဟင် - ဘာ. . ဘာဖြစ်လို့လဲဟင်"

"ရပြီ. . . သွားတော့"

"ဩော် - အေး အေး. . . ကောင်း. . ကောင်းပါပြီကွယ်"

ဒေါ်ညိုက သူမတို့လေးယောက်အား နားမလည်နိုင်သလို တစ်ချက်ပြန်ကြည့်ရင်း နေရာမှထွက်ခွာသွားလေသည်။ ထွက်ခွာသွားသော ဒေါ်ညိုနောက်ကျောကိုကြည့်ရင်း လေးယောက်သား ကိုယ့်အတွေးနှင့်ကိုယ် ခေါင်းတညိတ်ညိတ်ပြုမိကြသည်။ ပြီး

"အေးလေ - ဒါတွေလိုက်တွေးပြီး ပူနေရရင် အာရုံညောင်းတယ်. . . လူဆိုတာ သူ့သမိုင်းသူရေး၊ ကိုယ့်သမိုင်းကိုယ်ရေးပဲ. . . ဒါကြောင့် ငါကတော့ လာဘ်ကောင်နဲ့အဲဒီကောင်မလေးကိစ္စကို ဘေးဖယ်ထားပြီး ငါ့ဘဝသာယာဖို့အတွက်ပဲ ဦးစားပေးတော့မယ်. . . ဟုတ်တယ်. . . သူ့ခမျာ ငါ့ကိုရင်ခုန်နေပါရက်နဲ့ ငါ့အရှိန်အဝါကိုကြောက်ပြီး ရှေ့မတိုးရဲဘူးဖြစ်နေရှာတယ်ထင်တယ်. . . ဒါကြောင့်





ဖက်သိက္ခာတွေ မာနတရားတွေခဝါချပြီး ငါ့ရင်ထဲကို သူ့ရဲရဲလျှောက်ပြီးဝင်လာနိုင်အောင် ငါ့ရင်ခွင်တံခါးကို စေ့ရုံစေ့မထားတော့ဘူး. . . ဒီနေ့ကစပြီး နှစ်ဆယ့်လေးနာရီအပြည့် ဟင်းလင်းကြီးဖွင့်ထားလိုက်တော့မယ်"

ဆိုသော မြတ်မမ၏ရင်တွင်းစကားကြောင့် ကျန်သုံးယောက်လုံးခုန်မြန်သွားလျှက် အလောတကြီးပြန်မေးမိသည်။

"ဟင် - နင်. . နင် ဘယ်သူ့ကိုပြောတာလဲ"

"တစ်ယောက်သောသူကိုပေါ့ဟာ"

"အဲဒီတစ်ယောက်သောသူဆိုတာက"

"သိပ်ကိုကြင်နာယုယတတ်ပြီး နွေးထွေးလိုက်မောဖွယ်ခံစားမှုကို ပေးစွမ်းတဲ့သူတစ်ယောက်ပေါ့"

"ဟုတ်ပါပြီ. . . အဲဒါ ဘယ်သူလဲ. . . နာမည်ဘယ်သူလဲလို့သိချင်လို့မေးနေတာ"

"အဟင်း ဟင်း ဟင်း. . . သိပ်မလောကြပါနဲ့. . . အချိန်တန်တော့ သိရမှာပေါ့. . . အဟင်း - မကြာမီ လာမည် မျှော်"

"ဟင် - ဒါ. . ဒါဆို နင့်မှာ ချစ်ရမယ့်သူရှိနေပြီပေါ့"

"ဒါပေါ့. . . အဟင်း"

အပိုင်ကြီးပြောနေသော မြတ်မမကိုကြည့်ပြီး အားလုံးဖြုံသွားကြသည်။ တစ်သက်လုံး အပျိုကြီးလုပ်လာကြတာချင်းအတူတူ ဒီအချိန်ရောက်မှ ကပ်ပြီးအကျောမခံနိုင်သော ပျိုပျိုခင်က စကားစကိုတန့်ဖြင့် ရယ်သံကိုအရင်ပြုလေသည်။

"အဟင်း ဟင်း ဟင်း ဟင်း"

ရယ်သံကြောင့် အားလုံး၏အကြည့်များက ပျိုပျိုခင်ထံ စုဝေးရောက်ရှိသွားကြသည်။ ပျိုပျိုခင် ကြည်နူးစွာပြုံးရင်း

"ချစ်ရမယ့်သူလေးတစ်ယောက်ရှိနေတာနဲ့များ ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကို စွတ်ပြီးထင်မနေစမ်းပါနဲ့ ပွမ်ပွမ်ရယ်. . . အေး - ငါကမှ တကယ့်ရိုးမန့်စ်ဆန်တဲ့အချစ်မျိုးကို တွေ့ရှိပိုင်ဆိုင်ထားတာ သိလား"

"ဟင် - မိန်းမ. . ဒါ ဒါဆို နင်လည်းအချစ်တွေ့နေပြီပေါ့ ဟုတ်လား"

"ဟုတ် - အဟင်း ဟင်း ဟင်း"

"အဲဒါ. . ဘယ်. . ဘယ်သူလဲဟင်"

"အရမ်းကို စာနာနားလည်တတ်ပြီး နူးညံ့တိမ်းမူးဖွယ်ခံစားမှုမျိုးကို ပေးစွမ်းနိုင်တဲ့သူတစ်ယောက်ပေါ့ဟာ"

"အေးလေ - ဟုတ်ပါပြီ. . . အဲဒီအမူးသမားက. . . အဲလေ - နင်ပြောတဲ့ တိမ်းမူးဖွယ်ခံစားမှုပေးတဲ့တစ်ယောက်က ဘယ်သူလဲ . . . ဘယ်ကလဲလို့မေးနေတာ"

"ဒါလား. . . အခုတော့ ခဏလေးသည်းခံကြပါဦး. . . မကြာခင် နင်တို့ရှေ့ကို သူနဲ့လက်ချင်းချိတ်ပြီး ဆက်ဆက်လာခဲ့ပါ့မယ် စိတ်ချ. . . အဟင်း ဟင်း ဟင်း"

လေးယောက်ရှိသည့်အထဲ နှစ်ယောက်က ပေါ်ပေါ်ထင်ထင်ပဲ အချစ်တွေ့နေပြီဖြစ်ကြောင်း ကြေညာလိုက်သည့်အခါမှာတော့ ရွှေအဆင်းလည်း ဘာရှက်နေစရာလိုလဲ။ ရင်ဖွင့်ဖော်တွေရှိနေပြီပဲ ဆိုပြီး တက်ကြွလာရသည်။ ထို့ကြောင့်

"အေး - ပြောကြပါ ပြောကြပါ, . . နင်တို့ပြောသလိုပဲ. . . ကဗျာဆန်ဆန်ပြောရရင် ငါမှာလည်း စိုးရိမ်ဖေးမတတ်ပြီး စိုစွတ်ပူနွေးတဲ့ခံစားမှုမျိုးကို ပေးစွမ်းနိုင်တဲ့ချစ်သူတစ်ယောက်ကို တွေ့ရှိထားပြီပါပြီနော်"

ဟူ၍ ကိုယ့်အာရုံနှင့်ကိုယ် ရင်ဖွင့်လှာကြေညာလေရာ ကျန်သုံးယောက်လည်း

"စိုစွတ်ပူနွေးတဲ့ခံစားမှုမျိုး ဟုတ်လား. . . အဲဒါ ဘယ်လိုကြီးလဲ"

ဆိုပြီး ကြောင်တောင်တောင်ဖြင့် ပြန်မေးကြရသည်။ ရွှေအဆင်းအဖို့ အောင်မြင်ကျော်က သူမလက်ညှိုးသွေးတိတ်အောင် ပါးစပ်နဲ့ ယခုပဲစုပ်ပေးနေသလိုခံစားမိပြီး မျက်နှာလေးဆေးနီခြယ်သပြီးဖြစ်သွားသည်။ ပြီးမှ မခို့တရို့ပြုံးရင်း

"အဟင်း - ဒါ နင်တို့သိစရာလား. . . အချိန်တန်တော့ ပြောပြမှာပေါ့"

ဆိုပြီး ပဲများပြလေသည်။ ကြည့်ရတာ သိပ်ပြီးပြောချင်ဟန်မတူ။ နင်တို့သိစရာလားဆိုပြီးလည်း ဟန့်တားသေး၊ အချိန်တန်တော့ သိရမှာပေါ့လို့လည်း ဆိုသေး။ တကယ့်တစ်မျိုးရယ်မှ တစ်မျိုးကြီးရယ်။

သူငယ်ချင်းလေးယောက်ရှိသည့်အနက် အချစ်တွေ့သည့်အကြောင်း သုံးယောက်ကြီးများကတောင် ပွင့်ပွင့်လင်းလင်းပြောဆိုနေခဲ့နေပြီဆိုမှတော့ ရှုမဝလည်း ဘာသားနဲ့ထုထားတာမို့လဲ။ အားလုံးနှင့် တစ်သံတည်း၊ တစ်ရောင်တည်းဖြစ်ဖို့ စိတ်ပါလာရသည်။

"နင်တို့တွေကလည်း ကြွားစရာမရှိ. . . အချင်းချင်းလာပြီး ဘပ်ကြွားနေကြတယ်. . . တကယ်ဆို ဒီလိုဒီလိုရင်ခုန်စရာတွေ့တာ ဘာဆန်းတာမှတ်လို့. . . နင်တို့ပြောသလိုသာဆိုရင် အဟင်း - ငါ လည်းပဲ ပူပန်စောင့်ရှောက်တတ်ပြီး မွတ်သိပ်ရင်ခုန်ဖွယ်ခံစားမှုကို ပေးစွမ်းနိုင်တဲ့ချစ်သူမျိုးကို တွေ့ထားပြီးပါပြီနော်"

"ဘာလဲ - ငွေရောင်ပိတ်ကားကြီးပေါ်တွင် ဆက်လက်ရှုစားကြပါဆိုပြီး ပြောဦးမလို့လား"

"အဟင်း ဟင်း ဟင်း. . . ဒါတော့ ငါလည်း နင်တို့လိုပဲပေါ့ . . . နင်တို့ချစ်သူတွေကို လက်ဆွဲပြီးခေါ်လာနိုင်တဲ့နေ့ကျရင် ငါကလည်း ဟောဒီမှာ ငါ့ရဲ့ချစ်သူဆိုတာဆိုပြီး လက်ဆွဲပြီးပြလိုက်မယ်







www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီလား"

"အိုကေ - ကြိုက်တယ်"

"စိမ်လိုက်လေ"

"စိမ်လိုက်"

သူငယ်ချင်းလေးယောက် အချင်းချင်းလက်ဝါးချင်းရိုက်စိန်ခေါ်ပြီးနောက် ဖိတ်ကူးနဲ့ဖဲရိုက်ကာ အသီးသီးအနိုင်ရရှိနေပါလေတော့သည်။

■ ■ ■

(၁၄)

အောင်မြင်ကျော် အိမ်ထဲဝင်လာတာတွေ့သည်နှင့် ရွှေအဆင်းက စိတ်ဆိုးစိတ်ကောက်ချင်သောမျက်နှာပေးဖြင့်

"အလာဘ်"

ဆိုပြီးခေါ်ရာ အောင်မြင်ကျော်ကပြုံးရွှင်စွာဖြင့်

"မမ - ဘာလဲဟင်. . . ကျွန်တော်ဘာလုပ်ပေးရမလဲ"

ဟူ၍ တောက်ပသောအကြည့်များနှင့်အတူ အလိုက်သိစကားဆိုလေရာ ရွှေအဆင်းလည်း ချက်ချင်းအရည်ပျော်သွားရလေသည်။

"ဩော် - တခြားမဟုတ်ပါဘူး. . . ဟို - ဒီမှာလေ. . . ဒီနာရီလေး အလာဘ်နဲ့လိုက်မယ်ထင်လို့ ယူလာတာ. . . ဘယ့်နှယ့်လဲကြိုက်တယ်မဟုတ်လား"

"ဟား - အမိုက်စားပဲ. . . ကြိုက်တာပေါ့ မမရဲ့. . . ကြိုက်တယ်. . . အဲ. . အဲဒါ ဒီနာရီဝယ်ဖို့ လောလောဆယ်ပိုက်ဆံတော့ကျွန်တော့်မှာမရှိသေးဘူး"

"အို - မလိုပါဘူးကွယ်. . . မမက အလာဘ်ကို ပတ်စေချင်လို့ တမင်တကာလက်ဆောင်ပေးတာ. . . အလာဘ်ကြိုက်တယ်ဆိုကျေနပ်ဖို့သာအဓိကပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်တာပေါ့ မမရယ်. . . ဒီနာရီသာပတ်ထားလို့ကတော့ အချိန်တိကျလွန်းလို့ လန်ဒန်နာရီစင်ကြီးကတောင် နာရီလှမ်းပြီးတိုက်ရမှာသေချာတယ်. . . ကြည့်ရတာဈေးလည်း အတော်ကြီးမယ်ထင်တယ်နော် မမ. . . ဘယ်လောက်ပေးရလဲဟင်"

"ဩော် - အားမနာပါနဲ့. . . ရဲရဲသာပတ်ထားလိုက်စမ်းပါ . . . မမလည်း ဈေးကြီးပေးပြီးဝယ်ထားရတာမဟုတ်ပါဘူး. . . အဲဒါလေ နိုင်ငံခြားပြန်တစ်ယောက် လာပေါင်ပြီး ပြန်မရွေးနိုင်တော့လို့ အပေါင်ဆုံးဖြစ်သွားပါပြီ"

"ဗျာ. . ဩော် - ဟုတ်. . ဟုတ်ကဲ့. . . ကောင်းပါတယ်. . . ကောင်းပါတယ်"

"ကောင်းရမှာပေါ့. . . မမက အလာဘ်အတွက်ဆိုရင် အကောင်းဆုံးတွေပဲဖြစ်စေချင်တာ အလာဘ်သိပါတယ်"

"ဟာ - သိတာပေါ့ မမရယ်. . . ကဲ ကဲ - မမပေးတဲ့နာရီလေး ကျွန်တော် အခုတစ်ခါတည်းပတ်လိုက်မယ်. . . အဲ - ကျွန်တော့်လက်မှာလည်း နာရီတစ်လုံးကရှိနေတော့ နှစ်လုံးပြိုင်ပတ်လို့တော့ မကောင်းဘူး. . . တော်ကြာ အရူးလို့ထင်နေဦးမယ်. . . ဟုတ်ပြီ - ဒါဆိုရင် ကျွန်တော့်လက်ကနာရီကို မမကလက်မှာခဏပတ်ထားပေးဦး. . . ကျွန်တော်က မမပေးတဲ့နာရီကိုပတ်မယ်"

အောင်မြင်ကျော် ပြောပြောဆိုဆိုဖြင့် ရွှေအဆင်း၏လက်တစ်ဖက်ကိုဆွဲယူပြီး နာရီပတ်ပေးလိုက်သည်။ ရွှေအဆင်း အသက်ရှူတွေမှားသွားရသည်။

"အို"

ရွှေအဆင်းအသက်ရှူပြန်မှန်ဖို့ ကြိုးစားနေဆဲမှာပင် နာရီပတ်ပြီးသောအောင်မြင်ကျော်က

"ဟား - မိုက်တယ်နော် မမ. . . ကျေးဇူးပဲ"





ဟူ၍ ရွှေအဆင်းကျေနပ်အောင်ပြောသည်ကို ရွှေအဆင်းကရင်မှစေတနာကို ကြေညာပြန်လေသည်။

"မိုက်ရမှာပေါ့ကွယ်. . . အလာဘ်အတွက်ဆိုရင် မမဆိုင်မှာရှိတဲ့ အပေါင်ဆုံးပစ္စည်းတွေထဲက အမိုက်ဆုံးဆိုတာတွေပဲရွေးပြီး ဆင်ပေးချင်တယ်ဆိုတာ အလာဘ်သိရဲ့လားဟင်. . . အဲဒါ ဘာကြောင့်လဲဆိုတာကော အလာဘ်သိရဲ့လား"

"ခင်ဗျာ. . . ဩော် - ဟုတ်. . ဟုတ်ကဲ့. . . သိ. . သိတာပေါ့ မမရဲ့. . . ဒါကြောင့်လည်း ကျွန်တော်က မမကိုချစ်နေရတာပေါ့"

"အို - အလာဘ် ဘယ်လိုပြောလိုက်ဒယ်"

"အဲ - ဟိုမှာ ကျွန်တော့်ကို မမရှုမဝလှမ်းခေါ်နေလို့ သွားလိုက်ပါဦးမယ်နော်"

"ဟင် - ဟုတ်လား. . . ဟွန့် - အရေးထဲမှာ သူကတစ်မျိုး"

"ဗျာ"

"ဩော် - ဟို. . ဟိုလေ. . . အရေးမကြီးပါဘူး. . . သွားလို့ပြောတာပါ"

"ဩော် - ဟုတ်ကဲ့ ဟုတ်ကဲ့"

အောင်မြင်ကျော် ရွှေအဆင်းနှင့်စကားဖြတ်ပြီးနောက် အိမ်ရှေ့မှလက်ယပ်ခေါ်နေသော ရှုမဝဆီသွားရသည်။ အနားရောက်သည်နှင့် ရှုမဝက ပြုံးပြုံးကြီးစိုက်ကြည့်ရင်း လက်ထဲမှအိတ်ကိုကမ်းပေးလေသည်။ အောင်မြင်ကျော်အိတ်ထဲမှအရာကို ယူကြည့်သောအခါ ယောကျ်ားဝတ်အင်္ကျီတစ်ထည်ဖြစ်နေသည်ကို တွေ့ရသည်။

"ဟင် - မမ. . . ဒါက"

"ဟုတ်တယ်. . . ဒါလာဘ်လာဘ်အတွက် မမကိုယ်တိုင်ဒီဇိုင်းဆွဲ မမကိုယ်တိုင်စက်နင်းပြီး ချုပ်ထားပေးတာလေ"

"အင် - ဟုတ်လား. . . ဒါဆို ဒါက မမရဲ့အထူးလက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"သေချာတာပေါ့. . . ကဲ - ကြိုက်ရဲ့လားလို့ ကြည့်ကြည့်ပါဦး"

"ဟုတ်ကဲ့ မမ"

အောင်မြင်ကျော် အကျႌကိုဖြန့်ကြည့်လိုက်ရင်း

"ဟိုက်ရှားပါ - ဒီဇိုင်းက လန်းလှချည်လား. . . တကယ်ပြောတာ မမရဲ့. . . ဒီအကျႌကိုသာ မင်းသားတစ်ယောက်ယောက်ပေးဝတ်လိုက်ရင် အော်ဒါတွေတက်လာလို့ ချုပ်လို့တောင် နိုင်မှာမဟုတ်ဘူး"

"အဟင်း - လာဘ်လာဘ်အပြောကောင်းပုံနဲ့ မမတောင်မြှောက်ချင်ချင်ဖြစ်နေပြီ"

"ကျွန်တော်တကယ်ပြောတာပါ မမရဲ့. . . မြှောက်ပြောနေတာ မဟုတ်ပါဘူး"

"အင်းပါ. . . လာဘ်လာဘ်ဘာသာ ဘယ်လိုပဲပြောပြောရပါတယ်. . . ဒါပေမဲ့ လာဘ်လာဘ်သိအောင်တော့ ပြောရဦးမယ် . . . မမက မိန်းမဝတ်တွေပဲ ဒီဇိုင်းဆွဲဖူးတာ. . . ယောကျ်ားဝတ်ကို ဒီဇိုင်းဆွဲပြီးချုပ်ဖူးတာ ဒါပထမဆုံးအကြိမ်ပဲ"

"ဟင် - ဟုတ်လား. . . မမရဲ့ပွဲဦးထွက်လက်ရာကလည်း လာမစမ်းနဲ့ သေသွားမယ်ဆိုရလောက်အောင် လန်းလွန်းအားကြီးပါတယ်ဗျာ. . . ကျွန်တော်ပြောတာ မယုံရင် မမဖက်ရှင်ရှိုးပွဲကျရင် တစ်ခါတည်းကြော်ငြာပြီးသားဖြစ်သွားအောင် ကျွန်တော်ဒီအကျႌဝတ်ပြီး ရှိုးလျှောက်ပြရမလား ပြော"

"ဟင့်အင်း - မလိုပါဘူးကွယ်. . . တို့က စီးပွားဖြစ်အကျႌဒီဇိုင်းတွေကို မိန်းမဝတ်တွေပဲချုပ်သွားမှာပါ. . . ယောကျ်ားလေးဝတ်ကိုတော့ စီးပွားဖြစ်မလုပ်ပါဘူး. . . လာဘ်လာဘ်တစ်ယောက်တည်း





အတွက်ပဲ အထူးသီးသန့် ဒီဇိုင်းတွေချုပ်ပေးသွားမှာပါ"

"ဟာ - တကယ်. . . သိုင်းကျူးပါဗျာ. . . သိုင်းကျူးပါ"

"အို"

အောင်မြင်ကျော် အမှန်တကယ်ကျေးဇူးတင်ကြောင်းပြသသည့်အနေနှင့် ရှုမဝ၏ဘယ်ညာလက်နှစ်ဖက်စလုံးကိုဆွဲပြီး လက်ဆွဲနှုတ်ဆက်လေသည်။ တစ်ဆက်တည်းမှာပင်

"မမက အရမ်းတော်တာပဲ. . . အဲဒါကြောင့် မမကို ကျွန်တော်က ချစ်နေရတာ"

ဟူ၍ နှုတ်ထွက်ပြောဆိုလေရာ ရှုမဝရင်ခုန်သံတွေ မြောင်းဆန်ကုန်သည်။ ဘာစကားတစ်ခွန်းမှမဟနိုင်တော့ဘဲ တို့ဆေးမိထားသလိုဖြစ်နေရာက

"ဟဲ့ - ဒီမောင်နှမ ဘာတွေကိုသဘောကျပြီး ဘာတွေအူမြူးနေတာလဲ"

ဆိုသော မြတ်မမ၏အသံကြားမှ အိပ်ရာမှလန့်နိုးသလို အောင်မြင်ကျော်၏လက်နှစ်ဖက်ထဲမှ သူမ၏လက်နှစ်ဖက်ကို ဆတ်ခနဲပြန်ရုတ်လိုက်မိသည်။

အောင်မြင်ကျော်လည်း မြတ်မမကိုတွေ့ရသဖြင့် ဘာတွေများပွမ်းဦးမလဲဆိုပြီး လန့်ဖျတ်သွားရသည်။ သို့သော် သူထင်ထားသည်နှင့်လွဲစွာ မြတ်မမမျက်နှာက ပြုံးချိုနေသည်။ မြတ်မမ၏အကြည့်တွေက နူးညံ့နေသည်။ ရာသီဥတုအခြေအနေကောင်းမှန်းသိသည်နှင့် အောင်မြင်ကျော်က

"ဒီမှာလေ မမရဲ့. . . ကျွန်တော့်အတွက်ဆိုပြီး မမရှုမဝက ကိုယ်တိုင်ဒီဇိုင်းဆွဲပြီး အကျႌချုပ်လာပေးလို့ ကျေးဇူးတင်ကြောင်းပြောနေတာ"

"ဟုတ်လား. . . ဒါဆိုရင် တို့ကိုလည်း လာဘ်ကကျေးဇူးတင်



www.burmeseclassic.com

www.burmeseclassic.com



ရဦးမယ်ထင်တယ်"

"သြော် - ဒါဆိုရင်ကြည့်ရတာ ဧကန္တတော့ ဧကန္တပဲ. . . ဘာလဲဟင်"

"သိချင်ရင် လိုက်ကြည့်လေကွာ"

"ဟုတ်"

မြတ်မမ ဦးဆောင်ခေါ်သွားရာနောက်သို့ အောင်မြင်ကျော် လိုက်သွားရပြန်သည်။ ဧည့်ခန်းသို့ရောက်သည်နှင့်

"ကဲ - ဒီမှာထိုင်ပြီး ဒါဘာလဲဆိုတာကြည့်"

ဆိုပြီး နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် မြတ်မမကိုယ်တိုင်လည်း ဝင်ထိုင်လိုက်သလို အောင်မြင်ကျော်ကိုလည်း ထိုင်ရန်ညွှန်ကြားသဖြင့် အောင်မြင်ကျော်ခေါင်းညိတ်ပြပြီး နှစ်ယောက်ထိုင်ဆိုဖာတွင် အတူဝင်ထိုင်လိုက်သည်။ ပြီး ရှေ့မှလက်ဆွဲသရေအိတ်အနက်လေး၏ဇစ်ကိုဆွဲကာ ဖွင့်လိုက်ရာ ကွန်ပျူတာလက်တော့ပ်တစ်လုံးကို တွေ့ရသည်။ ထို့ကြောင့်

"ဟင် - လက်တော့ပ်လေးပါလား"

ဟုပြောရင်း တက်ကြွသွက်လက်စွာနှင့် လက်တော့ပ်ကိုဖွင့်ပြီး ကစားလိုသည့်ဂိမ်းတွေ တစ်ခုပြီးတစ်ခုရှာလေသည်။ မြတ်မမလည်း အောင်မြင်ကျော် ကွန်ပျူတာကို ကျွမ်းကျင်စွာအသုံးပြုတတ်သည်ကိုတွေ့ရသည့်အတွက် အားတက်သွားရသည်။

"လာဘ်က ဘယ်ဆိုးလို့လဲ. . . ကွန်ပျူတာသုံးတတ်သားပဲ"

"အင်း - ဟုတ်တယ်နော်. . . ကျွန်တော့်ကိုယ်ကျွန်တော်တောင် သတိမထားမိဘဲ အလိုလိုတတ်ပြီးသားဖြစ်နေတယ်"

"ဘာပဲဖြစ်ဖြစ်လေ လာဘ်တတ်ထားတယ်ဆိုတော့ ကောင်းတာပေါ့. . . သြော် - ဒါနဲ့ အင်တာနက်လည်းသုံးတတ်မယ်ထင်တယ်"





"အင်တာနက် ဟုတ်လား. . . အဲဒါ ဘာကိုပြောတာလဲ. . . မသုံးတတ်လောက်ဘူးထင်တယ်"

"မသုံးတတ်လည်း ကိစ္စမရှိပါဘူး. . . ကွန်ပျူတာကျွမ်းရင် အင်တာနက်သုံးတတ်ဖို့ဆိုတာ လွယ်လွယ်လေးပါ. . . မမသင်ပေးပါ့မယ်. . . တတ်သွားရင် မမဆိုင်မှာ မန်နေဂျာခန့်မယ်"

"တကယ်ပြောတာနော် မမ. . . ဟား - ဝမ်းသာလိုက်တာ မမရာ. . . အဲဒါကြောင့် မမကို ကျွန်တော်ကချစ်နေရတာ"

"အို"

အောင်မြင်ကျော် ဝမ်းသာအားရဖြင့် အင်္ကျီလက်ပြတ်ဝတ်ထားသော မြတ်မမ၏ပခုံးသားနုနုလေးနှစ်ဖက်ကို ကိုင်လှုပ်မိလေသည်။

မြတ်မမခန္ဓာကိုယ်တစ်ခုလုံး လေဟာနယ်ထဲရောက်သွားသလို ခံစားနေရသည်။ ပြီးတော့ ကြည်နူးမှုတွေက သွေးကြောအနှံ့သွေးအလိုလို တိုးဝှေ့စီးဆင်းလာကြလေသည်။

အောင်မြင်ကျော်ကို ရွှန်းစိုသောမျက်ဝန်းများနှင့် ဘယ်လောက်ကြာကြာငေးကြည့်နေမိသည် မသိ။

"မမ. . မမ. . . ဟောဗျ. . . ကျွန်တော့်ကို အင်တာနက်သုံးနည်းသင်ပေးမယ်ဆိုပြီး ဘာကြည့်နေတာလဲ"

ဆိုသော အောင်မြင်ကျော်၏သတိပေးသံကြားမှ အလည်သွားနေသောအိပ်မက်ကမ္ဘာထဲမှ ပြန်ရောက်လာရသည်။ ထို့ကြောင့်

"သြော် - အေးပါ. . . သိပါတယ် လာဘ်ရဲ့. . . ဘယ်ကသင်ရင် အတတ်မြန်မလဲလို့ စဉ်းစားနေလို့ပါ"

ဟု ကြည့်ကောင်းအောင်ပြန်ဖြေရင်း အင်တာနက်သုံးနည်းအခြေခံကိုသင်ကြားပေးလေသည်။ ဟိုအရင်းကတည်းက သုံးစွဲဖူးခဲ့ပုံရသော အောင်မြင်ကျော်က အင်တာနက်သုံးနည်းကို မြန်မြန်



www.burmeseclassic.com

www.burmeseclassic.com



ဆန်ဆန်ပဲနားလည်တက်မြောက်သွားသဖြင့် မြတ်မမ ပိုလို့သဘောကျ ကျေနပ်သွားသည်။

"ဘယ်ဆိုးလို့လဲကွ. . . လာဘ်က တော်တော်ဉာဏ်ကောင်းတာပဲ. . . သင်သမျှ ခဏလေးနဲ့တတ်တယ်. . . အဟင်း - ဒါမှနောက်ဆိုရင် တို့နှစ်ယောက်လည်း သူများမသိစေချင်တဲ့စကားတွေ ပြောချင်ရင် အင်တာနက်ကနေပဲ ချက်ကြတာပေါ့. . . မကောင်းဘူးလား"

"ဟား - ကောင်းတာပေါ့ မမရယ်. . . ဘယ်လိုပြောလိုက်ပါလိမ့်. . . ကျွန်တော်ကလည်း ဒီအခွင့်အရေးမျိုးစောင့်နေတာနဲ့ အတော်ပဲ"

"တကယ်"

"တကယ်ပေါ့ မမရဲ့"

"ဟိတ် - ဒီနှစ်ယောက် ဘာတွေကောင်းပြီး ဘာတွေတကယ်နေကြတာလဲ"

အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုသလို အပြင်မှပြန်ရောက်လာသော ပျို့ပျို့ခင်က ခရီးရောက်မဆိုက် သိလိုသည်ကိုမေးရာ မြတ်မမ ရုတ်တရက်မို့ဘာပြန်ပြောရမှန်းမသိဘဲ လူမိခံရသလို မလုံမလဲ ဖြစ်သွားရသည်။ တော်ပါသေးသည်။ အောင်မြင်ကျော် သွက်လက်ချက်ချာစွာပြန်ပြောနိုင်လို့ရယ်။

"ဒီမှာလေ မမရဲ့. . . ကျွန်တော့်ကို မမမြတ်က ဒီလက်တော့ပ်နဲ့ အင်တာနက်သုံးနည်းသင်ပေးနေတာလေ"

"ဩော် - အေး ကောင်းတာပေါ့. . . သူ့ခေတ်နဲ့သူ တတ်သင့်တာအားလုံးကတော့ တတ်အောင်သင်ထားမှ. . . ဒါပေမဲ့ အကျိုးအပြစ် ခွဲခြားပြီးသုံးတတ်ဖို့လည်းလိုတယ် သိလား လာဘ်လေး"

"ဟုတ်ကဲ့ သိပါတယ်. . . ဒါနဲ့ မမလက်ကလည်း ဆွဲလာတာ





တွေ များလှချည်လား. . . ပေး ပေး - ကျွန်တော့်ကိုပေး. . . ကျွန်တော်သယ်ပေးမယ်"

"ကြည့်ပါဦး. . . လာဘ်လေးက တော်လိုက်တာ. . . ဒါကြောင့် ဆုချတဲ့အနေနဲ့မုန့်ကျွေးဖို့ မုန့်တွေဝယ်လာတယ်. . . သွားသွား. . . ထမင်းစားခန်းထဲသာ တစ်ခါတည်းယူသွား"

"ဟုတ်ကဲ့ မမ"

အောင်မြင်ကျော် ပျို့ပျို့ခင်ထံမှ စားစရာများထည့်လာသောအိတ်များကို လက်ပြောင်းယူပြီး ထမင်းစားခန်းသို့ထွက်သွားရာ ပျို့ပျို့ခင်ကလည်း နောက်မှလိုက်လာလေသည်။

"မမ - ဒါတွေကို ဒီပေါ်ပဲတင်ထားမယ်နော် မမ"

"ဩော် - အေး အေး. . ဟုတ်တယ်"

အောင်မြင်ကျော်ယူလာသောစားစရာများကို နေသားတကျ ထားပြီးနောက် နေရာမှပြန်လည်ထွက်ခွာရန်ပြုစဉ် ပျို့ပျို့ခင်က

"လာဘ်လေး - ဘယ်သွားမလို့လဲ. . . နေဦးလေ. . . ဒီမှာ မုန့်စားသွားဦး"

"ရတယ် မမ. . . နောက်မှပဲ. . ."

"ဘာရတယ်လဲ. . . လာ ထိုင်. . . အတူတူစားမယ်. . . ဒါတွေက မင်းနဲ့အတူတူစားဖို့သက်သက် ဝယ်လာတာတွေ"

"ဗျာ - ဩော် ဟုတ်လား. . . ဒါဆိုလည်း ပြောပြောကစောရောပေါ့ မမရယ်. . . ဒါမျိုးဆိုလို့ကတော့ အပြတ်အားပေးပြီးသားပဲ"

အောင်မြင်ကျော်လည်း ပျို့ပျို့ခင်ကျေနပ်အောင်ပြောဆိုပြီးနောက် ပျို့ပျို့ခင် သဒ္ဓါထက်သန်စွာကျွေးသမျှ မငြင်းဘဲ အားပါးတရစားပြလေသည်။ သည့်အတွက် စေတနာရှင်မလေး ပျို့ပျို့ခင်လည်း ပီတိဖြာရလေသည်။ ပြီးတော့ သည်လောက်ကျွေးမွေးပြီးတာတောင် ပျို့ပျို့ခင်၏စေတနာသဒ္ဓါအားက လျော့ပါးမသွားဘဲ ဆတိုးတိုးလာရ



www.burmeseclassic.com

www.burmeseclassic.com



ကာ

"သြော် - ဒီမှာ ရော့. . . ဒီကိတ်လေးက Diet လုပ်ထားတာ. . . လာဘ်လေးအခန်းထဲယူထည့်ထားလိုက်"

"ဟင် - အများကြီးပဲစားပြီးသွားပြီ. . . တော်ပါပြီ မမရဲ့. . . ဗိုက်ပြည့်နေပြီ"

"ရော် - မင်းကလဲ. . . လျှာရှည်လိုက်တာ လွန်ပါရောပဲ. . . ယူဆိုယူထားလိုက်ပေါ့. . . ညရေးညတာ ဆာရင်စားလို့ရတာပေါ့"

"သြော် - ဒါလည်းဟုတ်တာပဲ. . . ဒါပေမဲ့ ဒါကကျွန်တော်တစ်ယောက်တည်းအတွက်ဆိုရင် များတယ်. . . မမလည်းခွဲယူထားဦးလေ. . . မမက ဆာတတ်တယ်မဟုတ်လား"

"ကိစ္စမရှိပါဘူး. . . မမအခန်းထဲမှာ ဒါမျိုးမုန့်တွေ အများကြီးရှိပါတယ်. . . မင်းပဲယူသွားလိုက်ပါ. . . ဟုတ်ပြီလား"

"ဒါဆိုရင်လည်း ကျွန်တော်အယူဖြောင့်အောင် မမတစ်ခုထပ်စား"

"အို - မလိုပါဘူးဆိုကွာ"

အောင်မြင်ကျော် ပြောပြောဆိုဆိုနှင့် မုန့်ထုတ်ထဲမှမုန့်တစ်ချပ်ကို ဖောက်ယူလိုက်သည်။ ထို့နောက်

"မမကျွေးသမျှ ကျွန်တော်မငြင်းသလို ကျွန်တော်ကျွေးတာလည်း မမမငြင်းနဲ့နော်. . . ကဲပါ မမရယ်. . . ဟ ဟ. . ပါးစပ်လေးဟ"

ဟုဆိုပြီး လက်တစ်ဖက်က ပျိုပျိုခင်မေးစေ့လေးကိုလှမ်းကိုင်ပြီး မျက်နှာကိုဆွဲယူလိုက်သလို ကျန်လက်တစ်ဖက်က ပျိုပျိုခင်ပါးစပ်ထဲ မုန့်ခွံ့ကျွေးလေသည်။

"ဟင်"

"ဟုတ်ပြီ. . . မမကလိမ္မာတယ်. . . အဲဒါကြောင့် ကျွန်တော်





က မမကိုချစ်နေရတာ"

"အို"

ပျိုပျိုခင်တစ်ယောက် ရဟတ်ပဲစီးနေရသလိုလို ရိုလာကိုစတာပဲစီးနေရသလိုလို ခံစားရလျက် ခန္ဓာကိုယ်တွင်းမှာလည်း မီးကျည်မီးပန်းတွေ ပစ်လွှတ်ဆော့ကစားနေသလားထင်ရသည်။ သာယာငြိမ့်ညောင်းသောတေးသွားနှင့်အတူ တောင်ပံဖြန့်ပြီး အစုန်အဆန်ပျံဝဲနေခိုက်မှာ

"သြော် - ကြည့်ပါဦး. . . သူတို့က ဒီမှာနှစ်ယောက်တည်းကြိတ်ပြီး လာစားနေကြတယ်ပေါ့လေ ဟုတ်လား"

ဆိုသောအသံနှင့် အနားသို့ရောက်လာကြသော မြတ်မမ၊ ရှုမဝနှင့် ရွှေအဆင်းတို့ကိုတွေ့ရခါမှပဲ သီးခြားကမ္ဘာလေးထဲမှာ အလည်လွန်နေရာမှ ခြေလှမ်းကိုပြန်ရုတ်ရသည်။

"သြော် - နှစ်ယောက်တည်းကြိတ်စားနေတာ မဟုတ်ပါဘူး မမတို့ရဲ့. . . ကျွန်တော်လည်း မမတို့ကို အခုပဲလာခေါ်တော့မလို့လုပ်နေတာ"

ဆိုသော အောင်မြင်ကျော်၏စကားမှာ ချော်လဲရောထိုင်လုပ်ပြီး

"အဲ - ဟုတ်တယ် ဟုတ်တယ်. . . လာလေဟယ် ထိုင်ကြ. . . ဒီမှာ နင်တို့အတွက် သပ်သပ်ဖယ်ထားတာတွေ အများကြီးရှိပါတယ်. . . စားကြလေ. . . အဟင်း ဟင်း"

ဟု လိုအပ်တာထက်ပိုပြီး ပျူငှာပြမိလေသည်။ ထို့နောက် အောင်မြင်ကျော်ခွံ့ကျွေးထားသောမုန့်လေးကို အသာဝါးရင်း အောင်မြင်ကျော်အား ချစ်စနိုးခိုးကြည့်မိလေသည်။

တကယ်တော့ ထိုအချိန်မှာ အောင်မြင်ကျော်ကို ထိုကဲ့သို့ချစ်ရည်ရွှမ်းသောအကြည့်များဖြင့် ပြုံးပြီးကြည့်သူမှာ ပျိုပျိုခင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းတော့မဟုတ်ခဲ့ပါပေ။

သည်လိုပါပဲ။ အောင်မြင်ကျော်ကလည်း ပျိုပျိုခင်တစ်ယောက်တည်းကို တုံ့ပြန်ပြုံးပြသည်မဟုတ်ဘဲ လေးယောက်စလုံးကို တရင်းတနှီးကြည့်ရင်း မျှမျှတတပြန်လည်ပြုံးပြခဲ့သည်သာဖြစ်သည်။

ဖူးပွင့်ကုန်လေသော အပြုံးပန်းတို့မှရနံ့တို့သည် သင်းပျံ့လွှမ်းပေစွ. . .။

(၁၅)

တစ်ရေးနိုးဗိုက်ဆာလာသဖြင့် မုန့်ထစားရင်းနှင့် အောင်မြင်ကျော်၏အခန်းကို အမှတ်တမဲ့ကြည့်မိရာ မီးလင်းနေသေးသည်ကို တွေ့ရ၍ ပျိုပျိုခင်ပျော်သလိုလိုဖြစ်သွားရသည်။

သည်အချိန် သည်ကောင်လေးမအိပ်သေးဘဲ ဘာလုပ်နေပါလိမ့်ဆိုသောသိလိုစိတ်ဖြင့် တံခါးကိုအသာဟပြီးကြည့်လိုက်ရာ မျှော်လင့်မထားသောမြင်ကွင်းကြောင့် ပျိုပျိုခင်တုန်လှုပ်သွားရသည်။

"အို"

ပျိုပျိုခင်တုန်လှုပ်မည်ဆိုလျှင်လည်း တုန်လှုပ်စရာရယ်။

အောင်မြင်ကျော်နှင့်မိန်းမတစ်ယောက်တို့ နမ်းရှုံ့နေသည်ကို မီးအလင်းရောင်ကြောင့် အောင်မြင်ကျော်အိပ်ခန်းတံခါးမှန်တွင် အရိပ်လာထင်နေသည်။

ပျိုပျိုခင် တံခါးကိုအလျင်အမြန်ပြန်ဆွဲပိတ်လိုက်ပြီး တံခါးမှန်မှတစ်ဆင့် ကြည့်မိပြန်သည်။

အောင်မြင်ကျော်နှင့်ထိုမိန်းမ၏မျက်နှာက ပူးလိုက်ခွာလိုက်နှင့် အချစ်နလံထလို့ကောင်းနေကြဆဲဖြစ်သည်ကိုတွေ့ရသည်။

ပျိုပျိုခင် မခံစားနိုင်တော့သလို ဒူးတွေညွတ်ကျချင်လာရသည်။

သြ ရ သ စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ကျော်၏အခန်းထဲရောက်နေသောမိန်းမ ဘယ်သူ ဖြစ်မည်ကို သိလိုစိတ်နှင့်အတူ ထိုမြင်ကွင်းကို ထပ်ပြီးမကြည့်ရဲအောင် ချောက်ချားနေရသည်။

"သူ. . သူက ဘယ်သူလဲ"

သည်အိမ်ကြီးထဲမှာ မိန်းမဆိုလို့ သူမအပြင် မြတ်မမရယ်၊ ရွှေအဆင်းရယ်၊ ရှုမဝရယ်ပဲရှိသည်။ နဂိုကတည်းက စာရင်းသွင်းရန် မလိုသော သင့်လည်းမသင့်တော်သော ဒေါ်ညိုက မနေ့ကတည်းက ရွာခဏပြန်ဦးမည်ဆိုပြီး ပြန်သွားသည်။

ဒါ. . ဒါဆိုလျှင် အောင်မြင်ကျော်၏အခန်းထဲမှမိန်းမသည် သူမမဟုတ်သည့်အတွက် ကျန်သုံးယောက်ထဲက တစ်ယောက်သာ ဧကံမုချဖြစ်ရပေမည်။

"ငါနောက်ကျသွားပြီထင်တယ်"

ဆိုသော ယူကြုံးမရအတွေးနှင့်အတူ ပျိုပျိုခင်တစ်ယောက် အိပ်ရာပေါ်သို့ အရုပ်ကြိုးပြတ် ပစ်လှဲချလိုက်လေသည်။





"တောက် - အိပ်ကောင်းတုန်းကွာ. . . ဒီဆီးကလဲ. . . ဟင်း"

မြတ်မမအိပ်ပျော်နေရာမှ ဆီးသွားချင်လာသဖြင့် မအောင့်နိုင်တော့ဘဲ ဆီးထသွားရသည်။ သို့သော် မျက်လုံးနှစ်ဖက်ကိုတော့ ကောင်းစွာဖွင့်ထားသည်မဟုတ်။

ကိစ္စဝိစ္စတွေဖြေရှင်းပြီး၍ ပြန်အိပ်မည်ပြုပြီးမှ ရုတ်တရက် အောင်မြင်ကျော်ကိုသတိရသွား၏။ ထို့ကြောင့် အောင်မြင်ကျော် တစ်ယောက် ကောင်းစွာအိပ်ပျော်ပါလေစဆိုသော စေတနာဖြင့် အောင်မြင်ကျော်အခန်းကိုလှမ်းကြည့်မိရာ အိပ်မှုံစုံဖွားဖြစ်နေသော မျက်လုံးအစုံလည်း ပြူးကျယ်ဝိုင်းစက်သွားရလေသည်။

"ဘုရားရေ"

အခန်းထဲတွင် အောင်မြင်ကျော်နှင့်အတူ မိန်းမတစ်ယောက်လည်းရှိနေသည်။ အောင်မြင်ကျော်က ထိုမိန်းမကို နောက်ကျောမှနေ၍ သိုင်းဖက်ထားပြီး ထိုမိန်းမဂုတ်သားတွေကို နမ်းလိုက်၊ ပခုံးသားတွေကို ငုံ့နမ်းလိုက်လုပ်နေသည်။ ပြီးတော့ လက်နှစ်ဖက်ကလည်း ငြိမ်ငြိမ်မနေဘဲ လက်လှမ်းမိသမျှကို မနားတမ်းပွတ်သပ်ကိုင်တွယ်နေသည်။ ထိုမိန်းမကလည်း အောင်မြင်ကျော်လုပ်သမျှ ကျေနပ်ကြည်ဖြူစွာခံယူနေသည်ကိုတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်မမ ဆက်ပြီးမကြည့်ရဲတော့။

"ဒီ . . ဒီအချိန်ကြီး လာဘ်ကောင်ရဲ့အခန်းထဲကိုရောက်နေတာ ဘူလေးလဲ. . . အဲလေ - ယောင်လို့. . . ဘယ်သူများလဲ"

မြတ်မမ တံခါးမှာကျောမှီလိုက်ပြီး ဘယ်သူများလဲဆိုပြီး စဉ်းစားမိသည်။ ရင်ထဲမှာ ဗလောင်ဆူနေလေပြီ။

"သေချာတယ်. . . ဒါ ဟိုမိန်းမသုံးယောက်ထဲက ဘယ်သူဖြစ်နိုင်လဲ"

မြတ်မမ တံခါးမှာကျောမှီထားရာကပြန်ခွာပြီး အောင်မြင်ကျော်၏အခန်းကို မရဲတရဲလေးပြန်ကြည့်မိပြန်သည်။ သို့သော် တရစပ်လှုပ်ရှားနေသော အောင်မြင်ကျော်၏လက်တွေကို အရင်မြင်ရသည်နှင့်ပင် ကြက်သီးဖြန်းဖြန်းထပြီး သေချာမကြည့်ရဲတော့ဘဲ မျက်နှာ ကိုချက်ချင်းပြန်လွှဲလိုက်ရသည်။

"အမလေး လေး. . . လာဘ်ကောင်တို့များ လက်ကလည်း သွက်လိုက်တာ လွန်ပါရောပဲ"

မြတ်မမ ခြေဖော့ပြီးခုတင်ဆီပြန်သွားကာ ရင်ဘတ်ဖိမိလျက် အသာအယာပြန်လဲလျောင်းလိုက်ရလေသည်။





တိုက်ဆိုင်စွာပင် ထိုအချိန်ကျမှ ရေဆာ၍တစ်ရေးနိုးပြီး ရေထသောက်သူက ရွှေအဆင်းဖြစ်သည်။

ခုတင်ဘေးစားပွဲပေါ်ရှိ ရေသန့်ဘူးကိုလှမ်းယူကာ ရေသောက်ပြီးနောက် ပြန်အိပ်ဖို့မျက်စိမှိတ်လေသည်။

သို့သော် တစ်ရေးနိုး ချစ်စိတ်၏လှုံ့ဆော်မှုကြောင့် ရင်ဆတ်ခနဲခုန်သွားပြီး မျက်လုံးလည်းဖျတ်ခနဲပြန်ပွင့်လာသည်။ ထို့နောက် အသာအယာပြုံးမိရင်း ခုတင်ပေါ်မှဆင်းကာ အောင်မြင်ကျော်အခန်းအား တရုတ်ကတ်မှန်လေးကို အသာဆွဲလှပ်ပြီးကြည့်လိုက်သည်။

"ဟင် - ဘာ. . ဘာတွေလဲဟ"

ဟု အထိတ်တလန့်ရေရွတ်မိရင်း ဆွဲလှပ်ထားသော တရုတ်ကတ်မှန်ပြတင်းလေးကိုလည်း ဆတ်ခနဲပြန်ပိတ်လိုက်ရသည်။

သို့သော် မျက်စိနှင့်တပ်အပ်သေချာတွေ့လိုက်ရသောမြင်ကွင်းက ပျောက်ကွယ်သွားခြင်းမရှိ။

အောင်မြင်ကျော်၏အခန်းထဲတွင် မိန်းမတစ်ယောက်ရှိနေသည်။ အောင်မြင်ကျော်တစ်ယောက် ထိုမိန်းမ၏အင်္ကျီကိုချွတ်ရန်အတွက် အင်္ကျီကြယ်သီးတွေကို တစ်စေ့ချင်းဖြုတ်နေသည်ကိုတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

“ညကြီးအချိန်မတော် လာဘ်ကောင်ရဲ့အခန်းထဲမှာ ဝင်ကဲနေတာ ဘယ်သူများလဲ. . . အင်း - ဒီလောက်လူလစ်ရင်လစ်သလို ကဲတတ်တဲ့ပုံထောက်ရင် ဟိုသုံးယောက်ထဲက တစ်ယောက်ပဲ. . . ကျိန်းသေတယ်. . . ဘယ်တစ်ယောက်လဲသာ ဒက်ထိမပြောနိုင်သေးတာ”

ရွှေအဆင်း စိတ်ထဲမှပြောရင်း ဝမ်းနည်းလာလျှက် မျက်ရည်တွေကျလာရသည်။

မျက်ရည်တွေကို လက်ခုံနှင့်သုတ်ရင်း မကြည့်ဘဲလည်း မနေနိုင်ဘဲ တရုတ်ကတ်ပြတင်းမှန်လေးကို အသာဆွဲလှပ်မိပြန်သည်။ အောင်မြင်ကျော်က ထိုမိန်းမ၏အကျီကြယ်သီးတွေအားလုံးဖြုတ်ပြီး၍ အကျီဆွဲချွတ်နေပြီကိုတွေ့ရသဖြင့် မျက်လုံးကိုဆတ်ခနဲပြန်ပိတ်လိုက်ပြီး တရုတ်ကတ်မှန်ပြတင်းကိုလည်း ဖျတ်ခနဲပြန်ပိတ်ပြီးဖြစ်နေလေသည်။ ပြီး နေရာမှာပဲ နွမ်းနယ်စွာထိုင်ချလိုက်မိတော့သည်။





သူများတွေအိပ်မောကျချိန်ရောက်ခါမှ ရှုမဝတစ်ယောက် ဆွဲနေသောအကျီဒီဇိုင်းကို လက်စသတ်နိုင်လေသည်။

သည်တစ်ခါ ရှုမဝဆွဲနေသည့်အကျီဒီဇိုင်းက အရင်ဆွဲနေကျဒီဇိုင်းများလို မိန်းမဝတ်အကျီဒီဇိုင်းမဟုတ်ဘဲ ထူးထူးခြားခြားယောကျ်ားဝတ်အကျီဒီဇိုင်းဖြစ်နေလေသည်။

“ဟင်း - လာဘ်ကောင်ကို ဒီအကျီဒီဇိုင်းသာဆင်ပေးလိုက်လို့ကတော့ တစ်ခါတည်းလန်ပျံသွားမယ်. . . ဟင်း ဟင်း ဟင်း”

အောင်မြင်ကျော်အတွက် အထူးသီးသန့်ရေးဆွဲထားသောအကျီဒီဇိုင်းကိုကြည့်ပြီး ရှုမဝပီတိတွေဖြာကာ ရေရွတ်ရင်းပြုံးရယ်ရယ်မိလေသည်။ ထို့နောက်

“ဝါး”

ဆိုပြီး ခါးညောင်းဆန့်ကာ သမ်းဝေပြီးနောက် မအိပ်ခင်အလွမ်းပြေ အောင်မြင်ကျော်၏အိပ်ခန်းလေးအားကြည့်ရန် နေရာမှထလိုက်သည်။ ပြီး တက်ကြွကြည်နူးမှုနှင့်အတူ အိပ်ခန်းတံခါးဆီလျှောက်သွားကာ ချောင်းကြည့်ပေါက်မှတစ်ဆင့် အောင်မြင်ကျော်၏အိပ်ခန်းကိုလှမ်းကြည့်လိုက်သည်။

“ဟင်”

ရှုမဝ ပါးစပ်အဟောင်းသားဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးလင်းနေသော အောင်မြင်ကျော်၏အခန်းထဲတွင် အောင်မြင်ကျော်တစ်ယောက်တည်းရှိနေသည်မဟုတ်ဘဲ မိန်းမတစ်ယောက်ပါ အပိုရှိနေလေသည်။

ရှုမဝကြည့်မိသည့်အခိုက်အတန့်မှာ အောင်မြင်ကျော်က ထိုတစ်ယောက်၏ကိုယ်ပေါ်မှအင်္ကျီကိုချွတ်ယူလိုက်ရာ မမြင်အပ်သည်များကို အတိုင်းသားမြင်လိုက်ရသည်။

ရှုမဝကြောင်ကြည့်နေဆဲမှာပင် အောင်မြင်ကျော်က ထိုသူမကို ဆွဲခနဲပွေ့ချီလိုက်သည်ကိုတွေ့ရသည်။ ထို့နောက် ခုတင်ပေါ်သို့လှဲသိပ်ပြီး အတူအိပ်စက်လိုက်ကြဟန်တူသည်။ နှစ်ယောက်စလုံး၏အရိပ်က မြင်ကွင်းထဲမှပျောက်သွားသည်။

ထိုအခါကျမှ ရှုမဝလည်း သတိပြန်ဝင်လာပြီး မျက်နှာကိုဆတ်ခနဲပြန်လှည့်မိသည်။ ဘယ်လိုမှယုံလို့မရသောမျက်နှာဖြင့်

“ဟင် - သူ. . သူတို့က ဒီညဥ့်နက်သန်းခေါင်ကြီး ခိုးတွေ့နေကြတဲ့ အဆင့်တောင်ရောက်နေကြပြီဆိုမှတော့. . . ဘယ်အချိန်ကတည်းကဖြစ်နေကြသလဲမသိဘူး. . . ဘာပဲဖြစ်ဖြစ် မိန်းကလေးတန်မဲ့ ကိုယ့်ကိုယ်ကိုယ်တော့ ထိန်းသင့်ပါတယ်. . . ဟွန့် - ဒီလောက်ရဲတင်းပုံထောက်ရင် ဒါမြတ်မမလား. . . ရွှေအဆင်းလား. . . ပျိုပျိုခင်လား တစ်ယောက်ယောက်ပဲ. . . တကတည်း အရှက်ကိုမရှိဘူး. . . အဟင့်”

ရှုမဝ ပွစိပွစိပြောရင်း ဝမ်းနည်းလာကာ ဟင့်ခနဲငိုရှိုက်မိရင်း ဆွဲထားသောအင်္ကျီဒီဇိုင်းကို တစ်စစီဆွဲဖြဲပစ်လိုက်တော့သည်။

(၁၆)

သည်နေ့ အားလုံးကိုကြည့်ရတာ အရင်နေ့များနှင့်မတူ။ တစ်ခုခုဖြစ်နေပုံရသည်ဟု အောင်မြင်ကျော်ထင်သည်။

မိမိကို အလစ်မပေးဘဲ လိုက်ကြည့်နေပုံထောက်ရင် စိတ်တွက်စရာများ တွေ့ထားလို့လားဟုတွေးမိရင်း အောင်မြင်ကျော်လည်း “ငါ ဘာအမှားတွေလုပ်မိပါလိမ့်”ဟု စဉ်းစားကြည့်သော် အဖြေကိုရှာမရ။ မနေ့ညက အိပ်ချိန်အထိ မမကြီးလေးယောက်စလုံးက မိမိအပေါ် ကောင်းလွန်းမကကောင်းပြီး အသီးသီးစေတနာတွေပို့ခဲ့ကြသည်သာဖြစ်သည်။

ဒါဆိုလျှင် သေချာပါပြီ။ သူတို့အချင်းချင်း စိတ်မကြည်စရာတစ်ခုခုရှိနေလို့သာပဲဖြစ်ရမည်။ ပြီးတော့ သူတို့လေးယောက် အချင်းချင်းကြည့်ပုံက တစ်မျိုးဖြစ်နေသည်။ ထိုသို့ သူနှင့်ပတ်သက်ခြင်းမရှိဘူးဆိုတာ စဉ်းစားမိခါမှပဲ အောင်မြင်ကျော်လည်း စိတ်သက်သာရာရသလိုဖြစ်သွားရသည်။ ဒါပေမဲ့ ဘယ်လိုပဲ ကိုယ်နှင့်မဆိုင်ဘူးပဲပြောပြော သူတို့ချင်း ပြဿနာဖြစ်နေမှတော့ ကိုယ်လည်းကြားထဲကနေရခက်သည်က အမှန်ပဲဖြစ်သည်။

ထို့ကြောင့် အောင်မြင်ကျော်လည်း အနေမခက်စေဖို့ သူတို့နှင့်မျက်နှာချင်းမဆိုင်မိအောင် ကြိုးစားရသည်။

သြရသစာပေ

www.burmeseclassic.com

www.burmeseclassic.com



မမလေးယောက်စလုံး တစ်ယောက်မှအလုပ်သွားဖို့ရှိပုံမရဘူး ဆိုတာကို ရိပ်မိပါလျှက် လိုရမယ်ရ ဆီရေလေဝိုင်စစ်ပေးထားရန် ကားစက်ဖုံးကိုဖွင့်လိုက်သည်။

ထိုအချိန်မှာပင် ရွှေအဆင်းက ဖျတ်ခနဲအနားရောက်လာသည်။

"အလာဘ်"

"ဗျော် - မမ. . . အပြင်သွားမလို့လား. . . ကျွန်တော် ကားဘာတွေဖြည့်ဖို့လိုလဲဆိုတာ စစ်နေတာ"

"ဟင့်အင်း - မသွားပါဘူး. . . အလာဘ်ကိုသတိပေးချင်တာနဲ့ သက်သက်လာခဲ့တာ"

အောင်မြင်ကျော်လည်း ပြောလေဆိုသောသဘောဖြင့် ခေါင်းတစ်ချက်ညိတ်ပြပြီး နားစွင့်နေလိုက်သည်။

ရွှေအဆင်းက အိမ်အတွင်းသို့လှမ်းကြည့်ပြီး စကားကိုဆက်သည်။

"တခြားမဟုတ်ပါဘူး. . . အလာဘ်က ငယ်သေးတော့ လောကအကြောင်းမသိသေးဘူး. . . အထူးသဖြင့် မိန်းမတွေအကြောင်း အလာဘ်သိမှာမဟုတ်ဘူး"

"ဟုတ်တယ် မမ. . . ကျွန်တော် အဲဒီကိစ္စတွေကိုမသိတာကတော့ အမှန်ပဲ"

"အဲဒါကြောင့်လည်း မမက အလာဘ်ကိုစိုးရိမ်နေတာပေါ့ . . . ဒီမယ် အလာဘ်. . . မိန်းမတစ်ယောက်ကို အပေါ်ယံကြည့်ပြီး အဟုတ်ကြီးထင်မနေနဲ့. . . သူတို့ရဲ့အညှာ၊ အပြုအစု၊ အထိအတွေ့တွေကိုသာယာပြီး ကိုယ့်ဘဝကို ရေတိမ်မှာမနစ်စေနဲ့. . . မမပြောတာ သဘောပေါက်လား"

"ဟုတ်. . . ဟုတ်"





"အိုကွယ် - မမရှင်းရှင်းပဲပြောမယ်. . . အလာဘ်လို ရိုးသားတဲ့ကောင်လေးတစ်ယောက်ဟာ အချစ်နဲ့ပြေးတမ်းလိုက်တမ်းကစားဖို့ ဘယ်လိုမှမသင့်တော်ဘူး. . . ဘဝရဲ့ တကယ့်လက်တွဲဖော်အစစ်ကိုသာ စိစစ်ရွေးချယ်ပြီး တစ်ယောက်ဆိုတစ်ယောက်၊ ပိတောက်ဆိုပိတောက် စွဲမြဲချစ်သွားသင့်တယ်ကွယ့်. . . နားလည်လား"

"ဗျော် - အဲဒါတော့စိတ်ချပါ မမရဲ့. . . ကျွန်တော်ကလည်း ချစ်မိပြီဆိုရင် ချစ်မိတဲ့တစ်ယောက်နဲ့ပဲ ရိုးမြေကျပေါင်းဖက်သွားချင်တာပါ"

"မမယုံပါတယ်. . . ဒါပေမဲ့ အလာဘ်လိုကောင်လေးတစ်ယောက်အတွက် ရိုးမြေကျပေါင်းဖက်သွားရမယ့်ချစ်သူဆိုတာလည်း ဘယ်လိုချစ်သူမျိုးလဲဆိုတာက အရေးကြီးသေးတယ်. . . ရှင်းရှင်းပြောရရင်ကွာ ဒေါသကြီးပြီးရန်လိုတတ်တဲ့မိန်းမျိုးတွေ. . . ဟိုလူဆီက ရောဂါကူးမလား ဒီလူဆီကရောဂါကူးမလားဆိုပြီး နေရင်းထိုင်ရင်း အကြောက်လွန် ဇီဇာကြောင်တတ်တဲ့မိန်းမမျိုးတွေ. . . အဲ - ပြီးတော့ ဘာကိုမှမှတ်မှတ်သားသားမရှိဘဲ မေ့လွယ်ပျောက်လွယ်ပြောရရင်တော့ စည်းကမ်းမရှိတာပေါ့ကွယ်. . . အဲဒီလို မိန်းမမျိုးတွေကိုရှောင်ပြီး စေ့စပ်ချေတာသုံးစွဲတတ်တဲ့မိန်းမမျိုးကိုသာ စဉ်းစားပါကွယ်. . . လူ့ဘဝဆိုတာက အဝေးကြီးလျှောက်ရဦးမှာ . . . အဲလိုမှမဟုတ်ရင် ဆင်းရဲဒုက္ခတွေနဲ့ အိမ်ထောင်ရေးဆိုတာလည်း ခဏလေးနဲ့ပြိုကွဲသွားမှာကွယ့်"

"ဗျော် - ဟုတ်. . ဟုတ်ကဲ့. . . ကျွန်တော်ဆင်ခြင်ပါ့မယ်"

ရွှေအဆင်း ပြောနေရင်းနှင့်မှ မြတ်မမလျှောက်လာသည်ကို တွေ့သဖြင့်

"ကဲ ကဲ - ဒါဆိုရင် မမသွားလိုက်ဦးမယ်နော်. . . မမပြောတာတွေ မမေ့နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍စကားဖြတ်ပြီး နေရာမှထွက်ခွာသွားလေသည်။

အောင်မြင်ကျော် တစ်ခုခုပြန်ပြောမည်ကြံစဉ်မှာပင် မြတ်မမ က အနားရောက်လာသည်။

"လာဘ်"

"ဩော် - မမ"

"မင်းကို ဟိုမိန်းမဘာပြောသွားတာလဲ"

"တခြားတော့မဟုတ်ပါဘူး. . . ကျွန်တော်အိမ်ထောင်ပြု မယ်ဆိုရင် သင့်တော်တဲ့အိမ်ထောင်ဖက်ကို ဘယ်လိုရွေးချယ်ရမယ် ဆိုတာ အကြံပေးသွားရုံသက်သက်ပါ"

"ဟင်း ဟင်း ဟင်း. . . တော်တော်ရယ်ရတာပဲ. . . နေပါဦး . . . သူပြောသွားတဲ့အထဲမှာ စေ့စပ်ချွေတာသုံးစွဲတတ်တဲ့မိန်းမမျိုးကို စဉ်းစားပါလို့ရော မပါဘူးလား"

"အင်း - ဟုတ်တယ် ဟုတ်တယ်. . . မမပြောတဲ့အတိုင်း ကွက်တိပဲ"

"အေး - အဲဒါဆိုရင်လည်း မမကသတိပေးရဦးမယ်. . . တကယ်တော့ ချွေတာတယ်ဆိုတာ နားကြားကောင်းအောင်ပြော စကားသက်သက်ပဲ. . . ကပ်စေးနည်းပြီး တစ်ပြားကိုနှစ်ပြားခွာ မိန်းမမျိုးတွေဆိုတာ ဘယ်လိုမှပေးဆပ်ခြင်း၊ စွန့်လွှတ်ခြင်းတွေ နားမလည်ဘဲ ကိုယ်ရဖို့တစ်ခုတည်းသိတဲ့ အတ္တသမားသက်သက် . . . အဲဒီလိုမိန်းမမျိုးသာ မင်းအိမ်ထောင်ဖက်ဖြစ်လို့ကတော့ ဆွေမျိုး အပေါင်းအသင်းတွေနဲ့ ဆက်ဆံရေးမှာသာမက မင်းတို့ချင်းဆက်ဆံ ရေးမှာပါ အဖုအထစ်တွေကြုံရပြီး နောက်ဆုံးမှာ ထိခိုက်ကြေကွဲမှု နဲ့ဇာတ်သိမ်းရမှာအမှန်ပဲကွ. . . မမပြောတာ သဘောပေါက်လား"

"ဟုတ်. . ဟုတ်ကဲ့. . . ပေါက်ပါတယ်"

"တကယ်တော့ကွာ. . . စိတ်တို ဒေါသထွက်လွယ်တဲ့လူ





တွေက အများအားဖြင့် သဘောဖြူအူစင်းတွေပါ. . . ဘာအညိုး အတေး အငြိုးအကောက်မှမရှိဘူး. . . ပြောပြီး ပြီးသွားတာပဲ. . . ဒါကြောင့် အိမ်ထောင်ရေးကိုတည်တံ့အောင်ထိန်းနိုင်တာက အဲဒီလို မိန်းမမျိုးတွေပဲကွ. . . စောစောက မမပြောတဲ့ ကပ်စေးနည်းပြီး ငါ့ဖို့ တစ်ခုတည်းသိတဲ့မိန်းမမျိုးတွေ. . . အသုံးအဖြုန်းကြီးတဲ့မိန်းမမျိုးတွေ . . . ပြီးတော့ စိတ်နဲ့ကိုယ်နဲ့မကပ်တဲ့မိန်းမမျိုးတွေကိုတော့ ဝေးဝေး ရှောင်ကွာ"

"ဟုတ်ကဲ့. . . ခုလိုသတိပေးတဲ့အတွက် ကျေးဇူးပါပဲ မမ . . . ကျွန်တော် ပန်းပင်ရေလောင်းဖို့ သွားလိုက်ပါဦးမယ်"

အောင်မြင်ကျော် မြတ်မမနှင့်စကားဖြတ်ပြီးနောက် ပန်းပင် ရေလောင်းရန် ထွက်ခွာလာခဲ့သည်။ သို့သော် ပန်းအိုးတွေဆီမရောက် ခင်မှာပင်

"လာဘ်လာဘ် - ဒီကိုခဏ"

ဆိုသောအသံကြားသဖြင့် လှည့်ကြည့်ရာ လက်ယပ်ခေါ် သော ရှမဝကိုတွေ့ရသည်။ ထို့ကြောင့် အောင်မြင်ကျော်ပြုံးပြုံး ရှမဝနားလျှောက်သွားလိုက်သည်။

"မင်းကို ပွမ်ပွမ်ဘာတွေပြောနေတာလဲ. . . ငါတို့အကြောင်း ပြောနေတာမဟုတ်လား"

"မဟုတ်ပါဘူး မမ. . . ကျွန်တော့်အကြောင်းပြောနေတာပါ"

"မင်းအကြောင်း ဟုတ်လား. . . ပြောစမ်းပါဦး. . . ဘာ အကြောင်းလဲ"

"ဩော် - ကျွန်တော့်ကို ချစ်သူရှာမယ်ဆိုရင် အပြောဆိုးပေ မယ့် စိတ်ရင်းကောင်းတဲ့ သဘောဖြူအူစင်းမိန်းမမျိုးကိုသာရှာပါတဲ့"

"ဟုတ်လား. . . ဒါဆိုရင် ကပ်စေးနည်းတဲ့သူတွေ၊ မေ့တတ် တဲ့သူတွေ၊ အသန့်လွန်ရောဂါရပြီး ဇီဇာကြောင်တဲ့သူတွေကိုရှောင်လို့



www.burmeseclassic.com

www.burmeseclassic.com



ရော မပြောဘူးလား"

"ဟာ - ဟုတ်တယ် မမ. . . ပြောတယ် ပြောတယ်. . . မမပြောတဲ့အတိုင်းပဲ"

"သိနေတယ်လေ. . . ဒီလောက်တော့ မြွေမြွေချင်း ခြေမြင်တာပေါ့"

"ဟင် - မမ. . . ဘယ်မြွေက ဘယ်မြွေရဲ့ခြေကိုမြင်တာလဲ ဟင်"

"ဒီမြွေက ဟိုမြွေရဲ့ခြေကိုမြင်တာလေ. . . အဲလေ - မဟုတ်ပါဘူး. . . ယောင်လို့. . . ဒီမယ် - ဒါဆိုရင် မမကလည်း မင်းကို စေတနာနဲ့သတိပေးလိုက်မယ်. . . ခုနကသူပြောသွားတဲ့ ဇီဇာကြောင်တဲ့သူတွေ၊ ကပ်စေးနည်းတဲ့သူတွေအပြင် ပိုပြီးရှောင်ရမှာက အဲဒီ အပြောအဆိုကြမ်းတဲ့မိန်းမမျိုးပဲကွ. . . စာဆိုတောင် ရှိတယ်မဟုတ်လား. . . ကြမ်းကျွံရင် နှုတ်ရလွယ်တယ်. . . စကားကျွံရင် နှုတ်မရဘူးဆိုတာ. . . ပြီးတော့ အမိယုတ်တော့ နှုတ်ကြမ်း. . . အဖယုတ်တော့ လက်ကြမ်းဆိုတာတွေလည်း ကြားဖူးမှာပေါ့. . . အပြောကြမ်းတဲ့စကားတစ်ခွန်းကြောင့် ဆွေမျိုးမိဘအပေါင်းအသင်းတွေရဲ့ အထင်အမြင်လွဲပြီး အကျည်းခံရနိုင်သလို လင်မယားချင်းလည်း အိမ်ထောင်ရေးပြိုကွဲသွားနိုင်တယ်. . . ဒါဆိုရင်တော့ သွားပြီ. . . လူမှုရေး၊ စီးပွားရေးတွေအပြင် နှလုံးသားတွေပါ တစစီဖြစ်ကုန်တော့မှာ"

"အင်း - ဟုတ်တယ်နော် မမ. . . ဒါလည်းစဉ်းစားစရာပဲ"

"သေချာတာပေါ့ကွာ. . . အိုကွယ် - မဖြစ်ပါဘူး. . . မမ မင်းအတွက်စိုးရိမ်ပါတယ်. . . မင်းကအဖြူထည်လေး. . . ဒါကြောင့် မင်းရဲ့အိမ်ထောင်ဖက်ကလည်း ဘာကိုမှအမှတ်အသားမထားဘဲ မေ့လွယ်ပျောက်လွယ်ရှိတတ်တဲ့ အရိုးခံမိန်းမမျိုးသာဖြစ်သင့်ပါတယ်"

"အင်း - ဒါလည်းစဉ်းစားစရာပဲနော် မမ"





"စဉ်းစားရမှာပေါ့ကွ. . . အဲ အဲ - မင်းစဉ်းစားထားလိုက်ဦး . . . ဟိုမှာ မင်းသတိထားရမယ့်မိန်းမတစ်ယောက် လာနေပြီ. . . တို့သွားတော့မယ်"

"ဩော် - ဟုတ်ကဲ့ ဟုတ်ကဲ့"

ရှုမဝ ပျိုပျိုခင်လျှောက်လာတာကိုမြင်သည်နှင့် မျက်နှာချင်းမဆိုင်လိုဟန်ဖြင့် ခပ်တင်းတင်းတစ်ချက်ကြည့်ပြီး ထွက်ခွာသွားလေသည်။

ပျိုပျိုခင်လည်း ရှုမဝကိုခပ်တင်းတင်းကြည့်နေရင်းမှ အောင်မြင့်ကျော်အနားရောက်လာတာတွေ့သည်နှင့် မျက်နှာကချက်ချင်းချိုသွားသည်။

"မမ - ဒီနေ့ ကုမ္ပဏီမသွားဘူးလား. . . ကျွန်တော် ကားကို ဘာတွေလိုအပ်သေးလဲဆိုပြီး ဆီ၊ ရေ၊ လေ၊ ဝိုင် စစ်ထားပေးတယ် . . . အားလုံးအိုကေပဲ"

"အေးပါ. . . လိုရင်လည်း သုံးရတာပေါ့. . . ဒါပေမဲ့ ဒီနေ့တော့ ကုမ္ပဏီသွားဖို့မရှိပါဘူး"

"ဟင် - ဘယ်လိုဖြစ်တာလဲ. . . ဒီနေ့ စနေ၊ တနင်္ဂနွေလည်း မဟုတ်ဘဲနဲ့ မမတို့လေးယောက်စလုံး အိမ်မှာပဲကုပ်နေကြပါလား. . . ကြည့်ရတာ တစ်ခုခုလုပ်စားကြမလို့ထင်တယ်"

"ဒါကတော့ အခြေအနေအရပါ. . . ဒါနဲ့ စောစောကမေ့မဝက မင်းနားကပ်ပြီး တိုးတိုးတိုးတိုးနဲ့ဘာတွေလာပြောနေတာလဲ. . . တို့အတင်းကို လာချနေတာလား"

"မဟုတ်ပါဘူး မမရဲ့. . . ကျွန်တော့်အတွက် စိတ်ပူလို့လာပြောနေတာပါ"

"သူက ဘာကိုစိတ်ပူတာလဲ. . . ဒါဆိုရင် တို့ထင်တဲ့အတိုင်း မင်းနဲ့သူနဲ့က ည. . ည. . . "



www.burmeseclassic.com

www.burmeseclassic.com



"ဪ - အေးဆေးပါ မမကလဲ. . . တလွဲမထင်ပါနဲ့. . . တခြားမဟုတ်ပါဘူး. . . ကျွန်တော့်ရဲ့အိမ်ထောင်ဖက်ကို ဘယ်လိုမိန်းမမျိုးဖြစ်သင့်တယ်ဆိုတာ စဉ်းစားခိုင်းနေတာပါ"

"အေး - ဒါဆိုရင်တော့ လာဘ်လေးကို မမကလည်းသတိပေးလိုက်ဦးမယ်. . . လက်ထပ်ဖို့အထိရည်ရွယ်ပြီး ချစ်မယ့်ချစ်သူကိုရွေးချယ်ရင် စိတ်နဲ့ကိုယ်နဲ့မကပ်ဘဲ အမြဲသတိလက်လွတ်ဖြစ်နေတဲ့မိန်းမမျိုးကို ဝေးဝေးရှောင်. . . ဥပမာပြောရရင် ရှုမဝလိုမျိုးပေါ့. . . ပြီးတော့ သူက ကျောင်းတုန်းကရည်းစားတွေလည်း အများကြီးထားခဲ့ဖူးတော့ နည်းနည်းလည်းရဲတင်းတယ်. . . မြတ်မမလိုမိန်းမမျိုးကျတော့လည်း သူ့စိတ်ချည်းပဲဆိုတော့ အမြဲတကျက်ကျက်ဖြစ်ပြီး အိမ်ထောင်ရေးမသာယာနိုင်ဘူး. . . နောက်ပြီး ရွှေအဆင်းလေ. . . သိတယ်မဟုတ်လား. . . ချစ်တီးလို့တောင် နာမည်တွင်တယ်လေ. . . အေး - အဲလို ကိုယ်အမြတ်ရဖို့ပဲ အမြဲတွက်တတ်တဲ့မိန်းမမျိုးတွေကျတော့လည်း စီးပိုးလွန်းအားကြီးတယ်. . . ပေးရကမ်းရမှာ နှမျောတွန့်တိုလို့ စိတ်မချမ်းမသာဖြစ်လိမ့်မယ်. . . ဒါမျိုးမိန်းမတွေလည်း ရှောင်ရမှာပဲ. . . အဟင်း - ပြောရရင် မမတို့လို အနေအထိုင်သန့်ရှင်းပြီး ကျန်းမာရေးသတိနဲ့ ဆင်ခြင်စားသောက်တတ်တဲ့မိန်းမမျိုးကတော့ အကောင်းဆုံးပဲ. . . ကျန်းမာခြင်းသည် လာဘ်တစ်ပါးလို့ ဆိုထားတယ်မဟုတ်လား"

"ဟုတ်"

"ကလောင် ကလင်"

"ဟင် - ဘယ်သူလဲမသိ ခေါင်းလောင်းကြိုးဆွဲနေတာ. . . ဟာ - ဒေါ်ညိုပြန်လာတာပဲ. . . ကျွန်တော် တံခါးသွားဖွင့်ပေးလိုက်ဦးမယ်နော် မမ"

အောင်မြင်ကျော် ပျိုပျိုခင်အနားမှလစ်ထွက်ဖို့ အခွင့်အရေး





ရသွားသည်။

ပျိုပျိုခင်လည်း စကားဆက်ချင်သေးပါလျက် မဆက်ရသည့်အတွက် မချင့်မရဲဖြစ်ဟန်ဖြင့်ကြည့်ပြီး အိမ်ထဲဝင်သွားလေသည်။

အောင်မြင်ကျော်ကတော့ တံခါးဖွင့်ပေးပြီး ဒေါ်ညို့လက်ထဲမှ ခြင်းတောင်းနှင့် အိတ်တစ်အိတ်ကိုကူသယ်ပေးရင်း

"ကျွန်တော်က ဒေါ်ညိုကို သန်ဘက်ခါလောက်မှပြန်ရောက်မယ်ထင်နေတာ. . . ပြန်လာတာစောသားပဲ"

"အေး - ဒေါ်ညိုပြောသွားတုန်းကတော့ အဲလိုပြောပြီးသွားတာပဲ. . . ဒါပေမဲ့ ရွာမှာအလုပ်ကိစ္စစောစောပြတ်. . . ဟင် - အိမ်ထဲမှာ ဘာသံတွေလဲ"

ဒေါ်ညို စကားဆုံးအောင်မပြောနိုင်ဘဲ အိမ်ထဲသို့ စိုးရိမ်တကြီးဝင်ပြေးလေရာ အောင်မြင်ကျော်လည်း စိတ်ပူပြီးပြေးကြည့်ရသည်။

သို့သော် မြင်လိုက်ရသောမြင်ကွင်းက အံ့သြစရာကောင်းနေသည်။

ပျိုပျိုခင်၊ မြတ်မမ၊ ရှုမဝနှင့် ရွှေအဆင်းတို့လေးယောက်တစ်ယောက်ကိုတစ်ယောက် လက်ညှိုးငေါက်ငေါက်ထိုးပြီး ရန်ဖြစ်နေကြလေသည်။

"အေး - ဟုတ်တယ်. . . ငါ့ဘာသာ ကျောင်းတုန်းကရည်းစားများတာ ဘာဖြစ်လဲ. . . ငါတို့က ရည်းစားထားရင်လည်းပေါ်တင်ပဲထားတာ. . . သူများလိုကုတ်ကမြင်းမလုပ်ဘူး နားလည်သား"

"ဟဲ့ - ဒါ နင် ဘယ်သူ့ကိုပြောတာလဲ. . . ငါ့ကို နင်တို့လိုဆတ်စလူးတွေများထင်နေလား"

"မိန်းမ - နင့်ပါးစပ်ကိုပိတ်စမ်း. . . နင် ငါ့အတင်းပြောနေ



www.burmeseclassic.com

www.burmeseclassic.com



တာ ဟောဒီငါ့နားနဲ့ဆတ်ဆတ်ကြားတယ် သိလား"

"သေလိုက်ပါလား. . . နင်ကမှ ငါလစ်ပြီအထင်နဲ့ ကွယ်ရာမှာ ငါ့အတင်းပြောပြီး မန္တးမနပ်လေးကို အချောင်ရမလားလို့သွားနှိုက်နေတာ. . . ပေါက်လွန်းလို့ ဟိုဘက်တောင်ရောက်သေးတယ်"

"အေး - ငါကလည်း ငါ့ကွယ်ရာ ငါ့မကောင်းကြောင်းပြောနေကတည်းက ပါးဆွဲရိုက်ပစ်ချင်နေတာ အသည်းကိုယားနေတာပဲ"

"အောင်မာ - လုပ်ကြည့်လေ. . . ရမလားလို့. . . တစ်ခါတည်း တစ်စစီဖြစ်အောင် ဆွဲဖုံ့ပလိုက်မယ်"

"အေး - လုပ်တယ်ဟေ့. . . လုပ်တယ်. . . ဘာဖြစ်လဲ. . . ကဲဟယ်"

"ဖြန်း"

"ဝုန်း"

"ဟာ - ချ. . ချကုန်ပြီ. . . ချကုန်ပြီ. . . ဒေါ်ညိုရေ ချကုန်ပြီ"

"အေး - ဟုတ်တယ်ဟဲ့. . . ဒုက္ခပါပဲ. . . ဝင်ဆွဲစမ်းပါဦးကွယ့် လာဘ်ကောင်လေးရဲ့"

"မမတို့ မလုပ်ကြပါနဲ့ဗျာ. . . အချင်းချင်းတွေ ဘာလို့ရန်ဖြစ်ကြရတာလဲ"

"ကလေးတို့ရေ - စိတ်တွေလျှော့ကြစမ်းပါကွယ်. . . တစ်သက်လုံး ချစ်ချစ်ခင်ခင်နေလာပြီးမှ ဘာကြောင့်စိတ်ဝမ်းကွဲပြီး ရန်သူတွေလိုဖြစ်ကုန်ကြရတာလဲ"

အောင်မြင်ကျော်နှင့်ဒေါ်ညိုတို့လည်း မိန်းမလေးယောက်ရန်ပွဲ မြန်မြန်အဆုံးသတ်နိုင်ရန် ဝင်ရောက်ဆွဲလွဲဖျောင်းဖျရသည်။

သို့သော် လွယ်လွယ်နှင့်တော့ မရပါ။ လေးယောက်စလုံးမာန်ကကြီးလှသည်။





အောင်မြင်ကျော်လည်း တွေ့တဲ့လူဆွဲရင်းလွဲရင်း အရှိန်လွန်ပြီး နောက်ပြန်လဲကျရာ တိုင်နှင့်ခေါင်းနှင့်ဆောင့်မိသွားရသည်။

"ဒုန်း"

"အောင်မလေး - သေပါပြီဗျ"

အောင်မြင်ကျော်လဲကျပြီး သတိလစ်သွားတာမြင်မှ မချောလေးယောက်လည်း ရန်ပွဲရပ်ပြီး စိုးရိမ်တကြီးပြေးလာကြသည်။

"အလာဘ်"

"လာဘ်လာဘ်"

"လာဘ်ရေ. . . လာဘ်"

"လာဘ်လေး"

လေးယောက်သား စိုးရိမ်ပူပန်စွာဖြင့်လှုပ်နှိုးပြီး ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်နေကြစဉ်မှာပင် အောင်မြင်ကျော်သတိပြန်ရလာသည်။

"အား ကျွတ် ကျွတ်"

"ဟင် - လာဘ် သတိရလာပြီ"

"လာဘ်လေး ဘာဖြစ်သွားလဲဟင်"

"အလာဘ် အရမ်းနာနေလားဟင်"

"လာဘ်လာဘ်ရယ် ကြည့်ပါဦး. . . စိုးရိမ်လိုက်ရတာ"

အောင်မြင်ကျော် ခေါင်းကိုပွတ်သပ်ရင်း သူ့အားဂရုတစိုက်ပြုနေကြသော သူမတို့လေးယောက်ကို တစ်ယောက်ချင်းကြည့်သည်။ ထို့နောက်

"ခင်ဗျားတို့က ဘယ်သူတွေလဲဟင်"

"အို - ဘယ်လိုပြောလိုက်တာလဲ အလာဘ်ရယ်. . . မမလေ. . . မမရွှေအဆင်းလေ"

"ဟင့်အင်း - ခင်ဗျားကို ကျွန်တော်မသိဘူး. . . နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို အလတ်ကောင်လို့ခေါ်ရအောင် ကျွန်တော့်မှာ ကျွန်တော့်ထက်ကြီးတဲ့၊ ငယ်တဲ့ မောင်နှမသားချင်းလည်းမရှိဘူး . . . တစ်ဦးတည်းသောသားဗျ"

"မဟုတ်ဘူးလေ လာဘ်လာဘ်. . . လာဘ်လာဘ်ရဲ့နာမည်ကို လာဘ်ကောင်လို့ မမရှုမဝတို့က နာမည်ပေးထားတယ်လေ"

"ဟာ - ဒုက္ခပါပဲ. . . ဘာတွေလာပြောနေတာလဲ. . . ကျွန်တော့်နာမည် လာဘ်ကောင်မဟုတ်ဘူး. . . အောင်မြင်ကျော်လို့ခေါ်တယ်. . . ခင်ဗျားနာမည်က ရှုမဝဟုတ်လား"

"ဟုတ်. . ဟုတ်တယ်လေ"

"ဟင့်အင်း - ကျွန်တော်မသိဘူး. . . နောက်ပြီး ခင်ဗျားတို့နှစ်ယောက်ကိုလည်း ကျွန်တော်မသိဘူး. . . ကျွန်တော်သိတာ ကျွန်တော်ကားတိုက်ခံရပြီး သတိလစ်သွားတယ်. . . ဒါနဲ့ ကျွန်တော်က ဒီကို ဘယ်လိုရောက်လာတာလဲ"

"ဟင် - ဒါ. . ဒါဆို လာဘ်လေးက အတိတ်ကိုပြန်သတိရသွားပြီပေါ့"

"လာဘ်ရယ်. . . သေချာပြန်စဉ်းစားကြည့်ပါဦး. . . ဒီမှာ သေချာကြည့်ပါဦး. . . မမလေ. . . မြတ်မမလေ"

"ဟား - ဒုက္ခပါပဲ. . . မသိပါဘူးဆို. . . ဖွတ်ပဲ. . . တော်ပြီဗျာ. . . ခင်ဗျားတို့နဲ့ ထိုင်ပြီးဦးနှောက်စားနေဖို့ အချိန်မရှိဘူး. . . ကျွန်တော့်အဖေစိတ်ပူနေတော့မယ် သွားပြီ"

ပြောပြောဆိုဆို အောင်မြင်ကျော် နေရာမှထပြီးထွက်ခွာသွားလေသည်။

ဒေါ်ညိုကလည်း သူ့ကိုများမှတ်မိလေမလားဆိုပြီး ပြုံးပြကာ စကားစ-ဖို့ကြိုးစားသော်လည်း အောင်မြင်ကျော်က မသိသလိုဆက်ထွက်သွားလေသည်။

ဩ ရ သ စာ ပေ



ထိုအခါမှ ပျိုပျိုခင်တို့လေးယောက်သား နေရာမှအလျင်အမြန်ထပြီး ထွက်ခွာသွားသောအောင်မြင်ကျော်ကို တံခါးဝမှာရပ်ပြီး စုပြုံကြည့်ကြသည်။

သို့သော် အောင်မြင်ကျော်က ယောင်လို့ပင်လှည့်မကြည့်ဘဲ ခြံတံခါးဖွင့်ကာ ထွက်ခွာသွားသည်ကိုတွေ့ရသည့်အခါမှာတော့ ဆို့နစ်ကြေကွဲစွာခံစားလိုက်ကြရသည်။

"သူ. . သွား. . . သွားပြီ"

"ဟုတ်တယ် - တကယ်ထွက်သွားပြီ"

"တို့ကိုမသိတော့ဘူးတဲ့. . . ဟီး"

"ရက်စက်လိုက်တာ"

"အဲ့ဟင့် ဟင့် ဟင့် ဟင့်"

"အဟီး ဟီး ဟီး"

လေးယောက်သား စွန့်ပစ်ခံရခြင်း၏အထီးကျန်ဝေဒနာကို မြိုသိပ်နိုင်စွမ်းမရှိဘဲ ဟီးချကာငိုမိကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

“လာဘ်လေးအတိတ်ကို သတိရသွားတာ မြန်ဆန်လွန်းအားကြီးတယ်. . . စဉ်းစားကြည့်ရင် သူ ဒီမှာရှိခဲ့တာ အိပ်မက်တစ်ခုလိုပဲ”

“အေးဟာ - လာဘ်တစ်ယောက်မရှိတာနဲ့ပဲ အိမ်ကြီးကတိတ်ဆိတ်ခြောက်ကပ်ပြီး တစ်ခုခုလိုနေသလိုမျိုး ဟာတာတာကြီးခံစားရတယ်”

ပျိုပျိုခင်၏ အောင်မြင်ကျော်လွှမ်းချင်းအား မြတ်မမက အားဖြည့်ပြီး ကူလွှမ်းပေးလေသည်။ ရွှေအဆင်းကလည်း တစ်ဖက်လှည့်ပြီးရပ်နေရာမှ လှည့်မကြည့်ဘဲဝင်ပြောပြန်သည်။

“ဘာပဲပြောပြော အလာဘ်တစ်ယောက် အတိတ်ကိုသတိရပြီး လူကောင်းပကတိပြန်ဖြစ်သွားတဲ့အတွက် ငါတို့ဝမ်းသာသင့်ပါတယ်. . . ဒါပေမဲ့ သူအတိတ်မေ့နေခဲ့တဲ့ကာလမှာ သူနဲ့အတူရှိနေခဲ့တဲ့ တို့လေးယောက်ကို လုံးဝမမှတ်မိတော့ဘူးဖြစ်သွားတာကတော့ ဝမ်းနည်းစရာပဲ”

“အေးဟာ - ဟုတ်တယ်. . . အဲလိုမှန်းသိရင် ငါတို့လည်း ရန်မဖြစ်ကြပါဘူး. . . ဒါဆို သူလည်းအတိတ်ကိုပြန်သတိရစရာ ရှိလာမှာမဟုတ်ဘူး. . . ခုတော့ ရတာနဲ့ ပြန်ပေးရတာ မကာမိဘူး”

“ငါလည်း အဲဒါပြောတာပါ. . . တကယ်ဆို အတိတ်ကိုသတိ





ရပြီဆိုတာနဲ့ သူ့ရဲ့အရင်ဘဝဟောင်းကိုရော အတိတ်မေ့နေတဲ့ကာလကအဖြစ်အပျက်နဲ့ လူတွေကိုရော တစ်ဆက်စပ်တည်းတွဲပြီး သတိရသင့်တာပေါ့. . . ခုလိုခွဲခြားခွဲခြားလုပ်ပြီး ပြန်သတိလည်တာမျိုးကတော့ စိတ်ထိခိုက်စရာအရမ်းကောင်းတယ်”

ရွှေအဆင်း၏ဝမ်းနည်းတသမှုနှင့် တစ်သဘောတည်းရှိကြောင်း ပျိုပျိုခင်နှင့်မြတ်မမတို့က အချိန်မဆိုင်းဘဲဝင်ပြောကြပြန်သည်။ ထိုအခါမှ ယခုအချိန်ထိ ဘာစကားတစ်ခွန်းမျှဝင်မပြောသေးသော ရှုမဝက သက်ပြင်းရှည်တစ်ချက်ရှိုက်ရင်း

“ဟင်း - ကဲပါလေ. . . ကံတရားက ဒီလိုဖန်တီးလာမှတော့ ဘယ်တတ်နိုင်ပါ့မလဲ. . . တို့တွေနဲ့ လာဘ်လာဘ်ဆိုတဲ့ကောင်လေးနဲ့က ရေစက်ရှိလို့ဆုံရပြီး ရေစက်ကုန်တော့လည်း ခွဲခွာကြရတာပဲပေါ့. . . သူတောင်မှ တို့ကိုမမှတ်မိ မသိရှိတော့ဘဲ သူ့ဘဝအမှန်ကို သူပြန်သွားပြီပဲ. . . တို့လည်း သူ့ကို ဘယ်တုန်းကမှမတွေ့ဖူး၊ မမြင်ဖူး၊ မသိခဲ့ဖူးတဲ့ သူစိမ်းတစ်ယောက်လိုမေ့ထားလိုက်ပြီး တို့ဘဝအမှန်မှာတို့ပြန်နေကြတာက အားလုံးအတွက်အကောင်းဆုံးပါပဲ”

ဟူ၍ ဖြစ်သင့်ဖြစ်ထိုက်သောစိတ်ဖြေစကားကိုဆိုပြီးနောက် မည်သူ့ကိုမျှမကြည့်ဘဲ နေရာမှထွက်ခွာသွားလေသည်။

“အေး - ဟုတ်တယ်. . . ဒါအကောင်းဆုံးပါပဲ”

“မှန်ပါတယ်. . . အပူဆိုတာ ယူသင့်မွေးသင့်တာမှမဟုတ် . . . ဟင် - ဟိုမှာကြည့်ပါဦး. . . လာဘ်ကောင်ကို မသိဖူး၊ မမြင်ဖူး၊ မသိခဲ့ဖူးတဲ့သူစိမ်းတစ်ယောက်လို မေ့ပစ်တော့မယ်လို့ပြောတဲ့သူက ဘယ်လိုဖြစ်ပြီး လာဘ်ကောင်ရဲ့အခန်းရှေ့မှာ ရပ်နေရတာလဲ”

“ဩော် - သံယောဇဉ်ဆိုတာလည်း အခက်သားလား. . . အိမ်မှာမွေးထားတဲ့ ခွေးလေးကြောင်လေးတွေတောင် အတူနေလာတာကြာရင် သံယောဇဉ်ဖြစ်သေးမှတော့ လူလူချင်းဆိုတော့ ပိုဆိုးတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဟယ်. . . ကပါ - တို့တွေ သူ့ကိုသွားနှစ်သိမ့်လိုက်ကြရအောင်"

ရင်မှအပူကိုဖုံးကွယ်ကာ အပြောတခြား၊ အလုပ်တခြားဖြစ်နေသော ရှုမဝကို နှစ်သိမ့်ဖျောင်းဖျရန် သူငယ်ချင်းသုံးယောက် နေရာမှ ထသွားကြရသည်။ အနားရောက်သည့်မြတ်မမက ရှုမဝ၏ပခုံးလေးကို ကြင်နာစွာဖက်ပြီး

"ထားလိုက်ပါတော့ သူငယ်ချင်းရာ. . . ဒီကို ဘယ်တော့မှ ပြန်လာမှာမဟုတ်တော့တဲ့လူတစ်ယောက်ရဲ့ အငွေ့အသက်တွေရှိနေတဲ့အခန်းလေးထဲကိုဝင်ကြည့်ပြီး ဘာလို့ခံစားနေဦးမှာလဲ. . . မေ့လိုက်ပါတော့နော်"

ဟူ၍ ဖျောင်းဖျရလေသည်။ မြတ်မမလည်း ဖျောင်းဖျစကားဆိုနေရသော်လည်း ကိုယ်တိုင်က အောင်မြင်ကျော်အိပ်စက်ခဲ့သည့် အခန်းလေးကို လွမ်းငွေ့ဝေဝေမျက်လုံးများဖြင့် ကြည့်နေမိသည်။

ရွှေအဆင်းနှင့် ပျိုပျိုခင်သည်လည်း ဘာမျှမထူး။ ထိုနည်းလည်းကောင်းပင်ဖြစ်သည်။

"ရော့ - ငါ ဒီအခန်းကိုလာတာ နင်တို့ကတစ်မျိုးထင်နေတာကိုး. . . ဒီမယ် လူတစ်ယောက်ကို ကိုယ့်ဘဝထဲကအပြီးတိုင်မောင်းထုတ်တော့မယ်လို့ဆုံးဖြတ်ရင် အဲဒီလူရဲ့အရိပ်တွေ၊ အငွေ့အသက်တွေကိုလည်း ဘာမှမကျန်အောင် ရှင်းပစ်နိုင်မှရမယ်. . . ဒါကြောင့် ငါ အခုလာတာ အလွမ်းပြေလာကြည့်တာမဟုတ်ဘူး. . . ဒီအခန်းထဲက သူသုံးခဲ့တဲ့အသုံးအဆောင်မှန်သမျှ ရှင်းလင်းပယ်ရှားပစ်ဖို့ပဲ သိလား"

သုံးယောက်သား အောင်မြင်ကျော်၏ပုံရိပ်တွေကို မြင်ယောင်တမ်းတနေဆဲမှာ ထင်မှတ်မထားသော ရှုမဝ၏ပြတ်သားသောစကားများကြောင့် ပျာပျာသလဲဖြစ်သွားကြရသည်။

တကယ်တမ်းကျတော့ အသည်းတွေကပြောသလောက်





မမာနိုင်ကြ။ သို့သော် ရှုမဝပြောသလိုလုပ်တာပဲအကောင်းဆုံးဟူ၍လည်း နားလည်သဘောပေါက်ထားကြသည်မို့လည်း

"အေးလေ - ဟုတ်ပါတယ်. . . ဒီလိုလုပ်ပစ်တာက အရှင်းဆုံးပါပဲ"

ဟု ခေါင်းညိတ်ထောက်ခံလိုက်ကြပြီး ရှုမဝနှင့်အတူ အောင်မြင်ကျော်နေခဲ့ဖူးသည့်အိပ်ခန်းထဲဝင်ရန် တံခါးကိုတွန်းဖွင့်လိုက်ကြသည်။

တံခါးပွင့်သွားသည်နှင့် သူမတို့လေးယောက်၏အကြည့်များက တစ်နေရာဆီသို့ စုပြုံရောက်ရှိသွားပြီး ပါးစပ်မှအာမေဍိတ်သံများ ရေပလုံစီသလို ခုန်ထွက်လာကြသည်။

"ဟင်"

"အို"

"အလို"

"ဟယ် - ဒါ. . ဒါ. ."

ဟုတ်ပါသည်။ သူတို့တွေ့လိုက်ရသည်က ရှုမဝ၏အဝတ်အစားဒီဇိုင်းများကို ဝတ်ဆင်ပေးပြီး ကပ်စတမ်မာများမြင်သာရန်ပြသရာတွင်အသုံးပြုသည့် ပလာစတာဘိုမရုပ်လေးတစ်ရုပ်ဖြစ်နေလေသည်။

ရှုမဝ သူ့ပလာစတာဘိုမရုပ်လေးကို အပြေးအလွှားသွားကိုင်ကြည့်ပြီး

"နေ. . နေပါဦး. . . ဒီမော်ဒယ်ရုပ်က ဘာလို့ဒီအခန်းထဲရောက်နေရတာလဲ. . . အဲ - ဟုတ်သားပဲ. . . မေ့နေလို့ မေ့နေလို့. . . ကြည့်ပါဦး. . . ဒီအရုပ်လေးက ငါနဲ့ ဟိုတစ်နေ့ကခိုက်မိပြီး လဲသွားလို့ ကျိုးသွားပဲ့သွားတာတွေဖြစ်ကုန်တာပဲ. . . ဒါကို လာဘ်လာဘ်က သူလုပ်တတ်တယ်. . . ပြင်ပေးမယ်ဆိုပြီး သူ့အခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲယူထားတာပဲ"

ဟုဆိုရင်း တစ်လက်စတည်းမှာပင် တစ်စုံတစ်ခုစဉ်းစားမိဟန်ဖြင့်

"ဟင် - ဒါ. . ဒါဆိုရင် ညက လာဘ်လာဘ်ရဲ့အခန်းထဲမှာတွေ့လိုက်တဲ့မိန်းမဆိုတာက. . . ဟား - သေပါတော့ဟယ်. . . လက်စသတ်တော့ ငါ့ဒီအရုပ်မဖြစ်နေတာကိုး. . . ငါက တခြားတစ်ယောက်ထင်လို့"

ဟု၍ ကိုယ့်နဖူးကိုယ်ရိုက်မိလေသည်။ ရှုမဝကဲ့သို့ ကျန်သုံးယောက်သည်လည်း ပလာစတာဘိုမရုပ်လေးအား လက်ညှိုးတထိုးထိုးပြုရင်း

"ဟုတ်. . ဟုတ်တယ်. . . ဒါကိုမစဉ်းစားမိဘူး. . . ငါက ငါတို့ထဲကတစ်ယောက်ယောက်များလားဆိုပြီး"

"အေး - ငါရောပဲ. . . ငါလည်းမြင်လိုက်တယ်. . . ငါက နင်တို့သုံးယောက်ထဲကတစ်ယောက်ယောက်ပဲဆိုပြီး"

"ဟင် - ဒါဆို ညက ဒီအခန်းထဲကကိစ္စကို ငါတစ်ယောက်တည်းတွေ့တာမဟုတ်ဘဲနဲ့ နင်တို့သုံးယောက်လည်းတွေ့လိုက်ကြတာပေါ့. . . ဒါကြောင့် ဒီမနက်မိုးလင်းတော့ တစ်ယောက်နဲ့အထင်လွဲပြီးတို့အချင်းချင်း မဖြစ်သင့်တာတွေဖြစ်ကုန်တာပေါ့"

လေးယောက်စလုံး သူတို့အဖြစ်ကိုသူတို့ရှက်ပြီး ရှက်ရယ်ရယ်မိကြလေသည်။ မြတ်မမက ရယ်လက်စကို ရုတ်တရက်သတ်လိုက်ပြီးနောက်

"အေးဟာ - တို့လေးယောက်ပေါင်းမိတဲ့အချိန်ကစပြီး တစ်ယောက်ကိုတစ်ယောက် အရမ်းချစ်လို့လည်း ကျောင်းပြီးသွားတာတောင် ခွဲပြီးမနေနိုင်ကြလို့ တစ်အိမ်တည်းစုပြီးနေလာခဲ့ကြတာ ဘယ်လောက်ကြာပြီလဲ. . . ဘာပြဿနာမှမတက်ခဲ့ဖူးဘူး. . . အခု တို့





အချင်းချင်းကြားမှာ ဒီလိုကိစ္စမျိုးအတွက်နဲ့ နပမ်းထသတ်ကြရတယ်ဆိုတာကတော့ တကယ့်ကိုကျော်မကောင်းကြားမကောင်းပါပဲ. . . ရှက်ဖို့ကောင်းပါတယ်"

ဟု အခြေအနေကိုသုံးသပ်ပြောဆိုသည်။ ပြီး သူငယ်ချင်းများကို မလုံမလဲတစ်ချက်ကြည့်ရင်း စကားကိုဆက်သည်။

"နင်တို့လည်းသိပါတယ်. . . ငါက ပင်ကိုယ်အားဖြင့် ဒေါသကြီးတယ်ဆိုပေမယ့် ဒီလောက်ကြီး သဲကြီးမဲကြီးတော့ ရန်မလိုတတ်ခဲ့ဖူးပါဘူး. . . ဒီအတွက် ငါ့ဘက်ကမှားတာရှိရင်လည်း ငါတောင်းပန်ပါတယ်. . . ပြောရရင်ဟာ. . . အဟင်း - ငါ ခုလိုသည်းမခံနိုင်ဘဲ သတိလက်လွတ်ဖြစ်သွားတယ်ဆိုတာလည်း သူ့ကိုချစ်မိတဲ့အချစ်ကြောင့်ပါ"

"ဘာရယ်. . . သူ့ကိုချစ်မိတဲ့အချစ်ကြောင့် ဟုတ်လား"

"နင်ပြောတဲ့ သူ. . သူဆိုတာ ဘယ်သူ့ကိုပြောတာလဲ"

"အဟင်း - နင်တို့ကလဲ. . . သိရဲ့သားနဲ့. . . ဘယ်သူဖြစ်ရမှာလဲ. . . လာဘ်ကိုပြောတာပေါ့ဟဲ့"

"ဘယ်လို - အလာဘ်ကိုပြောတာ ဟုတ်လား"

"နင်ပြောတဲ့ သိပ်ကိုကြင်နာယုယတတ်ပြီး နွေးထွေးလှိုက်မောဖွယ် ခံစားမှုကိုပေးတဲ့ချစ်သူဆိုတာ လာဘ်လေးကိုပြောတာပေါ့"

"ဒါဆိုရင်တော့ ဘာမှတောင်းပန်မနေနဲ့တော့. . . နင်နဲ့ငါနဲ့အတူတူပဲ. . . ငါပြောတဲ့ စိုးရိမ်ဖေးမတတ်ပြီး စိုစွတ်ပူနွေးတဲ့ခံစားမှုကိုပေးစွမ်းနိုင်တဲ့ ချစ်သူဆိုတာကလည်း လာဘ်လာဘ်ကိုပြောတာပဲလေ"

မြတ်မမကဲ့သို့ပင် ရွှေအဆင်းကလည်း သူ့ချစ်သူသည် အောင်မြင်ကျော်ပင်ဖြစ်ကြောင်း ဖွင့်ထုတ်ကြေညာလေသည့်အခါမှာတော့ ရှုမဝနှင့်ပျိုပျိုခင်လည်း ကိုယ့်ရင်ခုန်သံကိုယ်ထိန်းချုပ်ထားရင်



www.burmeseclassic.com

www.burmeseclassic.com



မလိုတော့ဘူးဆိုတာ သဘောပေါက်လိုက်ကြသည်။ ထို့ကြောင့်

"ဘာဖြစ်လို့ အဲဒီလောက်တောင်တိုက်ဆိုင်ရတာလဲ. . . အချိန်တန်ရင်ပြောပြမယ်ဆိုပြီးပြောခဲ့တဲ့ငါ့ချစ်သူဆိုတာကလည်း လာဘ်ကောင်ပဲလေ. . . အံ့ဩစရာကြီးနော်. . . ယောကျ်ား တစ်ယောက်တည်းကိုမှ တို့သူငယ်ချင်းသုံးယောက်က ဘာလို့တစ်ပြိုင်တည်းသွားချစ်မိရတာလဲမသိဘူး"

"ဟဲ့ - ရွှေအဆင်း ယောကျ်ားတစ်ယောက်ကို တစ်ပြိုင်တည်းသွားချစ်မိတာ သုံးယောက်မဟုတ်ဘူးဟဲ့. . . လေးယောက်. . . ငါ ကျန်တယ်. . . ငါပြောတဲ့ စာနာနားလည်တတ်ပြီး နူးညံ့တိမ်းမူးဖွယ် ခံစားမှုကိုပေးတဲ့ချစ်သူက တခြားဘယ်သူ့ကိုမှပြောတာမဟုတ်ဘူး . . . လာဘ်လေးကိုပြောတာ"

"ဟယ်တော့"

လေးယောက်သား တစ်ယောက်ကိုတစ်ယောက် မယုံနိုင်သလို လက်ညှိုးထိုးရင်းကြည့်မိကြသည်။ ပြီး ဟန်မဆောင်နိုင်ဘဲ ရယ်မိကြလေသည်။ ကလေးရှက်တော့ငို၊ လူကြီးရှက်တော့ရယ်လို့ ဆိုရိုးရှိသည်မဟုတ်ပါလား။

"နင်က"

"နင်က"

"နင်က"

"နင်က"

"အဟင်း ဟင်း ဟင်း ဟင်း"

"ခစ် ခစ် ခစ် ခစ်"

(၁၈)

အခြေအနေ အချိန်အခါဆိုသည့်အရာက ပျိုပျိုခင်၊ ရှုမဝ၊ ရွှေအဆင်းနှင့် မြတ်မမဆိုသည့် အပျိုကြီးသူငယ်ချင်းလေးယောက်တို့အား လုံလောက်မှုရှိသော တည်ငြိမ်ရင့်ကျက်မှုကို ပေးစွမ်းနိုင်သည်။

သူတို့အား ကံကောင်းစေသည့်အတွက် သူမတို့ကလာဘ်ကောင်ဟု ချစ်စနိုးအမည်ပေးခဲ့သောအောင်မြင်ကျော်တစ်ယောက် သူမတို့အနားမှာမရှိတော့သော်လည်း နေတတ်ခဲ့ပါပြီ။ ကျေနပ်ခဲ့ပါပြီ။

အပွင့်လွှန်ချိန်မှာမှ အချစ်ကိုတစ်ဖန်ပြန်လည်သင်ကြားပေးပြီး အိပ်ပျော်နေသောရင်ခုန်သံကို ပုတ်နှိုးပေးခဲ့သည့်အတွက် ယခုမှုးပွင့်စပန်းတစ်ပွင့်အဖြစ်နှင့် အဲလေ - ပန်းလေးပွင့်အဖြစ်နှင့် နောက်တစ်ကြိမ်ထပ်ပြီး ပွင့်ဝေလန်းဆန်းခွင့်အလှတရားကို ဆက်လက်ပိုင်ဆိုင်နိုင်ခဲ့ရသည်။ သည့်အတွက် ချစ်ခဲ့ဖူးသောချစ်သူကို ဥပေက္ခာပြုရင်း ကျေးဇူးတင်နေမိပါလေသည်။

'ဖြောင်း'ဆိုသော လက်ဝါးချင်းရိုက်သံတစ်သံနှင့် ရယ်သံချိုချိုလွင်လွင်လေးများကို ကြားရပြီးနောက် အရာခပ်သိမ်းသောခံစားချက်တို့ကို ခဝါချလိုက်ကာ စိတ်သစ်လူသစ်ဘဝသစ်နှင့် သူငယ်ချင်းလေးယောက် သူမတို့၏အလှတရားတွေကို လူတကာမြင်သာအောင် ကြေညာရင်း ဈေးဝယ်ထွက်နေကြလေသည်။

သြ ရ သ စ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ - ဒီလက်ကိုင်အိတ်လေးဝယ်ပါလား ရွှေအဆင်းရဲ့... နင်နဲ့လိုက်တယ်"

"အေး - မိုက်တော့မိုက်တယ် ရှမဝရဲ့... အဲ - ဒါပေမဲ့ ဈေးကြီးလွန်းနေသလားလို့"

"ကဲ - ဘယ်လိုလဲဟယ်... နင်တို့ကလည်း ဝယ်မယ်ဆိုရင်လည်း ဝယ်လိုက်ကြ... မဝယ်ဘူးဆိုရင်လည်း အခြားနေရာတွေ ဆက်ပြီးသွားကြည့်အောင်... တကတည်း နင်တို့တွေလုပ်နေပုံနဲ့ ဟိုက ရောင်းပဲရောင်းရမလိုလို... မရောင်းဘဲ ထိုင်ပဲကြည့်နေရတော့မလိုလိုနဲ့"

"ကဲပါ ပွမ်ပွမ်ရယ်... စိတ်တိုမနေပါနဲ့... ဒီမိန်းမတွေအကြောင်းလည်း သိရက်သားနဲ့"

"သိပါတယ် သိပါတယ်... သိလို့လည်း... ဟင် - နေပါဦး... ဒီအသံကြားဖူးပါတယ်"

မြတ်မမ ဆက်ပြီးပွမ်မည်ပြုပြီးမှ အသံကြားရာကိုလှည့်ကြည့်မိရာ အောင်မြင်ကျော်ကို အမှတ်မထင်တွေ့လိုက်ရသဖြင့် ဆက်ပြီးမပွမ်နိုင်တော့ဘဲ ဖြစ်သွားရသည်။

အောင်မြင်ကျော်ကတော့ မြတ်မမတို့ကိုသတိမမူမိဘဲ

"သည်းလေး - သည်းလေး နေဦးလေကွာ... သူ့အတွက်ချည်းပဲရွေးနေတယ်... ကိုကို့အတွက်လည်း အင်္ကျီလေးဘာလေး ရွေးပေးပါဦး"

ဟူ၍ တစ်သည်းလေးတည်း သည်းနေလေသည်။

"အင်းပါ ကိုကိုရဲ့... ဒီမှာ သည်းလေးက အလကားသွားတာမဟုတ်ပါဘူး... ကိုကိုနဲ့လိုက်မယ့်ဘောင်းဘီတစ်ထည်တွေ့လို့ သွားကြည့်နေတာပါ"

ကိုကိုတွေ၊ သည်းလေးတွေနှင့် မိုးမမြင်လေမမြင် တစ်





လောကလုံးမှာ နှစ်ယောက်တည်းရှိနေသည့်အလားဖြစ်နေကြသော အောင်မြင်ကျော်တို့ကို မြတ်မမနည်းတူ ကျန်သုံးယောက်လည်းသတိပြုမိသွားလျှက် လှည့်ကြည့်မိကြလေသည်။

"ဟင် - ဒါ လာဘ်ကောင်မဟုတ်လား"

ဆိုပြီး မြတ်မမလက်ညှိုးညွှန်ပြရာသို့ ပြိုင်တူကြည့်မိကြသည်။ တစ်ဆက်တည်းမှာပင်

"ဟင် - ဟုတ်တယ်... လာဘ်ကောင်မှ လာဘ်ကောင် အစစ်ပဲ"

ဟု တစ်ပြိုင်တည်းအတည်ပြုချက်ပေးပြီး ကိုယ်စီရင်ခုန်သွားကြရသည်။

"ဟင် - လာဘ်ကောင်ဘေးကကောင်မလေးက ဟို.. ဟိုကောင်မလေးမဟုတ်လား"

ဆိုသော ပျို့ပျို့ခင်၏အံ့အားတသင့်ရေရွတ်သံနှင့် တစ်ဆက်တည်းမှာပင်

"ဟယ် - ဟုတ်တယ် ဟုတ်တယ်... အဲဒါ ဟိုစက်ဘီးမလေးလေ"

"နေ.. နေပါဦး... အဲဒီကောင်မလေးက လာဘ်ကောင်နဲ့ဘာကြောင့်အတူတူရှိနေရတာလဲ... အမှန်ဆိုဖြစ်သင့်တာက သူ.. သူ့ကိုလည်း မမှတ်မိဘဲနေရမှာမဟုတ်ဘူးလား"

"အေးလေ - သူရော တို့ရော လာဘ်ကောင်အတိတ်မေ့နေတဲ့ကာလ သိကျွမ်းခဲ့ကြတဲ့သူတွေချည်းပဲလေ... အဲလိုချင်းအတူတူ တို့လေးယောက်ကိုကျတော့မမှတ်မိဘဲ အဲဒီချာတိတ်မလေးကျမှ ဘာကြောင့်ထူးပြီးမှတ်မိနေရတာလဲ"

ဟူ၍ အသီးသီးနားမလည်နိုင်မှုတွေပိုသွားရသည်။ သူမတို့လေးယောက် တွေခနဲစဉ်းစားသလိုပြုကြပြီးနောက် တစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကြည့်မိကြသည်။ ပြီး

"ဒါ မရိုးသားဘူး"

ဟု သံပြိုင်မှတ်ချက်ချမိကြသည်။

ထို့နောက် တိုင်ပင်ထားစရာမလိုဘဲ ခြေလှမ်းများက အောင်မြင်ကျော်ဆီသို့ ဦးတည်မိပြီးဖြစ်နေကြသည်။

အောင်မြင်ကျော်လည်း သူ့ကောင်မလေးနှင့် ခေါင်းပုတ်ပခုံးပုတ်စကားပြောနေရင်းမှ အမှတ်မထင်လှည့်ကြည့်ရာ ပျိုပျိုခင်၊ မြတ်မမ၊ ရှုမဝ၊ ရွှေအဆင်းတို့ ဘီလူးစီးနေသည့်ခြေလှမ်းများဖြင့် လှမ်းလာနေသည်ကိုတွေ့လိုက်ရသဖြင့်

"ဟင်"

ဆိုပြီး ထိတ်လန့်တကြားဖြစ်ပြီးနောက်

"လာ လာ - သည်းလေး အမြန် အမြန်"

ဟူ၍ သည်းလေးလက်ကိုဆွဲကာ ထွက်ပြေးလေတော့သည်။

အောင်မြင်ကျော်တို့ထွက်ပြေးသဖြင့် မြတ်မမတို့လည်း နောက်မှပြေးလိုက်ကြလေသည်။ သို့သော် တစ်ခဏအတွင်းမှာပင် အောင်မြင်ကျော်တို့စုံတွဲက မြင်ကွင်းမှပျောက်ကွယ်သွားလေသည်။

နေရာမှာ ကျောက်ရုပ်တွေလို ရပ်ကျန်ရစ်ခဲ့သော အပျိုကြီးမမလေးယောက်၏မျက်နှာမှာ ရွာတော့မည့်မိုးလို မှိုင်းညို့နေဆဲဖြစ်သော်လည်း ရင်ထဲမှာတော့ တန်ဖိုးထားသောရင်ခုန်သံကို ဘဝနှင့်ချီပြီးဆုံးရှုံးရပြီဆိုသောအသိနှင့် နာကျည်းမှုကိုမျှဝေခံစားရင်း ကြေကွဲလှိုင်းတွေ ထနေရပါတော့သည်။

■ ■ ■

## (၁၉)

"တီ တီ တီ တီ"

ရွှေအဆင်းအိပ်ရာပေါ်တွင်လှဲရင်း လာဘ်ကောင်အကြောင်းစဉ်းစားကာ ဖီးလ်တွေတက်နေစဉ် အိပ်ရာဘေးမှလက်ကိုင်ဖုန်းမြည်လာသဖြင့် စိတ်မပါဘဲ ဖုန်းထူးလိုက်ရသည်။

"ဟယ်လို"

"မမ - ကျွန်တော်ပါ. . . အောင်မြင်ကျော်. . . အဲလေ - လာဘ်ကောင်ပါ"

"ဟင် - လာဘ်. . . တို့ဆီဖုန်းဆက်တယ် ဟုတ်လား. . . ဒါဆို တို့ကိုမှတ်မိတယ်ပေါ့"

"ဩော် - ကျွန်တော့်အပေါ် ပြောမပြတတ်အောင်ကောင်းခဲ့တဲ့မမကို ကျွန်တော်ကဘယ်လိုလုပ်မေ့နိုင်မှာလဲ မမရဲ့"

ထင်မှတ်မထားဘဲ အောင်မြင်ကျော်ထံမှ ဖုန်းဝင်လာသဖြင့် ရွှေအဆင်းဝမ်းသာပြီး ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်သွားရသည်။ ရင်တွေလည်း တဖျတ်ဖျတ်ခုန်လာရသည်။

"ဟွန့် - အပြောကတော့ တော်တော်ကောင်း. . . နေဦးနေဦး. . . မင်းဖုန်းဆက်တဲ့အကြောင်း ဟိုမိန်းမတွေဆီကိုသွားပြောရဦးမယ်. . . သူတို့ကိုလည်း မှတ်မိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ - မလုပ်နဲ့ မမ. . . နေ နေ. . . အခု ကျွန်တော်ဖုန်းဆက်တာက မမနဲ့ကျွန်တော်နဲ့ နှစ်ယောက်တည်း စကားပြောချင်လို့"

"ဟင် - နှစ်ယောက်တည်းစကားပြောချင်လို့ ဟုတ်လား. . . ပြောလေ. . . ပြော"

"ကျွန်တော်ပြောချင်တာက တစ်နေရာမှာ မမနဲ့နှစ်ယောက်တည်းသီးသန့်တွေ့ပြီး အေးဆေးပြောချင်တယ်လို့ပြောတာ"

"ဪ - အဲဒီလိုလား. . . အဟင်း - ပိုကောင်းတာပေါ့ . . . မမလည်း လာဘ်နဲ့နှစ်ယောက်တည်းအေးဆေးတွေ့ပြီး စကားတွေပြောချင်နေတာ. . . ပြောလေ. . . ဘယ်မှာဆုံကြမလဲ"

"အင်း - နှစ်ယောက်တည်းသီးသန့်တွေ့ပြီး စကားပြောလို့အေးဆေးရှိနိုင်မယ့်နေရာ ကန်တော်ကြီးဆိုရင် ဘယ်လိုနေမလဲ"

"ကန်တော်ကြီး ဟုတ်လား. . . အင်း - ကောင်းတာပေါ့. . . ပိုကောင်းတာပေါ့. . . ရှုခင်းတွေကလည်း သာသာယာယာ လှလှပပဆိုတော့. . . တို့လည်း စကားပြောရတာ ပိုပြီးလွတ်လပ်ပေါ့ပါးတာပေါ့ ဟုတ်ဘူးလား. . . ဒါနဲ့ တို့တွေဘယ်အချိန်ဆုံကြမလဲ"

"ညနေသုံးနာရီတိတိမှာဆုံမယ်လေ မမ"

"စိတ်ချ. . . သုံးနာရီ ဒင်ခနဲဆိုတာနဲ့ တို့လည်း တန်းခနဲဆိုပြီး ရောက်နေစေရမယ်"

အောင်မြင်ကျော်ချိန်းသဖြင့် ရွှေအဆင်း လေထဲလွင့်မတတ်မြောက်ကြွမြောက်ကြွဖြစ်နေရသည်။ ဖုန်းချပြီးသည့်တိုင် ဖုန်းထဲမှ အောင်မြင်ကျော်၏ 'နှစ်ယောက်တည်းတွေ့ပြီး စကားပြောချင်တယ်' ဆိုသောအသံကပဲ့တင်ထပ်ပြီး နောက်ဆက်တွဲအတွေးများဖြင့် ရင်ခုန်လှိုက်မောလို့မဆုံးဖြစ်နေရသည်။

ယခုမှ မွန်းတည့်ဆယ်နှစ်နာရီလောက်ပင်ရှိသေးသော်လည်း ရွှေအဆင်းငြိမ်ငြိမ်ထိုင်မနေနိုင်တော့ဘဲ အောင်မြင်ကျော်နှင့်သွားတွေ့





သည့်အခါ ဝတ်ဆင်မည့်အဝတ်အစားကို တစ်ထည်ပြီးတစ်ထည်ရွေးလို့မဆုံးနိုင်အောင်ဖြစ်နေရသည်။

ဝတ်စုံတစ်စုံဝတ်ကြည့်လိုက်၊ ပြန်ချလိုက်လုပ်နေရင်းနှင့် အချိန်ကကုန်မှန်းမသိကုန်လာရင်း နှစ်နာရီပင်ကျော်လာပြီကို သတိပြုလိုက်မိသည်။ ထိုအခါမှ ပျာပျာသလဲ ဆန်ကာတင်ရွေးချယ်ထားသည့်ဝတ်စုံတွေထဲမှ ကြည်ပြာရောင်ဝတ်စုံလေးကိုယူပြီးဝတ်ကြည့်လိုက်သည်။

ကိုယ့်ကိုယ်ကိုယ်မှန်မှာကြည့်ပြီးနောက် ကျေနပ်သွားဟန်ဖြင့် အိပ်ခန်းပြင်သို့ထွက်လိုက်သည်။

"ဟဲ့ - ရှိုးစမိုးအပြည့်နဲ့ပါလား. . . ဘယ်သွားမလို့လဲ"

"ဪ - ခုမှကိစ္စလေးတစ်ခုပေါ်လာတာ သတိရလို့. . . သွားမလို့လေ"

ကျော့ကျော့မော့မော့လေးလျှောက်လှမ်းလာသော ရွှေအဆင်းကို ရှုမဝကအံ့သြဟန်ဖြင့်စုံစမ်းသည်ကို ရွှေအဆင်းက အမှန်အတိုင်းမပြောဘဲ ကြည့်ကောင်းအောင်ဝင်ဖြေရင်း ဆက်ထွက်သွားလိုက်သည်။ ထိုသို့ထွက်သွားရင်းနှင့်မှ ခြေလှမ်းကိုတုံ့ခနဲရပ်လိုက်ရင်း နောက်ပြန်လှည့်ကြည့်သည်။

ရှုမဝသည်လည်း အမိုက်စားလေးဖြစ်အောင်ဝတ်စားထားသည်ကိုတွေ့ရသည်။ ထို့ကြောင့် မျက်မှောင်ကုတ်ရင်း

"အဲ - နေပါဦး. . . ငါ့သာပြောနေတယ်. . . နင်ကလည်း ဝတ်စားထားတာ မင်းသမီးရှုံးပါလား. . . ဘယ်သွားမလို့လဲ"

"ဪ - ဘာမှမဟုတ်ပါဘူး. . . မင်းသားလေးတစ်ယောက်က ပွဲကိုဖိတ်ထားလို့ သွားမလို့ပါ. . . ဟင် - ပျို့ပျို့ခင်. . . နင်ကရော ဘယ်သွားမလို့လဲ"

ရှုမဝ ရွှေအဆင်းကိုပြန်ပြောနေရင်းမှ သတို့သမီးလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လိုဝတ်စားပြီးထွက်လာသော ပျိုပျိုခင်ကိုတွေ့ရသဖြင့် လှမ်းစပ်စုရသေးသည်။

ပျိုပျိုခင်က အစိမ်းပွာယ်ဖော်ရခက်သောအပြုံးဖြင့်ပြုံးရင်း

"အဟင်း - ဟိုလေ. . . ကုမ္ပဏီကဒါရိုက်တာတစ်ယောက်ရဲ့မွေးနေ့ဖိတ်ထားလို့လေ. . . အဲဒါသွားမလို့. . . ဒါနဲ့ နင်တို့ကရော ဘယ်သွားကြမလို့လဲ"

"ဩော် - နင့်လိုပဲပေါ့ဟယ်. . . အရေးပေါ်ကိစ္စလေးတွေပေါ်လာလို့ပေါ့"

"အေး - ဟုတ်တယ်. . . ငါလည်းအဲဒီလိုပဲ"

ရွှေအဆင်း၊ ရှုမဝနှင့် ပျိုပျိုခင်တို့ တစ်ယောက်သွားမည့်နေရာကို တစ်ယောက်လိုက်မှာကြောက်ဟန်ဖြင့် တစ်ဦးတည်းသွားမည့်အကြောင်း အသီးသီးအသိပေးကြ၏။

"အေးလေ - ဒါဆို နင်တို့သွားစရာရှိတာ သွားကြ. . . ငါလည်း သွားစရာရှိတာသွားလိုက်ဦးမယ်. . . ညကျမှပြန်ဆုံကြတာပေါ့"

ထိုသို့ပြောဆိုရင်း အိမ်ရှေ့သို့ရောက်သည့်အခါမှာတော့ ကားမောင်းထွက်ရန်အသင့်ဖြစ်နေပြီးဖြစ်သည့် မြတ်မမကိုတွေ့ရသဖြင့် အံ့ဩသွားကြရပြန်သည်။

"ဟင် - မြတ်. . . နင်က ဘယ်သွားမလို့လဲ"

"ငါ. . ငါ. . လာဘ်. . . အဲလေ - လက်ဖက်ရည်ဆိုင်သွားမလို့"

"ဘုရားရေ. . နင်က ဘယ်တုန်းကလက်ဖက်ရည်ဆိုင် ထိုင်ဖူးလို့လဲ. . . ပြီးတော့ ကြည့်ပါဦး. . . လက်ဖက်ရည်ဆိုင်သွားထိုင်မယ့်သူကလည်း ဝတ်စားထားတာ ရှိုးလျှောက်မယ့်မော်ဒယ်လားမှတ်တယ်"





မြတ်မမ၏အမြီးအမောက်မတည့်သောစကားများကြောင့် ကျန်သူငယ်ချင်းများအားလုံး သံသယဖြစ်သွားကြရသည်။ ထိုအခါမှ မြတ်မမလည်း ကြိုးစားအိန္ဒြေပြန်ဆည်ရင်း

"ဩော် - လက်ဖက်ရည်ဆိုင်ဆိုတာက ငါ့အင်တာနက်ဆိုင်နားမှာလာဖွင့်တဲ့ လက်ဖက်ရည်ဆိုင်သစ်ဖွင့်ပွဲဖိတ်ထားလို့ အဲဒီကိုသွားမယ်လို့ပြောတာ. . . ဒါနဲ့ နင်တို့ကရောဘယ်သွားမလို့လဲ"

"ငါက ကုမ္ပဏီဒါရိုက်တာရဲ့မွေးနေ့ပွဲသွားမလို့"

"ငါက မင်းသားလေးတစ်ယောက်နဲ့တွေ့ဖို့သွားမလို့"

"ငါက ကိစ္စလေးတစ်ခုရှိလို့ပါ"

"ဟုတ်လား. . . ဒါဆိုလည်း ကားငှားလို့ရတဲ့နေရာထိလိုက်ခဲ့လေဟယ်. . . ငါပို့ပေးမယ်. . . ဒီကားကတော့ ငါပဲယူသွားလိုက်တော့မယ်"

"နေ နေ. . ရတယ်. . . ငါ တက္ကစီလှမ်းမှာထားပြီးပြီ"

"ဟုတ်တယ် ငါရောပဲ"

"အဟင်း - ငါရောပဲ"

"ကောင်းပြီ. . . ဒါဆို ငါသွားနှင့်ပြီ. . . တာ့တာ"

မည်သူမှကားနှင့်မလိုက်ဘဲ ကိုယ့်အစီအစဉ်နှင့်ကိုယ်သွားကြမည်ဆိုသဖြင့် မြတ်မမဝမ်းသာသွားလျှက် ကားကိုတက်ကြွသွက်လက်စွာမောင်းထွက်သွားတော့သည်။

ကျန်သုံးယောက်လည်း တစ်ယောက်ကိုတစ်ယောက်အကြောင်းမရှိပါဘဲ အသားလွတ်ပြုံးပြမိကြပြီး ရောက်လာသောတက္ကစီများပေါ်သို့ အသီးသီးတက်ကြကာ အားရဝမ်းသာသောမျက်နှာဖြင့် ထွက်ခွာသွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

"မမ"

မြတ်မမ အောင်မြင်ကျော်နှင့်ချိန်းထားသောနေရာတွင်ရပ်ပြီး အောင်မြင်ကျော်အလာကိုစောင့်နေစဉ် နောက်ကျောဆီမှထွက်ပေါ်လာသောအသံကြောင့် ရင်ဖျတ်ခနဲခုန်သွားပြီးလှည့်ကြည့်မိသည်။

ထင်ထားသည့်အတိုင်း အောင်မြင်ကျော်ကိုတန်းတန်းမတ်မတ်တွေ့ရသည်။

"မမ - စောင့်ရတာကြာတယ်ဆိုပြီး စိတ်ဆိုးနေပြီလား. . . စိတ်မဆိုးနဲ့နော်. . . မမနဲ့ချိန်းထားတဲ့အချိန် သုံးနာရီနှစ်ဆယ်တိတိမှာရောက်လာတာ. . . နာရီလည်းကြည့်ကြည့်လိုက်ဦး"

"မင်းကတော့လေ တွေ့လိုက်တာနဲ့ အရင်ကအတိုင်းပဲ. . . ဘာမှမပြောင်းလဲဘူး"

"ဒါဆို အရင်ကလိုပဲ ချစ်စရာကောင်းတယ်ပေါ့"

"ဆိုပါတော့. . . ခစ် ခစ်"

မြတ်မမ အောင်မြင်ကျော်၏စကားကိုသဘောကျပြီး ချိုချိုလွင်လွင်ရယ်မောနေစဉ်မှာပင် အောင်မြင်ကျော်က အနားမှာလာထိုင်သည်။

မြတ်မမ အောင်မြင်ကျော်ထံမှ မျှော်လင့်ထားသောစကား





ကြားရတော့မည်အထင်နှင့် ရင်တွေတဒိတ်ဒိတ်ခုန်လာရသည်။

အောင်မြင်ကျော်က မြတ်မမကိုတစ်ချက်ကြည့်ပြီးနောက်

"ကျွန်တော် ဒီနေ့ မမနဲ့နှစ်ယောက်တည်းတွေ့ဖို့ချိန်းရတယ်ဆိုတာက တောင်းပန်ကျေးဇူးတင်အသိပေးစကားပြောချင်လို့ပါ"

"ဟင် - မင်းစကားကလဲ ဘယ်လိုကြီးလဲ. . . တောင်းပန်ကျေးဇူးတင်အသိပေးစကားလို့ပဲဖြစ်ရသေးတယ်လို့"

"ဟုတ်တယ် မမရဲ့. . . ပထမဦးဆုံး တောင်းပန်စကားပြောပါရစေ. . . အဲဒါဘာလဲဆိုတော့ ကျွန်တော် မမတို့ကားနဲ့အတိုက်ခံရပြီး အတိတ်မေ့သွားတယ်ဆိုတာ တကယ်မဟုတ်ပါဘူး"

"ဟင် - ဘယ်လို"

"ဟုတ်ပါတယ်. . . တကယ်တော့ ကျွန်တော်ကားနဲ့လည်း မတိုက်မိပါဘူး. . . အတိတ်လည်းမမေ့သွားပါဘူး. . . ကားနဲ့တိုက်မိချင်ယောင်ဆောင်ပြီး အတိတ်ပါမေ့ချင်ယောင်ဆောင်ခဲ့လိုက်တာပါ"

"ဘာဖြစ်လို့ မင်းကခုလိုလုပ်ရတာလဲ"

"ဒီလိုပါ. . . ကျွန်တော့်ကို အဖေကအိမ်ပေါ်ကနှင်ချလိုက်လို့ ကျွန်တော်ဘယ်သွားလို့ဘယ်လာရမှန်းမသိဘဲ ညစ်ပြီး ခြေဦးတည့်ရာလျှောက်သွားနေတုန်း မမတို့ကားနဲ့တိုက်မိမလိုဖြစ်သွားခဲ့တာပါ. . . ဒါကိုပဲ ကျွန်တော်က ကားနဲ့တကယ်တိုက်မိတဲ့ပုံမျိုး အကယ်ဒမီရှော့ခ်လုပ်ခဲ့တာပါ. . . ဘာကြောင့်အဲဒီလိုလုပ်ရတာလဲဆိုတော့ ပွင့်ပွင့်လင်းလင်းဝန်ခံရရင် လတ်တလော ကျွန်တော့်နေရေးထိုင်ရေးအဆင်ပြေဖို့ ကျွန်တော်မလုပ်ချင်ဘဲလုပ်ခဲ့ရတာပါ. . . ဒီအတွက်ကျွန်တော့်ကိုခွင့်လွှတ်ပေးပါလို့ အနူးအညွတ်တောင်းပန်ပါရစေ"

"ရပါတယ်ကွာ. . . အထူးတလည်တောင်းပန်နေစရာမလိုပါဘူး. . . တို့က မင်းကိုအမြဲတမ်းခွင့်လွှတ်ပြီးသားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက်လည်း ကျွန်တော်ကကျေးဇူးတင်မဆုံးဖြစ်နေရတာပါ. . . မမတို့အိမ်မှာနေတုန်းအခိုက်မှာ ကျွန်တော့်ကိုလိုလေသေးမရှိစောင့်ရှောက်ပြီး အကြင်နာကရုဏာထားတဲ့ မမရဲ့ကျေးဇူးကို ကျွန်တော်ဘယ်လိုမှမမေ့ဖျောက်ပစ်လို့မရပါဘူး. . . ဒီကျေးဇူးကို ဘယ်လိုနည်းနဲ့ပဲဆပ်ရဆပ်ရ ကျွန်တော်ဆပ်ပါ့မယ်"

"ဟုတ်ပါပြီ. . . ဒါဆိုရင် မင်းပြောချင်တဲ့အသိပေးစကားဆိုတာကရော"

"ကျွန်တော့်ဘဝမှာ ကျွန်တော်အချစ်ဆုံးချစ်သူက ဘယ်သူဆိုတာကို အသိပေးချင်တာပါ"

"အို"

အောင်မြင်ကျော်၏ဘဝမှာ အချစ်ဆုံးချစ်သူဘယ်သူဆိုတာ အသိပေးမည်ဆိုသည့်စကားကြောင့် မြတ်မမ ကိုယ့်ရင်ခုန်သံကိုထိန်းမရအောင် စိတ်လှုပ်ရှားသွားရသည်။ ပြီးတော့ ဘာကြောင့်ရယ်မသိ ရှက်ပြုံးလေးပြုံးမိနေလေသည်။

အောင်မြင်ကျော်လည်း မြတ်မမကိုပြုံးကြည့်ပြီး လက်ထဲမှ စာအိတ်ကိုကမ်းပေးလေသည်။

"ဒီထဲမှာ ကျွန်တော့်အချစ်ဆုံးသူကို ကျွန်တော်အတိအလင်းကြေညာထားပါတယ်"

မြတ်မမ အောင်မြင်ကျော်ထံမှစာအိတ်ကို တုန်တုန်ယင်ယင်ဖြင့်လှမ်းယူပြီး ဖွင့်ဖတ်ဖို့ပြင်လိုက်မိသည်။

အောင်မြင်ကျော်က မြတ်မမ၏လက်ကို အသာအယာလှမ်းကိုင်လိုက်သဖြင့် မြတ်မမဓာတ်လိုက်သွားရသည်။ အောင်မြင်ကျော်က

"အခုဖွင့်မကြည့်ပါနဲ့ဦး. . . အိမ်ပြန်ရောက်လို့ မမတို့လေးယောက်လုံးဆုံတဲ့အခါမှဖွင့်ကြည့်ပါ. . . ဒီကိစ္စကို အားလုံး တစ်ချိန်တည်းတစ်ပြိုင်တည်းသိသင့်တယ်လို့ ကျွန်တော်ထင်မိလို့ပါ"





"အေး. . အေးပါ"

မြတ်မမစိတ်လှုပ်ရှားသဖြင့် အသံကိုတည်တည်ငြိမ်ငြိမ်ပြောနိုင်အောင် မနည်းကြိုးစားနေရသည်။ ပြီးတော့ အဖြေကိုသိလိုလှပြီဖြစ်သဖြင့်

"ဒါ. . ဒါဆို မမကိုခွင့်ပြုဦး. . . မမသွားတော့မယ်နော်"

"ဟုတ်ကဲ့. . . တာ့တာ"

မြတ်မမ စကားဆုံးသည်နှင့် ကားပေါ်တက်ပြီး ကားကိုကျင်လည်လျှင်မြန်စွာ မောင်းထွက်သွားလေတော့သည်။

အောင်မြင်ကျော်လည်း မြတ်မမထွက်ခွာသွားသည်နှင့်

"အင်း - မချစ်တီးနဲ့ မပွမ်ပွမ်တို့နှစ်ယောက်နဲ့တော့ တွေ့ပြီးသွားပြီ. . . ကျန်တဲ့ မဗူဗူဇီလာနဲ့ မမေ့မဝနှစ်ယောက်နဲ့တွေ့ဖို့ ပြေးလိုက်ဦးမှပဲ"

ဟူ၍ တစ်ယောက်တည်းပြောပြီးနောက် အနောက်မှလူလိုက်သလို အလျှင်အမြန်ပြေးထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

"ဟင် - နင့်လက်ထဲကစာအိတ်က"

"လာဘ်ကောင်ပေးလိုက်တာလေ. . . ဒါနဲ့ နင့်လက်ထဲက စာအိတ်ကရော"

"လာဘ်လာဘ်ပေးလိုက်တာ"

"ဟင် - ဒါဆို ဒီနေ့နင်တို့တွေ့ခဲ့တာလည်း လာဘ်ကောင် နဲ့တွေ့ခဲ့တာပဲပေါ့"

"အင်း"

ပျိုပျိုခင် လက်ထဲမှစာအိတ်ကိုကြည့်လိုက်၊ ကျန်သုံးယောက် လက်ထဲမှစာအိတ်ကိုကြည့်လိုက်လုပ်ရင်း အံ့သြနေဟန်တူသည်။ ပြီးမှ တစ်စုံတစ်ခုစဉ်းစားမိဟန်ဖြင့်

"ဒါဆို လာဘ်က ငါတို့လေးယောက်စလုံးကို ကန်တော်ကြီးမှာ အချိန်နည်းနည်းစီခြားပြီး ချိန်းတွေ့သွားတာပေါ့"

ဟုပြောရာ ရှုမဝကခေါင်းညိတ်ပြသည်။ ထို့နောက်

"ဒီပုံအတိုင်းဆို သေချာတာပေါ့. . . နောက်ပြီး နင်တို့ကိုလည်း ငါ့ကိုပြောသလို တောင်းပန်ကျေးဇူးတင်အသိပေးစကားပြောလိုက်တယ်မဟုတ်လား"

ဟူ၍ တွေ့ကဆမိသည်ကိုဆက်ပြောရာ ရွှေအဆင်းလည်း





လှုပ်လှုပ်ရှားရှားဖြစ်သွားလျက်

"အေး - ဟုတ်တယ်. . . သူ့ရဲ့တောင်းပန်ကျေးဇူးတင်စကားကတော့ တို့သိပြီးသွားပြီ. . . အခု သူအချစ်ရဆုံးမိန်းကလေး ဘယ်သူဆိုတာ တစ်ချိန်တည်းတစ်ပြိုင်တည်းသိရဖို့အတွက် တို့လေးယောက် စာအိတ်ကိုပြိုင်တူဖွင့်ကြည့်လိုက်ကြရအောင်"

"အိုကေ - ကောင်းတယ်. . . စပြီ ဝမ်း တူး သရီး"

လေးယောက်သား လက်ထဲမှစာအိတ်ကိုဖွင့်ပြီး စာအိတ်ထဲမှ ကတ်ထူခေါက်စာရွက်လေးကိုဆွဲထုတ်ပြီး အလျင်အမြန်ဖွင့်ဖတ်မိကြသည်။

"ဟင်"

"အို"

"ဟာ"

တွေ့လိုက်ရသည်က အောင်မြင်ကျော်နှင့်သည်းနု့ရွယ်တို့၏ မင်္ဂလာဆောင်ဖိတ်ကြားလွှာဖြစ်နေသည်ကို တွေ့ရလေသည်။ လေးယောက်စလုံး မျက်နှာတွေသွေးစုတ်ဖြူလျော်သွားလျက် မတ်တတ်သေနေသည့်သစ်ပင်တွေအလား ထင်မှတ်ရလေသည်။

အတန်ငယ်ကြာမှ

"တောက် - တို့ကို နောက်ဆုံးအချိန်ထိလှည့်စားသွားပြန်ပြီ"

ဆိုသော မြတ်မမ၏ကြေကွဲနာကျည်းသံထွက်ပေါ်လာသည်။ မရှေးမနှောင်းပင် ပျိုပျိုခင်ကလည်း

"ဟုတ်တယ်. . . ဒင်းကို ဘယ်လိုမှခွင့်လွှတ်ဖို့မထိုက်ဘူး"

ဟု ရင်နာသံကြီးဖြင့်ပြောသလို ရွှေအဆင်းကလည်း

"အေးလေ. . . ငါတို့ကို ဘယ်ဘ၀ရန်ငြိုးနဲ့များ ဒီလောက် ရက်စက်ချင်နေရတာလဲမသိဘူး"

ဟူ၍ မကျေမနပ်ဝင်ပြောသည်။ ရှုမဝကလည်း အံကိုတင်း



www.burmeseclassic.com

www.burmeseclassic.com



တင်းကြိတ်ပြီး

"အေးပေါ့. . . သူတောင်ရက်စက်နိုင်မှတော့ တို့ကလည်း ဘာကြောင့်ပြန်ပြီးမရက်စက်နိုင်ရမှာလဲ"

ဟု သည်းခံနိုင်မှုအတိုင်းအတာကုန်ဆုံးသွားကြောင်း ကြေညာ၏။ ထို့နောက် တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး

"စိတ်ချ"

"သူတို့နှစ်ယောက်"

"ဘယ်တော့မှ"

"လက်မထပ်ဖြစ်စေရဘူး"

ဟူ၍ ဝါကျတစ်ကြောင်းတည်းကို လေးယောက်ခွဲပြောပြီးနောက်

"ဘယ်သူကကျား၊ ဘယ်သူကနွားလဲဆိုတာ တွေ့ကြသေးတာပေါ့ လာဘ်ကောင်ရယ်"

ဟုအမိပ္ပာယ်ရသော စိန်ခေါ်ပြုံးကိုပြုံးမိကြလေသည်။

## နိဂုံး

ပျိုပျိုခင်၊ မြတ်မမ၊ ရွှေအဆင်းနှင့် ရှုမဝတို့လေးယောက်သားအောင်မြင်ကျော်နှင့်သည်းနုရွှယ်တို့၏ ထိမ်းမြားလက်ထပ်မင်္ဂလာပွဲကျင်းပရာ မင်္ဂလာခန်းမဆီသို့ ရင်ဘောင်တန်းလျှောက်လာကြသည်။

မင်္ဂလာခန်းမအနီးသို့ရောက်တော့ ဧည့်ပရိသတ်အတော်လေးစုံညီနေပြီကိုတွေ့ရသည်။

သူတို့အကြံနှင့်သူတို့လာကြသည်ဖြစ်သော ပျိုပျိုခင်တို့လည်းသတို့သမီးသည်းနုရွှယ်၏အခန်းကို ဘယ်မှာရှိသည်ကိုစုံစမ်းရန်ပြုဆဲမှာပင်

"ဟယ် - မမတို့ တကယ်ပဲရောက်လာကြတယ်. . . ကြည့်ပါဦး - ဝမ်းသာစရာကြီး. . . မမတို့လာတာ ကိုကိုသာသိရင် အရမ်းကိုပျော်သွားမှာ သိလား"

ဆိုသောအသံနှင့်အတူ သတို့သမီးအခန်းမှထွက်လာသောစက်ဘီးမကိုတွေ့လိုက်ရသည်။

ပျိုပျိုခင်တို့လည်း ရေကန်အသင့် ကြာအသင့်ဖြစ်သွားရသည်။ ပျိုပျိုခင် ခပ်ထေ့ထေ့ပြုံးရင်း

"လာရမှာပေါ့. . . ဒီပွဲကို တို့တတွေမလာလို့ ဘယ်ဖြစ်ပါ့မလဲ"

ဩ ရ သ္မ စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု အဓိပ္ပာယ်ပါပါဆိုသလို မြတ်မမကလည်း

"သြော် - ဒါနဲ့. . . ညီမလေးကို မမပြောစရာရှိလို့ ဒီဘက်ကိုခဏလောက်"

ဟူ၍ အရေးကြီးဟန်ဖြင့်ဆိုရင်း တစ်ဖက်သို့လက်ဆွဲခေါ်သွားလေသည်။ ကျန်သုံးယောက်က နောက်မှရုံးပြီးလိုက်သွားကြသည်။

တစ်နေရာအရောက်မှာတော့ သည်းလေးအား အခန်းတစ်ခန်းထဲသို့ဆွဲသွင်းလိုက်ပြီး အခန်းတံခါးကိုပိတ်ကာ ရှေ့မှတန်းစီပိတ်ဆို့ရပ်ထားလိုက်ကြသည်။

"ဟင် - မမတို့ ဒါ. . ဒါဘာလုပ်တာလဲ"

"ဘာလုပ်ရမှာလဲ. . . ငါတို့လေးယောက်ကိုလှည့်စားပြီး ငါတို့ရင်ခုန်သံကိုညာယူသွားတဲ့ လာဘ်ကောင်ဆိုတဲ့လူလိမ်တစ်ယောက်ရဲ့ မင်္ဂလာပွဲကို လာဖျက်တာ. . . ငါတို့အရှက်ရသလို ဒင်းလည်းအရှက်ရစေရမယ် သိလား"

"အဲဒီလိုတော့မလုပ်ကြပါနဲ့ မမတို့ရယ်. . . ကျွန်မကို လွှတ်ပေးပါ. . . တံခါးကိုဖွင့်ပေးပါနော် နော်. . . သည်းလေး ဒီမင်္ဂလာပွဲကို အရောက်သွားမှဖြစ်မှာမို့ပါ"

"ဟုတ်လား. . . ရယ်ရတယ်. . . အဟင်း ဟင်း ဟင်း"

"အဟင်း ဟင်း ဟင်း ဟင်း"

ပျိုပျိုခင်၊ မြတ်မမ၊ ရှုမဝနှင့် ရွှေအဆင်းဆိုသော မိန်းမချောလေးယောက်ကို သူတို့၏နာကျည်းမုန်းတီးမှုများက မိန်းမကြမ်းလေးယောက်အဖြစ် ဖန်တီးလိုက်လေပြီဖြစ်သည်။

"မင်္ဂလာ xxxx "

"ဟင် - ဟိုမှာ မင်္ဂလာခန်းမထဲမှာ မင်္ဂလာအခါတော်ပေးသီချင်းဆိုနေပြီ. . . သွားမှဖြစ်တော့မယ်. . . မသွားလို့မဖြစ်ဘူး. . . တောင်းပန်ပါတယ် မမတို့ရယ်. . . ဒီလိုတော့ မရက်စက်ကြပါနဲ့. . .





အဟင့် ဟင့် ဟင့်"

"အေးပါလေ. . . ဒါဆိုရင် တို့ကလည်း မင်းကိုပြန်ပြီးတောင်းပန်ပါတယ်. . . တို့ခံစားခဲ့ရတာတွေအတွက် ဒီလာဘ်ကောင်ဆိုတဲ့ အောင်မြင်ကျော်ဘက်က ထိုက်တန်တဲ့အလျော်ပြန်ပေးမှ တို့တွေကျေနပ်နိုင်မှာမို့ပါ. . . ကျေးဇူးပြုပြီး မင်း ဒီနေရာမှာပဲ ခဏလောက်ငြိမ်ငြိမ်နေပေးပါ. . . နောက်နာရီဝက်လောက်မှ အဲဒီမင်္ဂလာခန်းမကို မင်းမရောက်ဘူးဆိုရင် မင်္ဂလာပွဲက အလိုလိုပျက်ပြီးသားလေကွာ. . . ဟင်း ဟင်း"

"အို - ဘာလို့ မင်္ဂလာပွဲကပျက်ရမှာလဲ. . . မပျက်ဘူး. . . လုံးဝမပျက်ဘူး"

"မင်းကို မိန်းမသားချင်းကိုယ်ချင်းစာပါတယ် သည်းနုရွှယ် . . . ဒါပေမဲ့ တို့ဘက်က နဂါးမုန်းသိအောင် ဒီလောက်တော့အမောက်ထောင်ပြရပါလိမ့်မယ်"

"မဟုတ်ဘူး. . . မှားနေပြီ. . . ရှင်တို့တွေမှားနေပြီ"

"တကယ်တမ်းမှားနေတာက ယောကျ်ားဖြစ်ရက်နဲ့ မာယာများတဲ့ လူလိမ်လူညာတစ်ယောက်ရဲ့အချစ်ကိုယုံကြည်ပြီး လက်ထပ်ဖို့အထိစဉ်းစားဝံ့တဲ့မင်းပါ သည်းနုရွှယ်"

"သြော် - ဒုက္ခပါပဲ. . . ကျွန်မ ဘယ်လိုရှင်းပြရမှာလဲ. . . ကျွန်မက ရှင်တို့ပြောနေတဲ့ သည်းနုရွှယ်မှမဟုတ်တာ. . . ကိုကိုနဲ့လက်ထပ်တဲ့ သည်းနုရွှယ်ရဲ့ညီမ သည်းနုငယ်ရှင့်. . . သူတို့နှစ်ယောက် အဆင်မပြေတဲ့အချိန်မှာ ကျွန်မက သူတို့နှစ်ယောက်ပြန်အဆင်ပြေဖို့ ကြားဝင်ဆောင်ရွက်ပေးနေရတာပဲရှိတာပါ. . . အဟင့် ဟင့်"

"တကယ်"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မင်း တကယ်. . တကယ်ပြောနေတာလား"

"တကယ်ပြောနေတာပါရှင်. . . မမဟာ နာမည်နဲ့လိုက်အောင် လူကလည်းနုနယ်သလို အသည်းနုနု စိတ်နုနုနဲ့ ခံစားချက်ကလည်းနုပါတယ်. . . ကိုကိုကလည်း ငယ်ချစ်မို့ စွဲစွဲလန်းလန်းနဲ့ တုန်နေအောင်ချစ်ပါတယ်. . . အချစ်ကြီးလို့ အမျက်ကြီးဆိုသလို ဒီကြားထဲမှာ မမက ကိုကို့ကိုတစ်ဖက်သတ်အထင်လွဲပြီး စိတ်ကောက်နေလို့ ကိုကို့ခမျာ တော်တော်စိတ်ဆင်းရဲခဲ့ရရှာတာ. . . မမရဲ့နားလည်ခွင့်လွှတ်မှုကိုပြန်ရဖို့ ကိုကို့ဘက်ကအသည်းအသန်ကြိုးစားခဲ့ရသလို သည်းလေးလည်း ကိုကိုအသည်းကွဲနေတာကိုမကြည့်ရက်လို့ သူတို့နှစ်ယောက်ပြန်အဆင်ပြေဖို့ ဝင်တွန်းပေးပြီး မြားနတ်မောင်ဝင်လုပ်ပေးခဲ့တာပါ. . . ကိုကိုနဲ့သည်းလေးနဲ့ အဲဒီအကန့်ထက်ပိုပြီး ဘာမှမပတ်သက်ဘူးဆိုတာ ယုံပါ"

ထင်မှတ်မထားသောစကားကြောင့် လေးယောက်သား အံ့ဩတကြီးဖြစ်သွားရသည်။ ရွှေအဆင်းက မယုံနိုင်သေးဘဲ

"မင်း. . မင်း မင်္ဂလာပွဲပျက်တာနဲ့ပါ သွေးရူးသွေးတမ်းတွေ လျှောက်မပြောနဲ့နော်"

"သြော် - ဘာလို့ သွေးရူးသွေးတန်းတွေပြောရမှာလဲ. . . ကျွန်မက ကျွန်မအစ်မရဲ့မင်္ဂလာပွဲမှာ သတို့သမီးအရံလုပ်မယ်ဆိုပြီး အမြဲအိပ်မက်မက်ခဲ့တာ. . . အခု ရှင်တို့ကြောင့် ကျွန်မအိပ်မက်လေး ပျက်ပြီထင်ပါတယ်. . . အဟင့် ဟင့် ဟင့်"

"မင်္ဂလာအချိန်အခါကျရောက်ပြီဖြစ်တာမို့ မင်္ဂလာစင်မြင့်ထက်သို့ မင်္ဂလာမောင်မယ်နှစ်ဦး လျှောက်လှမ်းလို့လာပြီဖြစ်ပါတယ် . . . ရွှေပွဲလာဧည့်ပရိသတ်အပေါင်းက လက်ခုပ်တီးပြီး မင်္ဂလာကောင်းချီးပေးကြပါရန် ဂါရဝတရားရှေ့ထားလို့ ပန်ကြားအပ်ပါတယ်





ခင်ဗျာ"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

"ဟင် - ကြား. . ကြားလား. . . မင်္ဂလာသတို့သား၊ သတို့သမီး မင်္ဂလာစင်မြင့်ထက်ကိုလာနေကြလို့ လက်ခုပ်တီးကြပါတဲ့"

"အေး - ကြားတယ်. . . လက်ခုပ်တွေလည်း တီးကုန်ကြပြီ"

"ဒါ. . ဒါဆို သူပြောတာမှန်နေပြီလားမသိဘူး"

ပျိုပျိုခင်၊ မြတ်မမ၊ ရွှေအဆင်းနှင့် ရှုမဝတို့ ဆောက်တည်မရဖြစ်ကုန်ကြသည်။ ထို့ကြောင့် တံခါးကို အလျင်အမြန်ဆွဲဖွင့်ပြီး အပြေးအလွှားသွားကြည့်ရာ သည်းနုငယ်၏စကားတွေမှန်နေကြောင်း တွေ့ရသည်။

သည်ပွဲမှာသတို့သမီးအရံလုပ်ချင်စိတ် ထက်သန်လွန်းသော သည်းနုငယ်သည်လည်း အခြေအနေပေးသည်နှင့် အချိန်မဆိုင်းဘဲ မင်္ဂလာခန်းမအပေါက်ဝမှာ ကြောင်တောင်တောင်ရပ်ကြည့်နေသော သတို့သားအရံကိုလက်ဆွဲကာ အောင်မြင်ကျော်တို့ထံပြေးလေသည်။

အောင်မြင်ကျော်တို့ မင်္ဂလာစုံတွဲဆီရောက်သည်နှင့် ဘာပြောလိုက်သည်မသိ၊ အောင်မြင်ကျော်လည်း မင်္ဂလာစင်မြင့်ပေါ်တက်ရာလှေခါးအလယ်တွင် တုံ့ခနဲရပ်လိုက်လေသည်။

ပြီး နောက်လှည့်ကြည့်ကာ သူ့ကိုခွင့်လွှတ်ပြီး သူ့မင်္ဂလာပွဲကို တက်ရောက်အားပေးချီးမြှောက်သည့်အထင်နှင့် ပျိုပျိုခင်၊ မြတ်မမ၊ ရှုမဝနှင့် ရွှေအဆင်းတို့အား ဝမ်းသာအားရလက်ပြနှုတ်ဆက်လေသည်။

အောင်မြင်ကျော်နည်းတူ နောက်လှည့်ကြည့်ပြီး လက်ပြနှုတ်ဆက်လေသူ သတို့သမီးကိုကြည့်ပြီး ပျိုပျိုခင်တို့လေးယောက်စလုံး မယုံနိုင်အောင် အံ့ဩသွားကြရသည်။

အဘယ်ကြောင့်ဆိုသော် နာမည်နှင့်လိုက်အောင် လှ



www.burmeseclassic.com

www.burmeseclassic.com



လည်းနုနယ်သလို စိတ်ကလည်းနုနယ်ပါသည်ဆိုသော အောင်မြင်ကျော်တုန်နေအောင်ချစ်ရသည့် ငယ်ချစ်နုနုနယ်နယ်လေးဆိုသည့်သတို့သမီးကား. . . ပေါင်(၂၀၀)မကသော တကယ့်ဖက်တီးဝတုတ်မကြီးဖြစ်နေသည်ကို တွေ့ရလေသည်။

"ဟင် - ဒါ. . ဒါကြီးကစိတ်နုတယ် ဟတ်လား"

"ဟင် - ဒီ. . ဒီပုံကြီးနဲ့ ခံစားချက်နုတယ် ဟွတ်လား"

"အို - ဒီပုတ်လောက်ဟာကြီးကိုပဲ စွဲလန်းပြီး အသည်းကွဲရတဲ့သူက ရှိသေးတယ်တဲ့လား"

"အမလေး လေး. . . ကြည့်ပါဦး. . . ရုပ်ကြမ်းကြီးနဲ့ နွဲ့ပြနေလိုက်တာ. . . လာဘ်လေး သနားပါတယ်. . . မတန်မရာဟယ်"

"နေ့ပါစေ. . . သူ့ထိုက်နဲ့သူ့ကံ. . . ကောင်းစေချင်လို့ နတ်ပြည်ကိုဆွဲတင်တာ. . . မြင့်တယ်ဆိုပြီး ငရဲပြည်ခုန်ချတဲ့ကောင်. . . ဘာမှသံယောဇဉ်ထားမနေနဲ့"

"အေး - ဟုတ်တယ်. . . ဒါပေမဲ့ စိတ်တော့မကောင်းတာအမှန်ပဲဟ"

"ဒါပေမဲ့ အခုမှတော့ဘာတတ်နိုင်တော့မှာလဲဟယ်. . . သူ့ကံ တို့ကံပါပဲ"

ပျိုပျိုခင်၊ မြတ်မမ၊ ရွှေအဆင်းနှင့် ရှုမဝတို့ ကိုယ့်မျက်စိကိုယ်မယုံနိုင်ဘဲ အံ့ဩတကြီးရေရွတ်ပြောဆိုနေကြစဉ်မှာ မင်္ဂလာသတို့သမီးပုတ်လောက်ကြီးတဲ့ မဖက်တီးကတော့ သူ့ချိုးမွှမ်းခန်း ဘာတွေဖွင့်နေသည်ကိုမသိနိုင်ရှာဘဲ အောင်မြင်ကျော်နှင့်အတူ သူမတို့လေးယောက်အားရပါးရလက်ဝှေ့ယမ်းနှုတ်ဆက်ရင်း ပါးစုန့်ကြီးနှစ်ဖက် ပန်းသီးအရွယ်လောက်လုံးတက်လာသည်အထိ အစွမ်းကုန်ပြုံးပြနေလေသည်။

ဧည့်ပရိသတ်အပေါင်းကလည်း သူမတို့ကို မင်္ဂလာမောင်မယ်

ဩ ရ သ စာ ပေ



၏ အထူးဧည့်သည်တော်များအဖြစ်မှတ်ယူပြီး ပြုံးကြည့်နေကြသည်။ ထို့ကြောင့် ပျိုပျိုခင်၊ မြတ်မမ၊ ရှုမဝနှင့် ရွှေအဆင်းဆိုသည့် အသည်းကွဲအပျိုကြီးမမလေးယောက်သည်လည်း မချိုပြုံးလေးကိုယ်စီပြုံးရင်း ပြန်လည်လက်ပြနှုတ်ဆက်ကြရပေတော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com